www.burmeseclassic.com

# သုန္ဒရီသက်ဝေ

## ညောင်ပင်တရွှေ ဘယ်ကိုင်းမှာနေ



BURMESE CLASSIC .com

ဝန်းချိုမေမောင်မြင့်မေ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေ

စာပေ

$B_4$ 301 TOSTA အိမ်ရာ
၆၅ ရပ်ကွက်၊ တောင်ဒဂုံ။
ဖုန်း - ၁၀-၇၀၆၀၅၅

BURMESE CLASSIC .com

စိတ်မှာ အသိတရားဝင်လာသည့်အချိန် ခိုင့် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေပါရော။ မက်ပြန်ပါပြီ သည်အိပ်မက်···။ သည်အိပ်မက်ကို မှတ်မှတ်ရရ တက္ကသိုလ်တက်နေတုန်းက တစ်ခါမက်ဖူးသည်။ ဟိုတစ်လောကလည်း တစ်ခါမက်ပြန်သလို ခုတစ်ခါ···။

ခချိန်ထိ အတွေးတွေ နောက်ကျိပြီး ရေတစ်ခွက် ထသောက်ရပြန်ပါရော။ ခါတော့် အမောမပြေချင်။ စိတ်ကြည်လင်လေမလား ပြတင်းတံခါးကို တွန်းဖွင့်လိုက်ပါပြီ။

အပြင်မှာ အလင်းရောင် အတော်များများ ရှိလာပါလား။ လပြည့်ဖို့ ရက်အနည်းငယ်သာ လိုသည်ကိုး···။ လေပြင်းပြင်းတစ်ချက် တိုက်လိုက်တဲ့အခါ···။ အရေခွံလှမ်းလှမ်း သရက်ပင်မှ အရွက်တွေ အသံမြည်ရင်း လှုပ်ခါသွားတယ်။

ဟုတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ မြင်ရူးတာကတော့ ညောင်ပင်မှ ညောင်ပင်။ ညောင်ရွက်တွေလို့ မှတ်မိနေပါတယ်။ သေးငယ်တဲ့ ညောင်ကိုင်းတစ်ကိုင်းမှာ . . . အသီဥဏ်မှာ ဝိုဝိုပြင်ပြင်လည်း မှတ်မိသည်တော့မဟုတ်။ ဒါပေမယ့် . . . ညောင်ကိုင်းလေးပေါ်မှာ တိုးတိုးဝှေ့ဝှေ့ ရှိနေကြတာ . . .။

မေမေ . . . မေမေ . . . မေမေနှင့် ခေါ်သံတွေရော . . .

ဖေဖေ . . . ဖေဖေ . . . ဖေဖေနှင့် ခေါ်သံတွေရော . . .။

အော်သံတွေက ဆူဆူညံညံနှင့် . . .။ ဘာသံတွေမှန်းလည်း မသိ။ ပြီးတော့ ညောင်ကိုင်းလေးတစ်ကိုင်းပေါ်မှာ ကျပ်သိပ်ညပ်နေတာမျိုး။ ရင်ခွင်ထဲမှာလည်း ကလေးလေးတစ်ယောက်က ဖက်တွယ်ထားသလို . . .။ စိတ်ကို အများကြီး နှောက်ကျိုစေတဲ့ အိပ်မက်မျိုးပါလား . . .။

အဲသည့်လို ညောင်ပင်တစ်ပင်က သစ်ကိုင်းတစ်ကိုင်းကို ဘာလို့ အမှတ်ရနေပါလိမ့်။ မရေမရာ၊ မသေချာ ဝေဝေဝါးဝါး ဆိုပေမယ့် . . . အရိပ်တွေ ထင်နေသလို သိနေတာတွေလည်း ရှိနေပါတယ်။

“နိုင် . . . အိပ်မပျော်ဘူးလား . . .”

“အန့်တီ . . . နိုင် တရေးနိုးလာတာပါ . . .”

“ပြတင်းပေါက်ကြီး ဖွင့်ထားရလား . . . အပြင်မှာ မိုးလေတွေ တိုက်နေတယ်။ အအေးပတ်ဦးမယ်။ နင့်အမေက ခရီးမထွက်ခင် သူ့သမီးကို ဂရုစိုက်လို့ အထပ်ထပ်မှာတာ။ မမကတော့ နိုင့်ကို ကလေးလေး မှတ်နေတုန်းလား”

“မေမေက နိုင့်ကို စိတ်ပူတတ်လို့ပါ။ အန့်တီရယ်။ နိုင့် သူငယ်ချင်းတွေဆို ကလေးနှစ်ယောက် သုံးယောက် ရကုန်ပြီ။ နိုင့်အသက်လဲ နှစ်ဆယ့်ရှစ်ပဲ ကျော်နေပြီ . . .”



အန့်တီကပါ ပြတင်းပေါက်ဘေးလာပြီး အပြင်ကို ရပ်ကြည့်နေတယ်။ လျှပ်စီးတန်းတစ်ခုက ဖျတ်ခနဲ လင်းလက်သွားတဲ့အခါ . . . အမလေးလို့ အန့်တီ လန့်အော်တယ်လေ။ ဒါကိုပင် နိုင်က သဘောကျကာ အသံထွက် ရယ်လိုက်မိတယ်။

“မိုးတွေ ရွာတော့မယ်။ နိုင်ကတော့လေ မိုးတွေရွာရင် သစ်ပင်ပေါ်က ငှက်ကလေးတွေ မိုးမှလုံရဲ့လား၊ သူတို့ အသိုက်လေးတွေ စိုရွှဲပြီး ရေတွေနဲ့ သနားပါတယ်လို့ အမြဲတွေးမိတယ် အန့်တီ”

“နိုင်က ငှက်ကလေးတွေကို တွေးမိတယ် . . . အန့်တီကတော့လေ မိုးတွေသည်းလို့ သစ်ပင်တွေ သစ်ကိုင်းတွေ ယိမ်းယိုင်လှုပ်ရှားနေရင် အဲသည် အချိန် သစ်ပင်ပေါ်က သရဲတွေ ဘယ်လိုနေပါလိမ့်လို့ တွေးမိတယ် . . .”

အန့်တီ့စကားကို အံ့ဩထူးဆန်းစွာ နားထောင်ရင်းမှ သစ်ကိုင်းပေါ်က သရဲတွေလို့ အတွေးရောက်သွားရတာပါလား။ သစ်ကိုင်းပေါ်က သရဲတွေ သစ်ကိုင်းပေါ်မှာ သရဲတွေနေတာ။

“အန့်တီ . . . သစ်ကိုင်းပေါ်မှာ သရဲတွေရှိတာပေါ့ . . . ဟုတ်တယ်နော်” စိတ်ထဲမှာ ထိတ်ခနဲ ခံစားရပါလား။ သစ်ကိုင်းပေါ်မှာ နိုင်က ထိုင်နေသလိုပါလား။ ရင်ခွင်ထဲမှာလဲ ကလေးလေးတစ်ယောက် ရှိနေသလို အနားမှာလည်း . . . အနားမှာလည်း . . . ဘာတွေလဲ။

“သစ်ပင်တစ်ပင်မှာ အဆင့်အမျိုးမျိုး ရှိနေကြတယ် ပြောတာပဲ။ ရက္ခစိုးလို အဆင့်မြင့်မြင့် ပုဂ္ဂိုလ်တွေလဲရှိတယ်။ ပြီးတော့ အဲသည့်သစ်ပင်မှာ မှီတွယ်နေရတဲ့ သရဲတစ္ဆေတွေလဲ ရှိတယ်တဲ့။ အန့်တီတို့ ကြားဖူးသလောက်ဆိုရင် တစ်တောင်သာသာ သစ်ပင်လေးပေါ်မှာကို သရဲတစ္ဆေတွေက အများကြီးတဲ့ . . .”

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ညောင်ပင်···ညောင်ပင်မှာ ဆိုရင်ကော···"

"ညောင်ပင်မှာလဲ ရက္ခစိုးလဲရှိမယ်···သရဲတစ္ဆေတွေလဲ ရှိနိုင်တာပေါ့။ ညောင်ပင်က ဘုရားကျောင်းဝိုင်းတွေထဲဆို တစ်မျိုးပေါ့။ အပြင်မှာဆိုတော့ တချို့ညောင်မှတ်ဆိတ်ပင်ကြီးတွေဆို အမလေး···ပြောရင်း ပြောရင်း ကျောစိမ့်တယ်။ တော်ပါတော့ မရွှေနိုင်ရယ်···"

အန်တီက သူ့အိပ်ရာပေါ် ခွေခွေလေး သွားအိပ်နေပြီ။ ပြီးတော့ တံခါးပိတ်ထားတော့ မိုးရွာလာပြီ အအေးမိမယ်တဲ့။

မိုးရွာလာပြီး လျှပ်စီးလက် မိုးခြိမ်းပြီမို့ အန်တီကြောက်လာပြီ ထင်ပါရဲ့။ ပြတင်းကို ပိတ်လိုက်ပေမယ့် မှန်တွေမို့ အပြင်ကို မြင်ရပါသေးတယ်။

"အိပ်ပါတော့လား နိုင်"

"အိပ်မှာပါ။ အန်တီအိပ်နှင့်···နိုင် ခုနက စာဖတ်ရင်း တရေးရသွားပြီလေ···"

တစ်ချက်တစ်ချက် မိုးခြိမ်းသံ အတော်ပြင်းထန်တာပါလား။ လေငွေ့လိုက်ရင်း···ညောင်ပင်ရဲ့ မှတ်ဆိတ်တွေလို ရေသောက်မြစ် လေနှင်မြစ်တွေက တယိမ်းယိမ်း တယိုင်ယိုင်နှင့်···။ ဟုတ်တယ်။ သေချာတာကတော့ ညောင်ပင်မှတ်ဆိတ်ပင် တစ်ပင်မှာ···။

အကိုင်းတစ်ကိုင်းပေါ်မှာ···သေချာလည်း မမှတ်မိတော့ပြန်ပါဘူး။ အိမ်မက်မက်တာ သုံးခါရှိပြီ၊ အိမ်မက်တစ်ခုလို့ သိပေမယ့် သေချာရေရာလည်း မဟုတ်ပြန်···။

"အန်တီ"

"အင်း···ပြော"

အန်တီ့အသံတောင် အာခေါင်သံ ပေါက်နေပါရောလား။



"နိုင်တို့တွေ ဟိုးလွန်ခဲ့တဲ့ ဘဝတွေတုန်းက သရဲတစ္ဆေတွေ ဖြစ်ခဲ့ဖူးသလားဟင်···"

"နိုင်···ဘဝတွေလဲဟယ်···မြတ်စွာဘုရားက ပြောပြီးသား။ မကျင်လည်ခဲ့တဲ့ ဘဝ ရှိကိုမရှိဘူးတဲ့။ ငါတို့တွေ ငရဲ-တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးမှာ စုံလိုက်ဆန်လိုက်ဘဲ။ သရဲလောက်ကတော့ တစ်ခါတောင် မဟုတ်ဘူး အခါခါ ဖြစ်ဖူးမှာ သေချာတယ်"

"ဟင်"

နိုင် သရဲဖြစ်ခဲ့ဖူးသတဲ့လား။ ညောင်ပွင့်အကိုင်းလေးပေါ်မှာ နိုင်ရှိနေခဲ့တာ အဲသည်တုန်းက ဘဝက သရဲလား။ ဒါပေမယ့် သေချာမှတ်မိချင်လိုက်တာ။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့လေ။

ခရီးက ပြန်လာတာ ခရီးရောက်မဆိုက်…နိုင့်ကို အမြန် မင်္ဂလာဆောင်စေချင်ပြန်သတဲ့…။

"သမီး လက်မထပ်ချင်ပါဘူး မေမေရယ်…"

ပြောလိုက်တိုင်း မေမေ စိတ်ဆိုးလေ့ရှိပါတယ်။ ဘွဲ့ရပြီး အလုပ်မဝင်ခင်ကလည်း…ကျောင်းပြီးပြီ လက်ထပ်တော့တဲ့။ ဟင့်အင်း မေမေလို့ အခါခါ ငြင်းခဲ့ပါတယ်။ နိုင်က ငြင်းလွန်း အားကြီးတော့ အန်တီကတောင်မှ ချစ်သူရှိလို့များ မေမေ သဘောကျစပ်ဟပ်နေတဲ့ လူတွေကို ငြင်းတာလားလို့ မေးဖူးပါတယ်။

"မရှိပါဘူး အန်တီရယ်။ နိုင် စိတ်မှာကိုက လက်မထပ်ချင်တာပါ…"

"ဘာလို့လဲ…"

"အန်တီ့လို အပျိုကြီးလုပ်မလို့…"

BURMESE CLASSIC .com



"အပျိုကြီးမို့ အပူအေးပြီ မထင်နဲ့ မရွှေနိုင်…အန်တီလဲ အန်တီ့အပူနဲ့အန်တီ…အခု မမကိုပဲကြည့် သမီးလေးတစ်ယောက်ရှိတော့ ဘယ်လောက်အားကိုးရလဲ…တိုင်ပင်စရာလဲရှိတယ်။ အန်တီ့မှာတော့ တစ်ယောက်ထဲ"

"အန်တီ တိုင်ပင်ချင်ရင် မေမေနဲ့ နိုင်လဲရှိတာဘဲ"

"နွယ် နင့်တူမကတော့ ဆင်ခြေအမျိုးမျိုးနဲ့ ငြင်းနေတယ်။ မမ အတွေးကတော့ သမီးကညာ အခါမလင့်ချင်ဘူး။ မရွှေနိုင်က သည်နှစ်ဆို နှစ်ဆယ့်ရှစ်ပြည့်ပြီ။ လက်ထပ်သင့်တဲ့ အရွယ်ပါ။ သူ ငြင်းလာတဲ့ ကောင်းလေးပေါင်းကလည်း တစ်ဒါဇင် မကတော့ဘူး…"

မေမေက နိုင့်အတွက် သတို့သားလောင်း ရှာလည်း ရှာနိုင်လောက်ပါရဲ့တော်ကြာ ဓာတ်ပုံယူလာလိုက်၊ တော်ကြာ လူကိုယ်တိုင် ခေါ်လာလိုက်တွေနှင့်ပေါ့။ နိုင်ကတော့ ဓာတ်ပုံတွေလည်း ဟင့်အင်း၊ လူကိုတွေလည်း ဟင့်အင်းနှင့် ခေါင်းခါလိုက်တာချည်းပါပဲ။

"ဘာလို့ လက်မထပ်ချင်ရတာလဲ…"

"မသိပါဘူး။ နိုင့်မှာ လက်ထပ်ချင်စိတ်ကို မရှိပါဘူး…"

"ရင်မခုန်ဘူးဆိုတာမျိုးလား"

အန်တီ့အပြောကြောင့် ရယ်ရပါသေးတယ်။ အဲလိုမျိုးပြောလည်းရပါတယ်။ စိတ်ဝင်စားမှုကို မရှိခဲ့တာ…။

"ဟိုအရင်လူတွေကို ငြင်းတာတွေ မေ့လိုက်ပြီး သည်ဓာတ်ပုံကိုတော့ ကြည့်ပါဦး…"

လာပြန်ပါပြီ ဓာတ်ပုံတစ်ပုံ…။

ဒါကြောင့် ဓာတ်ပုံကို ယူမကြည့်ခင်မှာ အိအိချိုလိုလည်း ဖြစ်ပါဦးမယ်ဆိုရယ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင့်သူငယ်ချင်း အိအိချိုဆိုလည်း သူ့ဓါတ်ပုံလေးယူလာတဲ့ ဓာတ်ပုံလေးတစ်ပုံကို ကြည့်ပြီး အရမ်းသဘောကျသွားတာတဲ့လေ။ ဒါကြောင့် သဘောကျပါတယ်လို့ လက်ခံပြီး လူချင်းလည်းဆုံရော ဓာတ်ပုံထဲကထက် အသက်ဆယ်နှစ်မကကြီးပြီး ရုပ်အတော်ကြီး ရင့်နေပြီတဲ့လေ။

"ကျော်စွာထွန်းတဲ့။ သင်္ဘော အင်ဂျင်နီယာလေ…သူ့အမေနဲ့ မေမေ့သူငယ်ချင်း ခွေခွေနဲ့ သိပ်ခင်တာ ရှိးသားပြည့်စုံတယ်။ မငြင်းပါနဲ့လား နိုင်…"

ဓာတ်ပုံကို ယူကြည့်မိပါတယ်။

သင်္ဘောလက်တန်းကို မှီပြီး ရိုက်ထားတာ။ လေတိုက်နေတော့ ဆံပင်တွေ လွင့်နေတယ်။ ရယ်နေတဲ့အပြုံးက နုပျိုချောမောမှုကို ပိုပြီး ပီပြင်စေသလား။ ဆိုးတော့ မဆိုးလှပါဘူး။ ဓာတ်ပုံကို ကြာကြာ ကြည့်နေမိတော့…

မေမေနှင့် အန်တီ တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး ပြုံးနေတာ မြင်ရတယ်။

"ကောင်လေးလည်း သင်တန်းတက်ဖို့ ရောက်နေတုန်း လူချင်းတွေ့လိုက်ပါလား သမီးရယ်။ သည်တစ်ခါတော့ မေမေ့စကား နားထောင်ပါ…။ သမီးလက်ထပ်ပြီးရင် မေမေ့ဘဝမှာ အမောအားလုံး ပြေပါပြီ…"

သည်လိုပြောတော့လည်း မေမေ့ကို သနားမိပါတယ်။ ဖေဖေဆုံးတော့ နိုင် လေးနှစ်သာသာလေး။ အန်တီကလည်း ဆယ့်သုံးလေးနှစ်တဲ ရှိသေးသတဲ့။ မိဘကလည်းမရှိ အားကိုးနေတဲ့ ခင်ပွန်းကလည်းဆုံး၊ ညီမနှင့် သမီးလေးကို ပြုစုစောင့်ရှောက်လာခဲ့တာ ခုချိန်ထိပါ။



"ကဲပါလေ…အဲသည့် ကိုကျော်စွာထွန်းကို တွေ့ကြည့်ပါဦးမယ်။ တွေ့လို့မှ သဘောမကျရင်တော့ ငြင်းမယ်နော် မေမေ…"

"အေးပါကွယ်…တွေ့ကြည့်ပါဦး…"

တွေ့ကြည့်မယ်ဆိုရုံနှင့် မေမေ အတော်သဘောကျသွားတယ်။ အန်တီကတော့ လူတစ်ယောက်မှာ တစ်ရာရာခိုင်နှုန်းတော့ ဘယ်ပြည့်စုံမလဲ။ တစ်ခါတစ်ရံ ကိုယ့်ကိုကိုယ်တောင် စိတ်တိုင်းကျ ပြည့်စုံလို့လား။ ခွင့်လွှတ်ပြီး ဖြည့်ဆည်းမယ့် မျက်လုံးမျိုးနှင့် ကြည့်ရတယ် နိုင်ရဲ့တဲ့။

"နိုင့်ကိုကြပြောပါ…အန်တီလဲ ငြင်းရင်း ငြင်းရင်း ခုမလောက် အသက်ဖြစ်လာတာ မဟုတ်လား"

"ဒါက လူတော်လူကောင်းနဲ့ မတွေ့ခဲ့ပါဘူး…"

အန်တီ တက္ကသိုလ်တက်နေတုန်းက ချစ်သူရှိပေမယ့် ချစ်သူက သစ္စာဖောက်သွားသတဲ့လေ။ ပြီးတော့ လက်ထပ်မယ့် ရည်ရွယ်တဲ့သူ ကပြန်တော့လည်း အိမ်ထောင်ရှိတာ ညာပြောတဲ့လူမျိုး ဖြစ်နေသတဲ့။

"နိုင့်ကိုလဲ သေချာစုံစမ်းထားမှပါ"

နိုင့်စိတ်ကတော့ ခုချိန်ထိ ချစ်တယ်လို့ကို ဘယ်သူ့အပေါ်မှ ခံစားလို့မရပါဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာထွန်းကို မေမေက ပထမတော့ အိမ်မှာ ထမင်းစားဖိတ်မလို့ပါ။ အန်တီကတော့ အိမ်မှာဆို မမနှင့် နွယ်ရှိနေလို့ ကလေးတွေ စကားပြောရတာ မလွတ်လပ်ပါဘူး။ သူတို့ဘာသာ အပြင်မှာ ထွက်စားရင်း စကားပြောကြပါစေတဲ့။ ဒါကြောင့်မို့ ကိုကျော်စွာထွန်းက အိမ်ကို လာခေါ်ခဲ့ပါတယ်။

ကိုကျော်စွာထွန်း ရောက်မလာခင် အလှပြင်ပြီးတယ်ဆိုတာနှင့် မေမေနှင့် အန်တီကတော့ ပြောပါပြီ။

"ငါ့သမီးလေးက လှလိုက်တာ။ နည်းနည်းတော့ စိတ်ရှည်သည်းခံပြီး လက်ခံစေချင်တယ်။ သည်တစ်ယောက်ကိုတော့ မငြင်းစေချင်တော့ဘူး"

"ဟုတ်ကဲ့ပါ"

ကိုကျော်စွာထွန်း လာခေါ်ပြီး မေမေနှင့် အန်တီ့ကို နှုတ်ဆက်ပြီး ထွက်ခဲ့တယ်။ ခုမှ ပထမဦးဆုံး တွေ့ရတာဆိုတော့ ဘယ်လိုစကားတွေ စပြောရမလဲ။ ဓာတ်ပုံက ရုပ်နှင့်ရော တူရဲ့လားဆိုတာတောင် သေချာမကြည့်ရဲ..."



"မသက်ထားနိုင်က ကျွန်တော် အဆင်ပြေတဲ့နေရာမှာဘဲ စားပါဆိုလို့ စကားလဲ အေးအေးဆေးဆေး ပြောလို့ရမယ့်နေရာ စီစဉ်ထားပါတယ်"

"ဟုတ်ကဲ့"

အသံကတော့ ယောကျ်ားပီပီသသနှင့် ညြသြလုံလုံရှိပြီး နားထောင်တာ မဆိုးလှပါဘူး။ ကားမောင်းနေတဲ့ သူ့ကိုလည်း မကြည့်ရဲပါဘူး။ ထမင်းစားတဲ့ နေရာလေးက သူပြောသလို အေးအေးချမ်းချမ်းနှင့် တိတ်ဆိတ်နေသလား။ ထမင်းစားချိန်ထက် နည်းနည်းစောတော့ လူရှင်းနေတာလည်း ပါမယ်ထင်ပါတယ်။

"မသက်ထားနိုင် စားချင်တာပြောပါ"

"နိုင် ဝက်သား၊ အမဲသား မစားပါဘူး။ ကျန်တာတော့ ကိုကျော်စွာထွန်း အဆင်ပြေတာမှာပါ..."

သူက ဟင်းအမယ်တွေ မှာနေတုန်း နိုင် နိုးကြည့်ရတာပေါ့။ မဆိုးပါဘူး။ ဓာတ်ပုံထဲက အတိုင်းပါပဲ။ ယောကျ်ားပီသ သန့်ပြန့်သောရုပ်ရည်ရှိပါတယ်။

"မသက်ထားနိုင်က ဓာတ်ပုံထဲကထက်တောင် အပြင်မှာ ပိုလှတယ်"

"ရှင်"

"ပိုလှတယ်လို့ ပြောတာပါ"

"နိုင့်ကို နိုင်လို့ပဲ ခေါ်လို့ရပါတယ်"

"ဟုတ်ပါပြီ...နိုင့်ကို ကျွန်တော်ကတော့ ဘဝခရီးဖော်အဖြစ် နှစ်သက်လက်ခံနိုင်ပါတယ်။ ကျွန်တော့်ကိုရော..."

"နိုင် စဉ်းစားပါရစေဦးလား..."

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်အချိန်ထိလဲ⋯ကျွန်တော် ခြောက်လလောက် သင်တန်းတက်ပြီး ပြန်ထွက်ရမှာ။ ပြန်မထွက်ခင် လက်ထပ်ချင်ပါတယ်။ ကျွန်တော်တို့ နိုင်တို့ အသက်တွေက သုံးဆယ်နား နီးနေပြီဆိုတော့ အချစ်ကို စိတ်ကူးယဉ်နေတာထက် ဘဝခရီးဖော်ကို ရှာဖွေသင့်ပြီ ထင်ပါတယ်။ နိုင့်ကို ကျွန်တော့်ဘဝခရီးဖော်အဖြစ် နှစ်သက်မိလို့ပါ⋯စဉ်းစားမယ်ဆိုရင် သိပ်တော့မကြာပါနဲ့လား⋯”

ထမင်းစားကြတော့ အခုမှ တွေ့ကာစမို့လားမသိ၊ ဂရုတစိုက် ဟင်းကအစ ထည့်ပေးပါတယ်။ သူနှင့် အခုမှ စတွေ့လေတော့⋯ရင်ထဲက မူရင်းစိတ်ဓာတ်ကိုတော့ မသိဘူးပေါ့လေ။ ဒါပေမယ့် အပြင်ပန်း အကြည့်အရတော့ ရုပ်ရည် အမူအရာ ပုံသဏ္ဌာန် စကားပြောဆိုပုံက သိပ်ငြင်းပယ်စရာ မရှိသလိုပါပဲ။ ရင်ခုန်ခံစား ရလောက်အောင် မဖြစ်ပေမယ့် ငြင်းပယ်ရလောက်အောင်လည်း မဟုတ်သလိုလို⋯။

“နိုင်⋯အချိန်ခဏတော့ စဉ်းစားပါမယ်။ သည်ရက်ပိုင်းတွေမှာ ကိုကျော်စွာ စနေ တနင်္ဂနွေလို သင်တန်းအားရက်ရှိရင် နိုင်နဲ့ ဘုရားတို့ ဈေးတို့ အဖော်လိုက်ခဲ့ပေးနိုင်မလား⋯” တစ်ခေါက်၊ နှစ်ခေါက် အတူယှဉ်တွဲသွားကြည့်ရင် သူ့စိတ်ကို ပိုသိလာနိုင်မယ် မဟုတ်လား။

“သွားမယ်လေ⋯နိုင် သွားချင်တဲ့ရက် ပြောပါ။ ပို့မှာပေါ့” မေမေသိရင် ဝမ်းသာမယ်။

နိုင်ကော ခုချိန်ထိ လက်ထပ်မယ့်သူဆို ဘယ်သူ့ကိုမှ မစဉ်းစားဘဲ ခေါင်းခါခဲ့တာ။ ကိုကျော်စွာထွန်းကို စဉ်းစားမယ်ဆိုတော့ မေမေ မနှစ်သက်ဘဲ နေမလား။ ပြီးတော့ စဉ်းစားချိန် ကြာကြာမရပါဘဲ လက်ထပ်ရမှာ မဟုတ်လား။



နိုင့်အသက်လည်း သုံးဆယ်နား ကပ်လာပါပြီ။ နှစ်ဆယ့်ရှစ်ဆိုတော့ နောက် နှစ်နှစ်ဘဲ သုံးဆယ်ဆိုရင် အိမ်ထောင်ပြုသင့်ပြီ။ သားသမီးတွေကို ပြုစုပျိုးထောင်ဖို့ အချိန်လိုတယ်လေ⋯။

“နိုင့်ဆီက ချစ်တယ်ဆိုတဲ့ အဖြေတော့ ရချင်ပါသေးတယ်⋯”

“ခုနကပြောတော့ အချစ်ကို စိတ်ကူးယဉ် မနေတော့ပါဘူးဆို⋯နှစ်သက်လက်ခံပါတယ်ဆိုရင် ချစ်တယ်လို့ပဲ ယူဆလို့ရပါတယ်။ နိုင်⋯အကြာကြီး မစဉ်းစားပါဘူး⋯အလွန်ဆုံးမှ တစ်လပေါ့⋯”

“ကောင်းပါပြီဗျာ”

တစ်ဘဝလုံးအတွက် အခုလောက် တစ်ခဏကတော့ စိတ်ရှည်သည်းခံပြီး စောင့်သင့်တယ် မဟုတ်လား။

* * *

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်လိုစိတ်ကူးနေလဲ"

ကိုကျော်စွာထွန်းနှင့် တစ်ခါနှစ်ခါမက အပြင်သွားပြီးတဲ့အခါ မေမေ စိတ်ဝင်တစား မေးလာပါပြီ။ အန့်တီကတော့ သည်သမီးမို့ အိမ်ထောင်မကျ မချင်း ငါ့အစ်မတော့ တစ်ဒုက္ခပဲတဲ့...။

"မေမေ...အမှန်အတိုင်း နိုင်ပြောပါမယ်။ နိုင်ကိုယ်တိုင်ကလည်း အသက်ကြီးမှ အိမ်ထောင်ပြုရမှာကို မနှစ်သက်ပါဘူး။ မပြုချင်ရင် လုံးဝ မပြုနဲ့။ အိမ်ထောင်ပြုမယ်ဆို အခုအချိန် ပြုသင့်နေပြီဆိုတာ သိပါတယ်။ ပြီးတော့ ကိုကျော်စွာထွန်းနဲ့ တွေ့ကြည့်တော့လဲ ဆယ့်လေးငါးခြောက်နှစ်လို အချစ်အပေါ် ရင်သိမ့်ခုန်နေစရာ အရွယ်မဟုတ်တော့..လက်သင့်ခံသင့်တယ် လို့ ယူဆပါတယ်..."

"နိုင်က မောင်ကျော်စွာထွန်းကိုတော့ လက်ခံနိုင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ်...အခု သွားရင်းလာရင်း ပြောဆိုလေ့လာရသလောက် တော့ မဆိုးလှပါဘူး။ သမီး လက်ခံနိုင်မှာပါ..."



"ဝမ်းသာလိုက်တာ နိုင်ရယ်...ငါ့သမီးလေးဆီက ခုလိုစကား ကြားရ မှဘဲ မေမေ စိတ်ချမ်းသာရ ရပါတော့တယ်..."

နိုင်ကိုယ်တိုင်လည်း ဆုံးဖြတ်ပြီးခဲ့ပါပြီ။

အိမ်ထောင်ပြုမယ်လို့ ဆုံးဖြတ်ပြီးပြီဆို ကိုကျော်စွာထွန်းက ဘဝခရီးဖော် အဖြစ် သင့်တော်တဲ့ လူတစ်ယောက်ပါပဲ။ အန့်တီကတော့ မောင်ကျော်စွာထွန်း ခဏနေရင် လာမှာမဟုတ်လား။ ငါ သေချာပြန်ကြည့်မယ်။ ငါ့တူမ အသည်း မာရဲ့စိတ်ကို ဘယ်လိုများ ကိုင်လှုပ်လိုက်ပါလိမ့်တဲ့လေ...။

"အရမ်း အရမ်းကို ချစ်တာဘဲ ဆိုတာမျိုးတော့လည်း ဘယ်ဟုတ်ပါ့ မလဲ အန့်တီရယ်...နိုင်တို့အရွယ်က ဦးနှောက်ကို ပထမထားပြီး နှလုံးသား အနည်းငယ်နဲ့ဘဲ ယှဉ်တွဲစဉ်းစားရတာ မဟုတ်လား..."

"ဟုတ်ပါပြီ...ပြောရင်းဆိုရင်း ကားသံကြားပါတယ်။ လာပြီထင်ပါရဲ့"

ကိုကျော်စွာထွန်း ရောက်လာတဲ့အခါမှာတော့ အန့်တီက ပြုံးရင်း ကြည့် နေတော့တာ။ ကြာရင် ဘာပါလိမ့် တွေးတော့မှာမို့ နိုင် ဈေးဝယ်စရာရှိလို့ အပြင်သွားရအောင်လို့ ခေါ်လာခဲ့ရပါတယ်။ မေမေ့အပြုံးမှာ ပျော်ရွှင်ကြည်နူး နေတဲ့ ခံစားချက်တွေ...။ နိုင် ဝမ်းသာပါတယ်။

"နိုင် ဘယ်သွားချင်တာလဲ..."

"သူငယ်ချင်းကလေး မွေးနေ့ရှိလို့ လက်ဆောင်ဝယ်ချင်လို့ပါ"

"သူငယ်ချင်းကလေး...ဘယ်အရွယ်လဲ"

"သုံးနှစ်"

"သူငယ်ချင်းကလေးတောင် သုံးနှစ်ရှိနေပြီလား။ ဒါဆို နိုင် အပျိုကြီး ဖြစ်တာ သေချာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အပိုကြီး···အခုတော့ အပိုကြီးပြောလဲ ရပါတယ်···ဒါပေမယ့် သိပ်မကြာခင် နိုင် လက်ထပ်တော့မယ်···"

"နိုင် လက်ထပ်တော့မယ်···"

"ဟုတ်လား"

"ဘယ်သူနဲ့လဲ"

"ရှင်နဲ့···"

"ရှင်နဲ့···"

"အင်···တကယ်···ဝမ်းသာလိုက်တာ နိုင်ရယ်···ဝမ်းသာလိုက်တာ···ဒါဆို ကိုယ်တို့လက်ထပ်ဖို့ အစစတိုင်ပင် ပြင်ဆင်ကြရအောင်လား···"

နိုင် ခုံးဖြတ်ခဲ့ပြီးပြီဘဲ···။

ကိုကျော်စွာထွန်းကို ဘဝခရီးဖော်အဖြစ် လက်ခံလိုက်တော့မယ်။ ခင်ပွန်းတစ်ယောက်အဖြစ် ငြင်းပယ်စရာ မရှိလောက်ဘူးလို့လည်း ခံစားယုံကြည်လိုက်ပြီကိုး···။

ကိုကျော်စွာထွန်းက နိုင့်လက်ကလေးကို ဆုပ်ကိုင်ပြီးတော့ ကြည်နူးချမ်းမြေ့ဖွယ် အပြုံးနင့်ကြည့်ရင်း အတွေးယှဉ်တွဲ လျှောက်ခဲ့ပါတယ်။

"စမ်းချောင်းမှာရှိတဲ့ ကိုယ့်တိုက်ခန်းမှာဘဲ နှစ်ယောက်အတူ နေကြရအောင်···ကိုယ့်ခံယူချက်ကတော့ လက်ထပ်ပြီးရင် ဘယ်မိဘဘက်မှ လိုက်မနေတာ အကောင်းဆုံးပါပဲ··ကိုယ် သဘော်ပြန်တက်တဲ့ အချိန်တွေတော့ နိုင်က နိုင့်မေမေတို့နဲ့ ခဏပြန်နေပေါ့ ဟုတ်လား···"

"ဟုတ်ပါပြီရှင်···"



"လက်ထပ်ဖို့ ရက်ကိုတော့ အမေနှစ်ယောက် သူတို့ဘာသာ စီစဉ်ကြပါစေ···ကိုယ်ကတော့ အမြန်ဆုံးဘဲလို့ ပြောလိုက်မယ်···"

ကိုကျော်စွာထွန်း ပျော်ရွှင်နေတဲ့ ပုံစံက အသိသာကြီးပါပဲလေ···။ နိုင်လည်း အရမ်းကြီး ပျော်ရွှင်ချမ်းမြေ့သွားတယ် မဟုတ်စေကာမူ ကြည်နူးချမ်းမြေ့မှုလေးတော့ ရှိတာပါပဲ။

လိုမည့်ပစ္စည်း ဝယ်ပြီးတော့ ကားနှင့် ပြန်လာခဲ့တာပါ။

နိုင်တို့ ကားရှေ့မှာ ဒတ်ဆန်းတစ်စီး မောင်းနေတာကလွဲပြီးတော့ လမ်းမအကျယ်ကြီးက ရှင်းလင်းနေတာပါပဲလား။ လမ်းပေါ်မှာ တစ်ခြားကား၊ လူ၊ တိရစ္ဆာန် ဘာမှမရှိပါဘူး။ ဒါပေမယ့် နိုင်တို့ကားက ကားလမ်းပေါ်မှ မဖြတ်ရဘဲ ပြင်းစွာ ဘရိတ်အုပ်လိုက်တဲ့ အခါမှာတော့···။

"အမလေး···ကိုကျော်စွာ···ဘာဖြစ်တာလဲ···ဘာဖြစ်တာလဲ···"

ဘာမှမရှိပါဘဲ ရုတ်တရက် ဘာဖြစ်တာလဲ။ ဒါကြောင့် ကားမောင်းနေတဲ့ ကိုကျော်စွာထွန်းဖက်ကို လှည့်ပြီး အထိတ်တလန့် မေးမိပါပြီ။

"ကလေးနဲ့ ခွေးကိုပဲ ကားမောင်းရင် ကြောက်နေရတယ်။ ဖြတ်မကူးဘူးမှတ်လို့ ရုတ်တရက်ကြီးများ သည်ကလေးက ဘာစိတ်ကူးနဲ့ ဖြတ်ပြေးပါလိမ့်···ကိုယ် ဘရိတ်အုပ်မိလိုက်ပေလို့···မမိများ မမိလိုက်လို့ကတော့ကွာ···"

ကိုကျော်စွာထွန်း ဘာပြောတာပါလိမ့်။

နိုင် နားမလည်လိုက်ပါဘူး။

ကလေးတဲ့···ဘယ်ကလေးလည်း···။

နိုင့်မျက်လုံးရှေ့မှာတော့ ဘာမှမရှိသလို ရှင်းလင်းနေတာပါလား။ လူဆိုလို့ ခပ်ဝေးဝေး ပလက်ဖောင်းပေါ်မှာ လျှောက်နေတဲ့ အသက်ငါးဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးတစ်ယောက်ပဲ ရှိပါတယ်။ အချိန်ကတော့ ညနေအတော်စောင်း မှောင်ရိပ်သိုးမှိုင်းများ နှင့် မမြင်တာလား။ မဖြစ်နိုင်။

ကိုကျော်စွာထွန်း ဘာပြောတာလဲဟင်…

"နိုင် လန့်သွားတယ်ထင်တယ်… ကိုယ်က ကားကို ဂရုတစိုက် မောင်းလေ့ရှိပါတယ်။ အခုက ရုတ်တရက် မဖြတ်ဘူးလို့လို့က ဖြတ်ပြေးတယ်…"

"ဖြတ်ပြေးတယ်…"

"နိုင် မမြင်လိုက်ဘူးလား… ကလေးတစ်ယောက် ဖြတ်ပြေးတယ်လေ… ဂါဝန်အနီလေးနဲ့ ကလေးမလေး ဖြတ်ပြေးတာ"

"ဂါဝန်အနီလေးနဲ့ ကလေးမလေး…"

နိုင် အံ့သြရလွန်းပါပြီ။ နိုင်မမြင်လိုက်ပါလား။ နိုင် ဘာလို့များ မမြင်လိုက်ပါလိမ့်။ နိုင် မျက်လုံးကောင်းပါတယ်။ ဒါပေမယ့် မှောင်ရိပ်ဝိုးတဝါး အချိန်မို့များလား…။

* * *



လက်ကိုင်ဆေးလူးနေတော့ အန်တီက မေးပါတယ်။ ဘာဖြစ်တာလဲ နိုင်တဲ့… ကားဘရိတ်အုပ်တော့ လက်နှင့် ရှေ့ကို ထောက်လိုက်တာပါလို့ ပြောမိတယ်။ နည်းနည်းပါ။ သိပ်မနာပါဘူးလို့ ဖြေပြောရတာပေါ့။ မေမေနဲ့ အန်တီက စိတ်ပူတတ်တာကိုး။

"သည်ကောင်လေးကလဲလေ… ကားကို သည်လောက် အမြန်ကြီး မောင်းရသလား… ငါ့တူမလေးများ တစ်ခုခုဖြစ်သွားရင် မခက်ပေဘူးလား"

"ကိုကျော်စွာက ကားမောင်းတာ ဂရုစိုက်ပါတယ် အန်တီရယ်… အခုဟာက…"

"အခုဟာက ဘာဖြစ်လည်း…"

"သူပြောတာကတော့ ကားရှေ့မှာ ကလေးမလေးတစ်ယောက် ဖြတ်ပြေးသတဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး…ကလေးတွေက အဲလိုဘဲ…လူကြီးတွေအနားက လက်ဆွဲထားတာတောင် ရုတ်တရက် လက်ဖြုတ်ပြီး ဖြတ်ပြေးတတ်ကြတယ်။ အန်တီ့သူငယ်ချင်း ကလေးလေး အဲလိုနဲ့ ကားတိုက်တာ…သူ့အမေ လက်ဆွဲထားတဲ့ကြားက လက်ဖြုတ်ပြေးတာတဲ့…ကံကောင်းလို့ မသေတာ"

"ကိုကျော်စွာက ပြောလို့သာ…သမီးအနားထိုင်နေတာ…ကလေးမလေး ဖြတ်ပြေးတာ မမြင်ပါဘူး…လမ်းက အရှင်းကြီးဘဲ အန်တီ။ မောင်းနေရာက ရုတ်တရက် ဘရိတ်အုပ်တော့ လန့်လိုက်တာ…"

"နိုင် အတွေးများနေလို့ မမြင်လိုက်တာ နေမှာပါ…"

"မဟုတ်ပါဘူး အန်တီရယ်…နိုင်ဘာမှ မတွေးမိပါဘူး။ ရှေ့ကို သေချာကြည့်နေတာပါ…ရှေ့က ခပ်လှမ်းလှမ်းမှာ ဒတ်ဆန်းတစ်စီး မှန်မှန်မောင်းနေတာ…ကျန်တာ ဘာမှမရှိဘူး။ ရှိဦးတော့ ဘရိတ်အုပ်ပြီး ကြည့်တော့လဲ မရှိဘူး"

"ကားမောင်းတဲ့လူဆိုတာ…ဘေးကလူထက်တောင် ပိုဂရုစိုက်သေးတယ်။ ပိုပြီး မျက်စေ့လျှင်ရတာ။ ဘေးထိုင်တဲ့ လူကမှ တွေးချင်ရာတွေးငေးချင်ရာ ငေးလို့ရတယ်။ နိုင် မမြင်တာနေမှာပါကွယ်…"

အန်တီပြောတာလည်း ဟုတ်ပါတယ်…။

ဒါပေမယ့် နိုင် ဘယ်လို ပြန်စဉ်းစား ပြန်စဉ်းစား…။ နောက်ဆုံးတော့ စိတ်နှလုံး ဒုံးဒုံးချပြီး အန်တီပြောသလို နိုင်အတွေးများလို့ မမြင်တာနေမှာပါလို့ဘဲ တွေးလိုက်ပါတယ်။

"မောင်ကျော်စွာက သင်္ဘောပြန်မတက်ခင် လက်ထပ်မယ်ဆိုတော့ ဘာမှတောင် သိပ်မကြာတော့ဘူး။ မရွှေနိုင်တို့ လက်ထပ်မယ့် လက်ထပ်တော့လည်း မြန်လှချည်လား…ငါတောင် လွမ်းနေရတော့မှာ…"



"အန်တီကလည်း…ကိုကျော်စွာ ရှိနေတုန်းတော့ ဟုတ်တာပေါ့။ သူ သင်္ဘောပြန်တက်သွားရင် အိမ်ပြန်လာနေမှာပါ။ ခုလိုဘဲ မေမေနဲ့ အန်တီနား ပြန်ရောက်လာမှာဘဲလေ…"

"အဲသည်လိုဆိုရင် ကောင်းပါတယ်။ ငါတို့သုံးယောက် အတူနေရာကနေ ခွဲသွားရင် အရမ်းခြောက်ကပ်နေတော့မှာ…"

"အမယ်…နင်ဘဲပြောနော်…မိုးလင်းက မိုးချုပ် လျှောက်သွားနေတဲ့လူက ပြောရသေး…ငါက ငါ့သမီးလေး မရှိရင် အဖော်မဲ့တော့မှာ…"

"မေမေနဲ့ အန်တီက နိုင်မရှိရင် လွမ်းတယ်လည်းဆိုသေးရဲ့။ နိုင့်ကို ဘာလို့ အိမ်ထောင် အတင်းချပေးရတာလဲ…"

"ဒါကတော့ ညည်းအတွက်လေ…ညည်းဘဝ တစ်သက်တာအတွက်ပေါ့တဲ့…"

မေမေနှင့် ကိုကျော်စွာ့မေမေတို့ စကားပြောဆိုနေကြပြီလေ။ ခုလောက်ကတည်းက မင်္ဂလာရက်ရွေးပြီး ဟိုတယ်မှာ ရက်ယူမယ်။ ပြီးတော့ စမ်းချောင်းတိုက်ခန်းမှာ အိမ်ထောင်ပရိဘောဂတွေ အိပ်ရာခန်းနားတွေအစ ပြင်ရဆင်ရမယ့် အချိန်လို့အပ်တယ်။

"ခုထဲက မင်္ဂလာပွဲအတွက် ပြင်ဆင်ရတော့မယ်"

ပြင်ရဆင်ရမှာတွေ အများကြီးတဲ့လား။ မင်္ဂလာဆောင်ဖို့တဲ့…မတွေးခဲ့ဖူးပါဘူးလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"နိုင် ဘာတွေဆုတောင်းလဲ…"

"နိုင်တို့နှစ်ယောက် ဘဝလေး သာယာချမ်းမြေ့ပြီး သေတပန်သက်တဆုံး ပျော်ရွှင်စွာ ပေါင်းဖက်ရပါစေလို့ ဆုတောင်းတာပေါ့…"

"ကိုယ့်ကို ချစ်လား…"

ပြောရခက်သွားသလိုပါဘဲ။ အချစ်ဆိုတာ ရင်ခုန်လှိုက်လှဲခြင်းဆိုရင်တော့ ငြိမ်သက်တိတ်ဆိတ်နေသော နှလုံးသားတွေအကြောင်း ဘယ်လို ဖွင့်ပြောရပါ့။ သည်နေ့ အိမ်အတွက် လိုမယ်ထင်သမျှ ပစ္စည်းတွေ ဝယ်ရအောင် နှစ်ယောက်အတူ ထွက်လာခဲ့ကြတာ။ ပြီးတော့ ဘုရားဖူးကြတယ်။ ဘုရားက အပြန်ကျမှ ကိုကျော်စွာ မာမီနိုင်းတဲ့ ပစ္စည်းတစ်ခု သွားပို့ပေးကြတာပါ။

"ကိုယ့်ကို ချစ်လားဆိုတာ မဖြေရသေးဘူး…"

ချစ်လားတဲ့။

ဘဝခရီးဖော်အဖြစ် နိုင်ကိုယ်တိုင်က လက်ခံလိုက်မှတော့ ချစ်ရတော့ ဂ



ဒါကြောင့် ခေါင်းညိတ်ပြတော့လည်း နှုတ်က ပြောမှတဲ့။

"ချစ်ပါတယ်"

အချစ်ဆိုတာကို ယှဉ်ရှယ်နှိုင်းစဉ်ကလောက် တမ်းတမွယ် မဟုတ်ဘူးလို့ တွေးမိပေမယ့် တစ်သက်စာ လက်တွဲမယ့်သူအတွက်တော့ ချစ်တယ်လို့ပဲ ယုံကြည်ရတော့မှာပါ…"။

"ကိုကျော်စွာ… ကားမောင်းနေတာ ရှေ့ကြည့်လေ… အရင်တစ်ခါကလို ကလေးတွေ ဖြတ်ပြေးရင် ခက်မယ်"

"ကလေးမလေး ဖြတ်ပြေးတယ်ဆိုလို့ ပြောရဦးမယ်။ ဟိုနေ့က သူငယ်ချင်းအိမ်ကို အလုပ်ကိစ္စတစ်ခုနှင့် ညဖက်မှောင်စလေးသွားတာ ကားရှေ့ကနေ အဲသည်လိုပါဘဲ။ ကားရှေ့ကို ကလေးမလေး ဖြတ်ပြေးပြန်ရော… အရင်တစ်ခါ ကောင်မလေးအရွယ်ပါဘဲ… မျက်လုံးထဲမှာ ရိုပ်ခနဲထွက်လာတာ။ ဂါဝန်အနီရဲရဲလေးနှင့်လို့ မြင်တယ်။ ကိုယ်လည်းလန့်ပြီး ဘရိတ်အုပ်တာ ကံကောင်းလို့ နောက်ကား ဝင်မဆောင့်တာ… ထူးဆန်းတာက ပြီးတော့ အဲသည်ကလေး ထွက်ပြေးတာ မြန်လွန်းတယ်။ အနီရောင် အရိပ်ဟာ ချက်ချင်းပျောက်သွားရော… ကိုယ်လဲ ညဖက်မှောင်စ မီးရောင်ကြောင့်များ စိတ်ထင်သလားတောင် တွေးမိတယ်။"

"သတိထားမောင်းပါ ကိုကျော်စွာရယ်…"

"စိတ်ပူလား"

"ဘယ့်နှယ့်ပြောပါလိမ့် စိတ်ပူတာပေါ့…"

"အခုလဲ ဂရုစိုက် ညဖက်မှောင်နေပြီ…"

"စိတ်ပူတာ ချစ်လို့လို့ ခံစားပါတယ်။ နိုင့်ကို ကိုယ်က ခတ်ပုံလေး

www.burmeseclassic.com

www.burmeseclassic.com



နိုင့်မှာတော့ ခုလိုမျိုး ဘဝခရီးဖော်တစ်ယောက် တစ်နေ့တွေ့ချင်လဲ တွေ့နိုင်တယ်လို့ တွေးခဲ့ပါတယ်။ ကိုကျော်စွာ ပြောသလို ရင်သိမ့်လှိုက်ခုန်မချစ်ဘေကာမူ ဘဝအတွက်တော့ နှစ်သက်မြတ်နိုးသွားမှာပါ။

"ဟိုတယ်မှာလဲ ရက်ရနေပြီ…ဖိတ်စာလည်း စက္ကူပုံကို လှမ်းစီစဉ်ထားပြီ…တဖြည်းဖြည်းချင်း အိမ်အတွက် ပစ္စည်းတွေဝယ်နေတာလည်း ပြီးစပြုလာပြီ…ကိုယ်ပျော်နေပြီ နိုင်…"

"ကိုကျော်စွာ သင်္ဘောပြန်တက်ရင်တော့ နိုင် မေမေတို့နဲ့ ပြန်နေမှာနော်…"

"နေပါဗျာ…နေပါ…နိုင် စိတ်ချမ်းသာသလိုနေပါ…"

ကားက မြို့ထဲဘက်မှာတော့ ခပ်ဖြည်းဖြည်း မောင်းနေတာပါ။ လမ်းရှင်းတဲ့နေရာရောက်တော့ အရှိန်တင်ပြီး မောင်းလာတာပေါ့…

"ဖြည်းဖြည်း ကိုကျော်စွာ ဖြည်းဖြည်း…"

လှစ်ခနဲဆို အနီရောင်အရိပ်တစ်ခု ကားရှေ့က ဖြတ်သွားသလိုပါလား။ ကားဘရိတ်အုပ်လိုက်တဲ့ အခါမှာတော့…နောက်က ကားအရှိန်နှင့် ဝင်ဆောင့်ပြီဆိုတာ သိလိုက်ပါတယ်…။

"နိုင်…နိုင်…ဘာဖြစ်သွားလဲ နိုင်"

ကားဘရိတ်အုပ်တဲ့အရှိန်။

နောက်ကကား ဆောင့်လိုက်တဲ့အရှိန်ကြောင့် ကုပ်နှင့် လက်ပြင်ကြောတစ်လျှောက် အနည်းငယ် နာသွားသလိုဖြစ်ပေမယ့် တအားတော့ မဆိုးလှပါဘူး။

"ကိုကျော်စွာရော…"



"ကိုယ်လဲ ဘာမှမဖြစ်ပါဘူး။ ခဏလေး နောက်ကားကလူနဲ့ စကားပြောနေချိန်မှာ…"

ကိုကျော်စွာ ကားပေါ်ကဆင်းပြီး စကားပြောဆိုနေတုန်း နိုင် စဉ်းစားပါတယ်။

ဘာလို့ ရိပ်ခနဲ အနီရောင်အရိပ်ကို တွေ့ရတာလဲ။ ကိုကျော်စွာရော ဘာမြင်လိုက်လို့ ချက်ချင်းဘရိတ် အုပ်ရတာလဲ…။ ခုတလော ကားဘာလို့ ခုလို ဖြစ်နေရပါလိမ့်။ အစစ စီစဉ်ပြီး အပြန်လမ်းမှာတော့ ကိုကျော်စွာကို နိုင် မေးမိပါပြီ။

"ကိုကျော်စွာ ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

"ကျွန်တော့်မျက်လုံးထဲ အနီရောင်အရိပ်တစ်ခု ကားရှေ့က ဖြတ်ပြေးသလိုပဲ နိုင်…ဟိုနေ့ကလည်း တစ်ခါ…ကျွန်တော် မျက်လုံးများ မှုန်နေပြီလား။ မျက်မှန်စမ်းရလိမ့်မယ်။ နိုင်ကရော တစ်ခုခုမြင်လို့ အော်တာလား"

"နိုင်လဲ အရိပ်တစ်ခု မြင်လိုက်သလိုပါဘဲ"

"ဟင်…နိုင်ရော မြင်သလား"

"မြင်တယ်…ရိပ်ခနဲ ပြေးဝင်လာသလိုဘဲ…"

"ဟုတ်တယ်…ကိုယ်လဲ အဲလိုမြင်တာ။ အရိပ်က အနီရောင် ရောင်စဉ်တန်းလိုဘဲ…ဟိုရက်ကလဲ အနီရောင်ဂါဝန်နဲ့ ကောင်မလေးတစ်ယောက် ဖြတ်ကိုပြေးတာ…"

"နေပူနေတော့ မှန်လိုမျိုး တစ်ခုခုပေါ်ကျလာပြီး အရိပ်ဖြတ်ပြေးတာမျိုး…အနီရောင်ကလည်း…အခုအချိန်ကြီး…"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောမည့်သာ ပြောရတာ။ နိုင့်စိတ်ထဲလည်း အတော်ကြီး ရှုပ်ထွေးသွားရသလိုပါလား···။ ဒါပေမယ့် မီးရောင်ဆိုတော့လည်း မျက်လုံးမှားပြီး အရိပ်တွေနိုင်တာပါလား···။

"စိတ်အနှောင့်အယှက် ဖြစ်သွားလား"

"မဖြစ်ပါဘူး···"

"ကားမောင်းရင်တော့ ခုလိုမျိုး အသေးအမွှား ကားဖြစ်ဘတ်တာလေးတွေ ရှိပါတယ်။ အဆိုးဝါးဆုံး ထိခိုက်မှု မဖြစ်ရအောင်တော့ သတိထားရမှာပေါ့။ ကိုယ်အရင်က ခုလို မဖြစ်ဖူးပါဘူး။ မျက်မှန်လဲ စစ်လိုက်ပါ့မယ်။ တော်ကြာ ချစ်ငနီးက ယုံကြည်စိတ်ချမှု မရှိဖြစ်နေမှ···"

"မဟုတ်တာ···ကားစီးရင် အန္တရာယ်ဖြစ်တတ်တာမျိုးတော့ နိုင်လည်း နားလည်ပါတယ်။ နိုင့်ကို ပြန်ပို့ပြီး တစ်ယောက်ထဲ မောင်းသွားရင် ပိုသတိရှိပါ···"

"စိတ်ပူတယ်ဆိုတာ ချစ်လို့လို့ ယူဆရရင် ပျော်စရာပါဘဲ"

"တကယ်စိတ်ပူတာပါ···"

"ကြားရတာနဲ့တင် နားထဲမှာရော ရင်ထဲမှာပါ အေးသွားတာပါဘဲ··· စိတ်ချပါ ကိုယ်အရမ်း သတိရှိပါတယ်ဗျာ···"

ကိုကျော်စွာက နိုင့်ကို အိမ်ပြန်ပို့ပေးပြီး ပြန်တော့မယ်ဆိုတော့လဲ ထပ်ခါ သတိပေးမိပြန်တယ်။ အန်တီကတော့ နိုင့်ကို မြင်တယ်ဆိုရင်ဘဲ နိုင့်အခန်းထဲ ဝင်လိုက်လာပါတယ်။

"နိုင်···သည့်ဝတ်စုံ ကြည့်ပါဦး···ဘယ်လိုလည်း နိုင့် မင်္ဂလာဆောင်မှာ အန်တီဝတ်ရင် အဆင်ပြေပါ့မလား···"

ဝတ်စုံတစ်စုံ လာပြပြန်ပါပြီ။



ဒါကြောင့် ကြည့်ပြီး နိုင် ရယ်ရပါပေါ့။ လက်ထပ်မည့် သတို့သမီး နိုင်ကတောင်မှ မင်္ဂလာဝတ်စုံအဖြစ် တစ်စုံဘဲ မှာထားတာ။ အန်တီကတော့ တစ်စုံချုပ်လိုက် မကြိုက်လိုက် တစ်စုံချုပ်လိုက် မကြိုက်လိုက်နှင့် အခုတစ်လ လောက်လေးအတွင်း ဝတ်စုံကဖြင့် အစုံစုံ ဖြစ်နေပါပေါ့လား။

"အန်တီ···အန်တီက လှပြီးသားပါ။ ဘာလို့ သည်လောက်အစုံစုံ ချုပ်နေရပါလိမ့်··"

"ဒါ လှချင်နေတယ်လေ နိုင်ရဲ့"

"နိုင်ဖြင့် သည်လောက်ကြီး လှချင်နေတဲ့စိတ် မရှိပါဘူး"

"အမယ် မဟုတ်တာ···သတို့သမီးက ပိုတောင် ဂရုစိုက်ရဦးမယ်။ ကိုယ့်ဘဝမှာ အလှဆုံးဖြစ်ရမယ့် အချိန်လေ···"

နိုင်ဖြင့် သည်လိုလည်း အလှဆုံးဖြစ်ချင်တယ်လို့လည်း မတွေးမိပါဘူး။ တစ်သက်တာလုံးအတွက် အေးချမ်းပျော်ရွှင်ဖွယ်ကောင်းသော အိမ်ထောင်လေးတစ်ခုအဖြစ် တည်ဆောက်ချင်စိတ်တွေဘဲ ရှိနေခဲ့တာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိုးတွေက သည်းလိုက်တာ။ ခံစားချက်က ဘယ်လိုမှ မကောင်းပါလား။ နေမကောင်းတာလား။ ရင်ထဲက မကောင်းတာလား။ လေတစ်ချက် ပြင်းပြင်း တိုက်လိုက်ရင် ညောင်မှတ်ဆိတ်ပင်ကြီးက ပါးပျဉ်းမြစ်တွေဟာ ယိမ်းထိုး လှုပ်ခါနေလိုက်တာမှ…။ စိတ်ထဲမှာ ကြောက်နေတာမှုံးလား။ ပျောက်ကွယ်မှ မရှိတာလား။

ပြီးတော့ အနားမှာရှိနေတဲ့ အရိပ်တစ်ခုဆီ ကြည့်မိတဲ့အခါ…။

မျက်နှာလေးတစ်ခု…။

ဒါ ဘယ်သူလဲ…။

"မေမေ…ဖေဖေနဲ့ဘဲ နေပါ…"

ဟင်…ဒါဘာအသံလဲ…ဘယ်သူ့အသံလဲ…။ ဘယ်သူ့ကို ပြောနေတာလဲ ။

မေမေ…မေမေ…"





မေမေတဲ့။ ဘယ်သူခေါ်နေတာလဲလို့ ကြည့်မိတော့ ရင်ခွင်ထဲမှာ…။ ကလေးတစ်ယောက်။ ဂါဝန်အနီလေးကို သေချာမြင်နေရပြီး…ချစ်စရာ ဆံပင်အခွေလေးတွေလည်းရှိတယ်…။

"မေမေ…ဖေဖေလေ…သမီး ဖေဖေနဲ့ပဲနေပါ…ဖေဖေနဲ့ မေမေ့ဆီ ကိုပဲ သမီးပြန်လာချင်တယ်…"

"ဟင်…ဖေဖေ…အဲဒါကရော…အဲဒါကရော…မင်းကရော ဘယ်သူလည်း။

အနားမှာရှိနေတဲ့ မျက်နှာလေးတစ်ခု။ ရင်ထဲ တသိမ့်သိမ့် လှိုက်ခုန်နေ သလိုလို။ ဖေဖေနှင့် မေမေ တူတူနေရတော့မှ သမီးပြန်လာခဲ့မယ်။ ဒါကြောင့် ဖေဖေနှင့်ပဲ နေပါ။ ဖေဖေနှင့်ပဲ နေပါနော်…။

မိုးသည်းလေ…စိတ်ပျက်စရာ ကောင်းလေပါလား…။

ချမ်းလွန်းလို့လည်း ညည်းညူနေမိသည့်ထင်ရဲ့…။

"နိုင်…နိုင်လေး…ဟဲ့…ပြတင်းပေါက်ကြီး ဖွင့်အိပ်တာကိုး…ဖျားပြီထင်တယ်။ ညည်းနေလိုက်တာ…ထ…ထ…ကော်ဖီပူပူလေးနဲ့ ဆေးသောက်ရအောင်…"

အသိစိတ်ဝင်လာတဲ့ အချိန်မှာတော့ အနားမှာ အန်တီ့ကို တွေ့ရတယ်။

"အန်တီ…လူတစ်ယောက်…ပြီးတော့ ကလေး၊ ကလေးတစ် ယောက်…"

"ဘာတွေပြောနေတာလဲ နိုင်ရယ်…နင် အိပ်မက် မက်တာလားမှ မသိတာ…"

"အိပ်မက်ဆိုး…"

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နိုင်တာပေါ့။ ဒါဟာ အိပ်မက်တစ်ခုပါစော။ အိပ်မက်က အခုပဲ ဖြစ်နေသလိုလို။ ညှောင်မှတ်ဆိတ်ပင်ကြီးက ပိုးပျဉ်းမြစ်တွေ လှုပ်ခတ်နေသလို အခုထိ မြင်နေသလိုဘဲ။ အဲသည့် လူနှင့် ကလေးမလေး။ မေမေ ဖေဖေနှင့်ပဲ နေပါတဲ့…ဘာတွေ ပြောနေတာလဲ…။ ဘယ်က မေမေလည်း ဘယ်က ဖေဖေလည်း။ ဖေဖေနှင့် မေမေ့ဆီကိုပဲ သမီး ပြန်လာချင်တယ်တဲ့…။

"ဆေးသောက်ပြီး ပြန်အိပ်လိုက် နိုင်…ညဦးတည်းက မိုးရွာမှာမို့ အိုက်နေတာကို ဘာလို့ ပြတင်းပေါက်ကြီး ဖွင့်အိပ်ရလဲ…ငါမကြည့်မိရင် မကြည့်မိသလို…နိုင်…အိမ်ထောင်ပဲ ပြုရတော့မယ်…ကလေးလို လုပ်မနေနဲ့…"

"အိုက်တာနဲ့ ဖွင့်အိပ်မိတာပါ အန်တီရယ်…"

ဖျားတော့ မဖျားသေးပါဘူး။ ချမ်းနေတာတော့ အမှန်ပါဘဲ။ ပြန်အိပ်ဆို ပေမယ့် အိပ်မပျော်ချင်တော့ သလိုပါပဲ…။ အတွေးတွေ များနေတာလား။ သည်အိပ်မက်တွေကို ဘာလို့ ခဏခဏ မက်ရတာလဲ။

မက်လိုက်တိုင်း တစ်ခုနှင့်တစ်ခု မတူပါဘူး။ ဘယ်လိုဆိုဆို…အဲသည့် ညှောင်ပင်ကြီးကိုတော့ အမှတ်တရလို ဖြစ်နေတယ်။

ဘာလို့ ညှောင်ပင်မှာ ရှိနေရတာလဲ။

လူဆိုတာကတော့ ညှောင်ပင်မှာနေ နေမှာတဲ့လား။ နိုင် သည်ဘဝ မရောက်ခင်က ဘဝလား။ ဘာလို့ သည်လောက်နှိုးစပ်နေရတာလဲ။ ခုတစ်ခါ တွေ့လိုက်ရတဲ့ လူတစ်ယောက်ရဲ့ မျက်နှာပုံရိပ် အရင်ကတော့ မမြင်ခဲ့ဘူး ပါဘူးလေ…။

* * *



*

အိမ်ကလေးက လိုအပ်မယ့် အိမ်သုံးပစ္စည်းလေးတွေနှင့်တော့ ပြည့်စုံနေပါပြီ။ ပစ္စည်းအားလုံးလိုလိုက နိုင့်အကြိုက်တွေဘဲ များပါတယ်။ ဗိတ်စာတွေလည်း မနက်ဖြန်ဆို ရောက်လာတော့မှာပါ။ ကိုကျော်စွာကတော့ အပျော်ရှင်ဆုံး လူတစ်ယောက်လို့ ပြောလို့ရပါတယ်။

အမြန်ဆုံး လက်ထပ်ဖြစ်သွားလည်း ကောင်းပါတယ်။

မဟုတ်ရင် အန်တီတစ်ယောက် ဝတ်စုံ အစုံတစ်ရာမက ချုပ်ဖြစ်တော့မယ်လေ။ နောက်ဆုံးဝတ်စုံအဖြစ် ရွေးလိုက်တဲ့ ခရမ်းပြာရောင် ဝတ်စုံကို ကြည့်ပြီး…မေမေကတော့ သူ့ညီမ အန်တီ့ကို အပြစ်တင်ပါတယ်။ ကိုယ့် အသား ဒီလောက်ညိုတာများ သည်အရောင်မှ ရွေးရမလားတဲ့။

"နိုင်က ဟန်နီးမွန်းကို နိုင်ငံခြားဖက် မသွားပါဘူးဆိုလို့သာ ကိုက နိုင့်ကို ကိုကျင်လည်ခဲ့ရတဲ့ ဝန်းကျင်တွေကို လိုက်ပြပေးချင်တာ…"

"တစ်နေ့ အသက်တွေကြီးလာရင်လည်း ကိုယ့်မွေးရပ်မြေမှာပဲ နေကြ

www.burmeseclassic.com

www.burmeseclassic.com



မှာ…ဟန်နီးမွန်း ထွက်ခဲ့တဲ့ နေရာလေးတွေက ကိုယ့်နိုင်ငံမှာပဲရှိရင် အချိန်မရွေးသွားပြီး ကြည့်နိုင်တာပေါ့…"

"ဟုတ်ပါပြီဗျာ…နိုင် သည့်လောက် စိတ်ကူးနုနုလေးတွေ ရှိလိမ့်မယ်လို့ကို မထင်ခဲ့မိဘူး…"

"ကိုကျော်စွာ မောင်နှမတွေကလည်း ပျော်နေကြတယ်…နိုင်တို့မင်္ဂလာပွဲအပြီး ကြိုးတားဖို့ တိုင်ပင်နေကြတာ။ ကိုကျော်စွာကတော့ ကောင်းကောင်းကုန်ဦးမှာ သေချာတယ်။

"အိမ်မှာက မောင်နှမအရင်းတွေထက် ဝမ်းကွဲတွေကလည်း များတော့ အားလုံးက ရန်ဖြစ်လိုက် ချစ်လိုက်နဲ့ တပျော်တပါးကြီးပေါ့။ နိုင့်ကို ကိုယ်သိပ်ချစ်မှန်းသိလို့ သူတို့ကလည်း ချစ်ကြမှာပါ…။ စိတ်အဆင်မပြေရင် ရန်ဖြစ်လိုက်…ပြီးတော့လဲ ပြန်ခေါ်ကြတာပါပဲ"

လူတစ်ယောက်ကို ယုံကြည်လို့ လက်ထပ်ပါပြီဆိုမှ သူ့မိသားစုတွေကိုလည်း တတ်နိုင်သရွေ့ ခင်ခင်မင်မင်နဲ့ အဆင်ပြေအောင်တော့ နေရတော့မှာပေါ့…။

"သည်နေ့ ဘယ်သွားမလဲ…ဘယ်မှာ စားချင်သလဲ…"

"ဘယ်မှာမှ မစားပါဘူး။ အိမ်ပြန်ချက်စားကြမယ်…"

"အိမ်မှာ"

"ဟုတ်တယ်၊ အိမ်မှာပဲ ချက်စားကြရအောင်ပါ…အန်တီက ဖျားလို့ အိပ်နေတယ်။ မေမေကတော့ ထုံးစံအတိုင်း အလုပ်အမြဲများနေတော့ ရှိမှာမဟုတ်ဘူး…"

"နိုင်က ကို့ကို ဘာချက်ကျွေးမလဲ…"

"ဘာစားချင်လဲဟင်…"



"ကိုယ်က အပြုတ်တွေကြိုက်တယ်။ ခေါက်ဆွဲပြုတ်၊ ဖက်ထုပ်ပြုတ်၊ ကြာဇံ၊ ကြေးအိုး စသဖြင့်ပေါ့…"

"ဟုတ်လား။ ဒါဆို နိုင်တို့ ဖက်ထုပ်ပြုတ်စားရအောင်…"

"စားမယ်…"

"ကောင်းလိုက်တာ…အန်တီဖျားနေတော့ ဖက်ထုပ်ပြုတ်လေးစားရင် ကောင်းတာပေါ့…နိုင် မှတ်ထားပါ့မယ်…ကိုကျော်စွာအကြိုက်တွေ သိရတော့ ကောင်းတယ်လေ။ တစ်သက်လုံး တူတူနေကြရမှာ။ ကိုယ့်ခင်ပွန်းအကြိုက်ကို သိသင့်တာပေါ့…"

"ကို သိပ်ကို ကြည်နူးချမ်းမြေ့ရပါတယ်။ နိုင်က တစ်ကယ့်ကို ဘဝခရီးဖော်ကောင်းပါ…"

အိမ်ရောက်တော့ အန်တီက တံခါးလာဖွင့်ပေးရင် အစောကြီး ပြန်လာကြတာလား။ အန်တီတော့ ခေါင်းမထူနိုင်လို့ ဆေးသောက်ပြီး အိပ်နေတော့မယ်။ စကားပြောကြဦးတဲ့…။ ကိုကျော်စွာအတွက် ဖက်ထုပ်ပြုတ်ပေးဖို့ ပြင်ဆင်တော့ အနားမှာ လာထိုင်နေပါတယ်။

"တစ်နေ့ တစ်နေ့…အချိန်တွေက အမြန်ခုံးကုန်တယ်လို့ သိသိကြီးနဲ့…စောင့်နေရတာ မောသလိုဘဲ။ လက်ထပ်တဲ့နေ့ ရောက်ချင်နေမိပြီ"

နိုင့်ကို ကြည်နူးစွာ ကြည့်ရင်း ပြောနေပြန်တာ။ သူကတော့ နိုင့်ကို သိပ်ချစ်သတဲ့။ အချစ်ကို တစ်ခါတလေတော့ လှိုက်လှဲရင်ခုန်စွာ ကြုံဖို့ချင်မိသလိုပါ…။ ဒါပေမယ့် ကိုကျော်စွာဟာ ခင်ပွန်းကောင်းတစ်ယောက်ဖြစ်လိမ့်မယ်လို့ နိုင် ယုံကြည်စွာ လက်ထပ်ခဲ့ပေမယ့် လှိုက်လှဲရင်ခုန်သော အချစ်တော့ မရှိပါ…။

"အခုတောင်မှ မွှေးကြိုင်နေပြီ…နိုင် ထမင်းဟင်းချက် ကောင်းမယ်ပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စားလို့ဖြစ်ရုံပါဘဲ"

"ကိုယ့်မိန်းမ လက်ရာဆိုတော့ စားလို့ဖြစ်ရုံကိုပဲ အကောင်းဆုံးလို့ ယူဆပြီး စားမှာပါ…"

ဖက်ထုပ်ပြုတ်စားရင်း လက်ထပ်ပွဲအတွက် လိုလေသေးမရှိအောင် စီစဉ်ဖို့ဘဲ ပြောနေပါတယ်။ သူကတော့ သိပ်မလိုတော့တဲ့ မင်္ဂလာပွဲကို အမြန်ရောက်ချင်ကြောင်း အခါခါ ပြောပါတယ်။ သူ ပျော်ရွှင်နေသလောက် နိုင်ကတော့ ဘာလို့များ သည်မျှ မပျော်ရွှင်မိပါလိမ့်။ ဦးနှောက်နှင့် ခုံးဖြတ်သော အိမ်ထောင်ရေးမို့များလား။

"ကို ပြန်မယ်…ခဏလေး ခွဲနေရမှန်းသိတာတောင် မခွဲချင်တော့ဘူး…"

သူကတော့ ချစ်သတဲ့။ ချစ်တော့လည်း အဲလိုမျိုး ခံစားရတာများလား။ နိုင်ကတော့ အေးဆေးငြိမ်သက်လွန်းစွာနှင့် တည်ငြိမ်သော ခံစားမှုတွေဘဲ ရှိတာပါလား။

* * *



နိုင့် အခန်းလေးထဲမှာ ငြိမ်သက်စွာ နားနေရင်း သည်အခန်းလေးမှာ နိုင် အပျိုပေါက်စ ဆယ့်သုံးလေးနှစ်ကစပြီး နေလာခဲ့တာ။ အခုတော့ ခွဲခွာရတော့မယ်။ သူ့ သဘောတက်ချိန်ကြရင်တော့ ပြန်ရောက်လာဦးမည် ထင်ပါရဲ့ လူတွေဆိုတာ အစွဲအလန်း ကြီးသတဲ့။ နိုင်လည်း သည်အခန်းလေးကိုပင် အတော်ကြီး စွဲလန်းတာပါလား။

"အမယ်လေး နိုင်…နိုင်…လာပါဦး…လာပါဦး…နင့်အမေ ဖုန်းပြောရင်း လဲကျသွားတယ်…"

ဘုရား ဘုရား…အန်တီအော်သံကြောင့် ခြေထောက်နှင့် ကြမ်းပြင် ထိမထိ မသိတော့ပါဘဲ ပြေးထွက်ခဲ့ရပါတယ်။ တယ်လီဖုန်း စကားပြောခွက်က ကြိုးတန်းလန်းလေးကျပြီး မေမေက ကြမ်းပြင်ပေါ်မှာ ခွေခွေလေး…။

"အန်တီ…မေမေ့ကို ထူလေ…ထူမပေါ့…ပြီးတော့ ဆေးရုံပို့ရအောင်…"

"တယ်လီဖုန်း ပြောနေတာဘဲ…မြမြစိုးလားလို့ မေးသံကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မြမြမိုး"

အန်တီ မြမြမိုးက ကိုကျော်စွာ အဒေါ်အငယ်ပါ။ ကိုကျော်စွာ အမေရဲ့ ညီမငယ်။ ဖုန်းကပြတ်နေပြီမို့ မေမေ့ကို ဆေးရုံတင်ဖို့ ပြင်ဆင်နေဆဲ မေမေ သတိရလာပြန်ပါတယ်။

"ဆေးရုံသွားကြရအောင် မမ···နိုင် ကားသွားငှား···"

"နေ···နေ···ရပြီ···"

သတိရပြီလို့သာပြောတာ။ ဘာများ လှုပ်ရှားနိုင်လို့လဲ။ ဒါကြောင့် မေမေ ကြည့်ရတာ နေမကောင်းပါဘူး။ ဆေးရုံသွားကို သွားမှပါဆို ပွေ့ထူရော နိုင့်ကို တွေတွေကြီး ကြည့်နေရာက ရုတ်တရက် အားပါးတရဖက်ပြီး ငိုပါ လေရော။ မေမေက နိုင့်ကို ဖက်ပြီး ရှိုက်ကြီးတငင် ငိုတဲ့အခါမှာတော့ နိုင် သိပ်ကို ထိတ်လန့်တုန်လှုပ်နေပါပြီ။

"မေမေ···ဘာဖြစ်လဲ···ဘာဖြစ်လဲ ပြောပါ···ဘာဖြစ်လို့လဲဟင်"

"မမ ဘာလို့ သည်လောက်ငိုရတာလဲ။ မထိတ်သာ မလန့်သာ မမ ရယ်···"

"မောင်ကျော်စွာထွန်းလေ···"

"ဟဲ့ မမ···ခြော် သတိလစ်သွားပြန်ပြီ။ နိုင် ဒုက္ခဘဲ ဘာတွေဖြစ်နေ တာလဲ···နေစမ်းပါဦး···"

"အန်တီ···လမ်းထိပ်ဆေးခန်းက ဒေါက်တာအေးအေးကို ဖုန်းခေါ်ပြီး အိမ်ပင့်ပါလား···မေမေက သွေးဆီအမြဲကုတာ၊ လာမှာပါ···"

"အေး···အေး···"

ဆရာဝန်ကို ပင့်ပြီး မေမေ့ကို အန်တီနှင့် နိုင်တို့ ပွေ့ပြီး ကုတင်ပေါ် ရွှေ့ကြရပြန်ပါတယ်။



ဆရာဝန်မလာခင် အန်တီ့ကို အန်တီမြမြမိုးတို့အိမ် ဖုန်းဆက်ကြည့်ပါ လား။ အန်တီ ဘာတွေများ ပြောကြလို့လဲ မသိပါဘူး။ နိုင် မေမေ့ကို စောင့်ကြည့်နေမယ်လို့ ပြောရတယ်။ ဆရာဝန် ရောက်လာပြီး သွေးပေါင်ချိန် ကြည့်ပြီးတာနဲ့···ဆေးရုံတင်တာ အကောင်းဆုံးပါဘဲတဲ့။

"အန်တီ···ဆေးရုံတင်ကြရမှာ···ဘယ်လိုလုပ်ကြမလဲ အန်တီ···"

အန်တီကလည်းလေ···ခုလောက် အရေးကြီးနေပါတယ်ဆို ငွေငွေ ဝေါ်နှင့် သူလည်း စိတ်ညစ်လို့ နေမှာဘဲလေဆိုပြီး ဆေးရုံတင်ဖို့ကိစ္စ လောရ တော့တာပေါ့။ ဆေးရုံပေါ်ရောက်လို့ မေမေ့ကို စမ်းသပ်စစ်ဆေးပြီး ဆေးရုံ တင်ဖို့ အကုန်ပြီးမှ သက်ပြင်းချရတယ်။

"အန်တီ···အန်တီမြမြမိုးဆီ ဆက်ပြီးပြီလား···ဘာတဲ့လဲ"

"ဟင်···ဘာပြောတယ်···ခြော်···အေး···မမကို စိတ်ပူနေတာ နဲ့···မမက သွေးတွေ တအားတက်နေတယ် ထင်တယ်···"

"နလုံးရောဂါ ရှိတယ်တဲ့။ နိုင်တို့ မသိကြပါလား။ အန်တီ···မေမေ့နား ခဏနေပေးပါလား···နိုင် ဖုန်းဆက်ချင်တယ်။ ကိုကျော်စွာဆီတော့ ဆက် သင့်တာပေါ့။ မေမေ ခုလိုဖြစ်တယ်ဆိုရင် သူလည်း နေနိုင်မယ် မထင်ပါ ဘူး···"

"အခုသွားမဆက်နဲ့ဦးလေ···နင့်အမေ အခြေအနေ အတိအကျသိပြီးမှ ဆက်ပါလားကွယ်···ခဏလောက် ငါတို့ မမ အနားမှာပဲ နေကြရအောင် ပါ···"

နိုင့်လက်ကို အန်တီက ဆုပ်ကိုင်ထားလိုက်တာ။ အန်တီ့လက်ကလည်း အေးစက်နေတာပါလား။ အန်တီက ဖျားထားတာဆိုတော့ အန်တီပါ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရင်လည်း အခက်။ မေမေ့အခြေအနေ သိမှဘဲ ကိုကျော်စွာ့ဆီ ဖုန်းဆက်ရမယ်။

"အန့်တီ ဗိုက်ဆာနေလား...နေကောင်းလား။ လက်တွေ အေးလိုက်တာ..."

"ဘာမှလဲ မစားချင်တော့ပါဘူး..."

အန့်တီက ပြောရင်း မျက်ရည် တတွေတွေ ကျနေပြန်ပါပြီ...။

"အန့်တီ မငိုနဲ့လေ။ မငိုရဘူးလေ။ မေမေ နေကောင်းလာမှာပါ...။ မေမေ နေမကောင်းတဲ့အချိန် အန့်တီက တောင့်ထားမှပေါ့။ ခုချိန် နိုင်နဲ့အန့်တီ ကြံ့ကြံ့ခံနိုင်မှ ရမှာလေ..."

"ဟုတ်ပါတယ်ကွယ်...ဟုတ်ပါတယ်"

မေမေက တော်တော်နှင့် သတိမရပါလား။ မေမေများ တစ်ခုခုဖြစ်သွားရင်...ဟင့် မဟုတ်တာ မှဟုတ်ဲ လွဲပါစေ ဖယ်ပါစေ။ မေမေက နိုင့်ကို အိမ်ထောင်ပြုစေချင်တာမှ အရမ်း။ အခု နိုင် အိမ်ထောင်ပြုဖို့ စိတ်ညှိပြီးသလို ကိုကျော်စွာကလည်း မေမေ နှစ်သက်တဲ့လူ ဖြစ်နေလေတော့ အစစ စိတ်ချသွားတာမျိုးလား။ နိုင့်ကို စိတ်ချပြီး စိတ်တိုင်းကျပြီဆိုပြီး မေမေ တစ်ခုခု ဖြစ်သွားရင်..."

ရင်ထဲ ပင်ပန်းဆင်းရဲလိုက်ရတာ...။

"ဟင်...အန့်တီမြမြစိုးလာပါလား..."

"မြမြစိုး...မမတော့ လဲကျသွားတာ ခုထိ သတိကို မရဘူး...။ နိုင်လဲ အမေ့အပူနဲ့ဆိုတော့..."

"အိမ်ကို ဖုန်းဆက်ပြီးထဲက စိတ်ပူလို့ လိုက်လာတာ။ အိမ်မှာ အစ်မကလဲ..."



"ဟင် မာမီကရော နေမကောင်းဘူးလား..."

ကိုကျော်စွာ့ မာမီရော နေမကောင်းဘူးလား။ မင်္ဂလာပွဲက ဘာမှ မလိုတော့တဲ့အချိန်မှ လူကြီးတွေက နေမကောင်းကြရင် ကိုကျော်စွာနှင့် နိုင် စိတ်ပူရမှာပေါ့...။

"အန့်တီမြ...ကိုကျော်စွာ့ကို မေမေ ဆေးရုံတင်ရတာ ပြောပေးပါဦး...မနက်ဖြန် သမီးနဲ့သူ ဖိတ်ရမယ့် လူကြီးတွေစာရင်း ပြုစုပြီး လက်ဆောင်ပါ ဝယ်မယ် ပြောထားလို့ပါ။ မေမေ့ အခြေအနေက မသိရသေးတော့...သူ့ဆီလဲ နိုင် ဖုန်းမဆက်ရဘူး ဖြစ်နေလို့ပါ အန့်တီမြ"

အန့်တီမြမြစိုးက ခေါင်းလေးတညိတ်ညိတ်နှင့်...မြမြစိုးရယ် မမ ခုလို ဖြစ်နေချိန် နိုင်နှင့် ကျွန်မပဲ ရှိနေလို့ မဖြစ်တော့မှ ပြောကြတာပေါ့တဲ့...

"ဘာလဲ အန့်တီ"

"နိုင်...သမီးမေမေကို ဂရုစိုက်...သမီးအမေက နိုင့်ကို သိပ်ချစ်တာပါ သမီးရယ်..."

ဟုတ်ပါတယ်။ မေမေက နိုင့်ကို သိပ်ချစ်တာပါလေ။ နိုင် လက်ထပ်တော့မယ်ဆိုမှ အများကြီး စိတ်အေးသွားရှာတာပါ။ အန့်တီမြမြစိုးက ခဏနေတော့ ပြန်မယ်ဆို အန့်တီက လိုက်ပို့ပါတယ်။ ဝရန်တာမှာ အန့်တီမြမြစိုးနှင့် အန့်တီတို့ ဘာတွေများ ပြောနေကြပါလိမ့်...။

ကိုကျော်စွာ့ မာမီကလည်း ဆီးချိုသွေးချိုရှိတော့ နည်းနည်း နေမကောင်းဖြစ်တာပါလို့ ပြောသွားပါတယ်။

"အန့်တီ ဘာလို့ သည်လောက် ငိုနေရတာလဲ။ အန့်တီက စိတ်ထိန်းဦးမှပေါ့...နိုင်ဖြင့် ငိုချင်လွန်းတာတောင် ရင်ထဲ ကြိတ်မှိတ်နေရတာယ်"

"ငါ...ငါ...ဝမ်းနည်းလို့ပါ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ဒါပေါ့. . . နိုင်လဲ ဝမ်းနည်းတာပါဘဲ. . ."

မေမေ ခုလိုဖြစ်နေတာ နိုင်လည်း ဝမ်းမနည်းဘဲ နေမလား။ ဒါပေမယ့် အန်တီနှင့် နိုင် ငိုနေကြရုံနှင့် ဘာမှဖြစ်လာမှာမှ မဟုတ်တာဘဲ။

* * *



"မေမေကော ဘယ်လိုဖြစ်သလဲ အန်တီ. . . သတိရလာလိုက် မျက်ရည်တွေကျလိုက် သတိပြန်လစ်သွားလိုက်နဲ့ သည်ပုံဆို စိုးရိမ်စရာပါလား။ နလုံးကလည်းမကောင်း။ သွေးပေါင်အတက်အကျကလဲ စိုးရိမ်ရတယ်ဆို. . ."

မေမေ့အနားမှာ စကားမပြောချင်လို့ ဝရန်တာမှာရပ်ပြီး အန်တီနှင့် ပြောရပါပြီ။ အန်တီကလည်း ငိုလိုက် ငြိမ်လိုက်. . . တိုင်ပင်ရတာ မကောင်းလိုက်တာ။ စိတ်ညစ်ပါတယ်။ ကိုကျော်စွာ ပေါ်မလာတာ ပိုဆိုးတာပေါ့. . . အန်တီ မြမြိုးက မေမေ့အကြောင်း ပြောရင် သူပေါ်လာသင့်ပါလျက်. . . အခုတော့ မဟုတ်မှလွဲ. . . မာမီကရော ဘယ်လောက်တောင် နေမကောင်းဖြစ်နေပါလိမ့်. . .။

"မာမီများ. . . တစ်ခုခု ဖြစ်သလား. . . ကိုကျော်စွာ ဘာလို့မလာတာလဲ. . ."

"နိုင်. . . ဟိုမှာ သိတာထွန်း လာနေတယ်"

"မကြီးပါလား"

[illegible]

www.burmeseclassic.com



မမကြီးသိတာထွန်းက အစ်မအကြီးဆုံး။ ကိုကျော်စွာတို့ မောင်နှမတွေက အစ်မကြီးမို့ ချစ်ခင်လေးစားကြသလောက် မမကြီးကလည်း သဘောဖြူစင် လေးစားထိုက်သူပါ. . .။

"နိုင့်ကို သိတာ ခေါ်သွားမယ် အန်တီ. . ."

"ဘယ်သွားမလို့လဲ မမကြီး. . .မေမေက သိပ်နေမကောင်းသေးဘူး၊ သတိရလိုက် မရလိုက် ဖြစ်နေလို့. . ."

"နိုင် လိုက်သွားလိုက်၊ မမကို အန်တီ ကြည့်ထားပါ့မယ်. . ."

မမကြီး လက်ဆွဲခေါ်ရာ လိုက်လာခဲ့ရပါပြီ။ ကြည့်ရတာ မာမီ နေမကောင်းပြန်ဘူးလား။ မာမီများ တစ်ခုခု ဖြစ်သလား။ စိတ်ထဲ ထိတ်ခနဲတော့ ပူပန်သွားရပါလား။ နိုင်တို့ မင်္ဂလာရက် ကပ်နေကာမှ ဘယ်လိုဖြစ်ရပါလိမ့်၊ စိတ်ထဲမှာ အုံ့မှိုင်းပြီး လေးလံလွန်းတာပါလား။ ကားမောင်းသွားတာက အိမ်ကိုလည်း မဟုတ်လေတော့ ဘာတွေများ ဖြစ်နေပါလိမ့်. . .။

"ဟင် သည်နေရာ. . .သည်နေရာ. . .ဘယ်သူ ဘာဖြစ်လဲ. . .မမကြီး မာမီ နေမကောင်းဘူးဆို. . .အန်တီ မြမြစိုးလာတယ်၊ အန်တီမြမြစိုးက မပြောရက်လို့လား. . .ဘာဖြစ်တာလဲ. . .။ လူတစ်ယောက်ရဲ့ နောက်ဆုံးခရီးကို ပို့ဆောင်ရာနေရာ။ လူတွေအားလုံးမှာ ကြေကွဲခြင်း ရှိတဲ့နေရာ၊ မီးခိုးငွေ့တွေက နှုတ်ဆက်ခွဲခွာခြင်းလား. . .။

မမကြီးက မျက်ရည် တတွေတွေကျရင်း နိုင့်ကို ကြည့်နေပါတယ်။

"နိုင်. . .မောင်လေးကျော်စွာ ဆုံးသွားတာ. . .အခု နောက်ဆုံးခရီး အချိန်မို့. . .နိုင် မတွေ့လိုက်ရမှာ စိုးရိမ်လို့. . ."

"ကိုကျော်စွာ. . .ဘာဖြစ်တယ် မမကြီး"

"မောင်လေးကျော်စွာ ဆုံးပြီ"



ရုတ်တရက်မို့ မျက်လုံးတွေ ပြာဝေသွားတာပါလား။ လူက ယိမ်းယိုင်သွားပြီးတော့ နားကြားလွဲတာလို့ပဲ ခံစားရတယ်။ မယုံနိုင်ပါဘူး။

"မဟုတ်တာ မမကြီးရယ်. . .ကိုကျော်စွာက နိုင်နဲ့မတွေ့တာ ဘယ်နရက်ရှိသေးလို့လဲ. . .နေကောင်းနေတာကို. . .နိုင့်ကို ညာတာလား. . ."

"မောင်လေးက ကားအက်ဆီးဒင့်ကြောင့် ဆုံးတာပါ. . ."

နိုင် ဘယ်လိုမှ လမ်းမလျှောက်နိုင်တော့ဘူး။ မမကြီး ဆွဲခေါ်ရာ ဒရွတ်ဆွဲပြီး ပါလာခဲ့ပါတယ်။ နိုင့်ကိုမြင်တယ်ဆို ကိုကျော်စွာ ညီမလေးက လာဖက်ငိုပြန်ပါတယ်။ ဟိုလူကငို သည်လူကငိုနှင့်။ နောက်ဆုံး ခွဲခွာကြတော့မှာတဲ့လား. . .။ အားလုံးက အတွေးကိုယ်စီ ခံစားမှုကိုယ်စီတော့ ရှိမှာပါ။

"မာမီတော့ ငိုလိုက် သတိလစ်လိုက်နဲ့မို့ ခေါ်လာလို့မရဘူး"

"ဟင် မေမေ. . .မေမေကရော ကိုကျော်စွာအကြောင်း သိသွားတာလား. . ."

ဟုတ်တယ်. . .အန်တီမြမြစိုးက ဖုန်းဆက်ပြောတာမှာ အန်တီလဲကျပြီး ဆေးရုံရောက်သွားတယ်လေ. . .နိုင်. . ."

မေမေ ဒါကြောင့် ငိုလိုက် သတိလစ်သွားလိုက်နှင့် ဖြစ်ခဲ့တာပါလား။ နိုင့်ကိုဖက်ပြီး ငိုခဲ့တဲ့ မေမေ့ကြေကွဲခြင်း ခုတော့ နိုင်သိပါပြီ။ ဖြစ်မှဖြစ်ရလေ။ ကိုကျော်စွာ အိပ်နေသလိုလေးပါလား။ နိုင်တို့ အနာဂတ်အတွက် စကားတွေ အများကြီး ပြောခဲ့ကြတယ်လေ။ မင်္ဂလာရက်ကို အမြန်ရောက်ချင်လို့ ရက်တွေကိုတောင် ရွှေ့ပစ်ချင်တယ်ဆို။ အခုကျတော့ အနားမှာ နိုင် ကြေကွဲစွာ ရပ်နေတာကိုတောင် မသိတော့ပါလား။ မျက်နှာက အေးဆေးတည်ငြိမ် လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင့်ကို ပြန်ဖို့ပြီး တစ်ယောက်တည်း ကားမောင်းရင် ပိုသတိရှိရမယ်နော်။ စိတ်ပူတာ ချစ်လို့လားတဲ့။

တကယ်လည်း အခုတော့ သူတစ်ယောက်တည်း ကားမောင်းသွားရင်းက ခုလိုဖြစ်တယ် ဆိုပါလား…။ နိုင် သတိပေးခဲ့တာ စိတ်ပူလို့ပါ…စိတ်ပူတဲ့အတိုင်း အခု ဖြစ်ခဲ့ရပြီ။

အားလုံးကတော့ ငိုနေကြတယ်၊ နိုင်ကတော့ တစ်ယောက်ပြီး တစ်ယောက် လိုက်ကြည့်နေမိပါပြီ။

အဲဒါပေါ့…အခုဆုံးတဲ့ ကောင်လေးနှင့် လက်ထပ်တော့မယ့် ကောင်မလေးလေ။ ဖိတ်စာတွေတောင် ရောက်နေပြီတဲ့…မဝေရသေးတာ တော်သေးတာပေါ့…သူတို့နှစ်ယောက်နေမယ့် တိုက်ခန်းကိုလည်း အစစ ပြင်ဆင်ပြီးပြီတဲ့…။

"ကောင်မလေးက မငိုဘူး။ ဒါပေမယ့် ကြောင်တောင်တောင်လေးလိုတော့ ဖြစ်နေပြီ…"

"အေးလေ…သူလည်း ဘယ်လောက် စိတ်ဆင်းရဲမလဲ"

"မင်္ဂလာဆောင်ကာနီးမှ ဖြစ်ရတယ်ဟာယ်…"

"ဘာပဲပြောပြော…လက်ထပ်ပြီးကာစခို ခုထက်ပိုဆိုးမှာပေါ့"

ဘယ်လိုလူတွေပါလိမ့်။ အားလုံး စိတ်ညစ်နေကြတယ်။ ငိုနေကြကွဲ ထိခိုက်နေကြတယ်။ ဒါကို လိုက်ကြည့်ပြီး အမျိုးမျိုးပြောကြ ဝေဖန်ကြနှင့်ပါလား။ ကာယကံရှင်တွေရဲ့ ရင်ထဲက ကြေကွဲမှုကို မေ့နေကြတာလား။

ကိုကျော်စွာ…ဘာကြောင့် ကားတိုက်ရတာလဲ…သတိမရှိဘဲတော့ မဟုတ်နိုင်ပါဘူး။ ဘာလို အကြောင်းတစ်ခု ဖြစ်သလဲ…ဟိုရက်တွေကလို ဘာများဖြစ်သလဲ…နိုင့်ကို ပြောပြစေချင်လိုက်တာ။



ကိုကျော်စွာကို မေးကြည့်မိတယ်။

မျက်လုံးတွေမှိတ်လို့ ငြိမ်သက်စွာ ရှိနေတာပါလား။ ဟိုရက်တွေကလို နိုင့်ကို ဓာတ်ပုံလေးမြင်ထဲက ချစ်တာလို့ မပြောနိုင်တော့ပါလား။ ရင်ထဲတော့ အမှတ်တရတွေအဖြစ် ရှိနေကြဦးမှာပါ။ ငိုကြတယ်…မေ့လဲကျတဲ့လူနှင့်။

"မနိုင်…ငိုလိုက်ပါလား…"

ငိုတဲ့။ ငိုလို့ရရင် ကောင်းတာပေါ့။ မငိုနိုင်သလိုပါပဲ။ ဒါပေမယ့် ခြေထောက်တွေကအစ မဟုတ်တော့တာ။ နိုင် ဘယ်လိုမှ မထူထောင်နိုင်လောက်အောင်ပါပဲလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



နိုင် ဘယ်လိုမှ ကြုံကြံခဲ ရပ်တည်နိုင်စွမ်း မရှိတော့လောက်အောင်ပါဘဲ။ ဗုန်းဗုန်းလဲကျသွားတဲ့ မေမေ့ကိုလည်း အခုမှ စာနာမိပါတယ်။ နိုင့်လိုလူတောင်မှ ရထိုက်တာက် ပြန်မထူထောင်နိုင်တာ။ မယုံကြည်နိုင်ပါဘူး။ မဟုတ်ပါဘူးလို့ စိတ်ကို လှည့်စားလိုက်တိုင်း နိုင့်ကို ပိန်းကားလွန်းစွာ မျက်လုံးမှိတ် လဲလျောင်းနေတဲ့ သူ့ပုံက ပြန်ပေါ်လာခဲ့ပါတယ်။

"နိုင်…စိတ်ကို တင်းမှပေါ့…သမီးက သည်လိုဖြစ်နေရင် သမီးအမေကို ဘယ်သိုအားပေးမလဲ…ဘယ်လို ပြန်ကောင်းလာအောင် ပြုစုမလဲ…"

ကြာလာတော့ အန်တီ့ကိုလည်း သနားလာမိပါပြီ။ ဆေးရုံပေါ်က လူမမာ မေမေ့ကိုလည်း ပြုစုရသလို စိတ်မှာ ခံစားနာကျင်စွာ မထူထောင်နိုင်တော့သော နိုင့်ကိုလည်း ပြုစုရတာယ်လေ။

"အန်တီ…သည်နေ့ နိုင်တို့ လက်ထပ်မယ့်နေ့လေ…ကိုကျော်စွာ ဆိပ်မျှော်လင့်နေတဲ့နေ့…"



"နိုင်…စိတ်ကို ဖြေမှပေါ့…"

"နိုင် အမှန်အတိုင်း ဝန်ခံတာပါ အန်တီ…ကိုကျော်စွာကို ချစ်သူတစ်ယောက်လို ရင်ခုန်လိုက်လှဲ့ မချစ်ပါဘူးလို့ ဘယ်လိုဆိုဆို လက်ထပ်ရတော့မယ့် ခင်ပွန်းတစ်ယောက်အနေနဲ့ ယုံကြည်အားကိုးပြီး သံယောဇဉ်ရှိခဲ့ပါတယ်။ ခုလိုမျိုးတော့ ဘယ်ဖြစ်စေချင်ပါ့မလဲ…"

"ဒါပေါ့ကွယ်…ဒါပေါ့…နိုင့် ခံစားမှုကို အန်တီနားလည်ပါတယ်။ အန်တီလည်း ခံစားရပါတယ်။ သမီးမေမေကိုလည်း ခံစားရလွန်းလို့ အိပ်ရာပေါ်တောင် လဲကျသွားခဲ့ပြီ မဟုတ်လား"

အန်တီ့ခမျာ မေမေ့ဆီပြေးလိုက်…၊ နိုင့်ဆီ ပြန်လာချော့လိုက်နှင့် အရမ်းကို သနားစရာ ကောင်းပါတယ်။ ဒါကြောင့် နိုင် စိတ်အားတင်းရမယ်လို့ ဆုံးဖြတ်ရပြန်တာပေါ့။ ဒါပေမယ့် သည်နေ့ နိုင်တို့ လက်ထပ်မဲ့နေ့ဆိုတဲ့ အတွေးတွေးလိုက် မျက်ရည်တွေက ကျလာလိုက်နှင့်။

"နိုင့်ကို ခဏတော့ ခွင့်လွှတ်ပါ အန်တီ…နိုင် ပြန်ပြီး အားတင်းပါ့မယ်…မေမေ့ကိုလည်း နိုင် ပြုစုမှာပါ…"

"အန်တီနားလည်ပါတယ် နိုင်…ဘေးလူတွေတောင် သည်လောက်ခံစားရရင် နိုင်က ကာယကံရှင်လေ…ဘယ်လောက် စိတ်ထိခိုက် ကြေကွဲရမယ် သိတာပေါ့…ဒါပေမယ့် အခု သမီးပြောသလို မမကိုလဲ ပြုစုရမှာရယ်…သမီးအတွက် ဟိုးရှည်လျားတဲ့ အနာဂတ်ခရီးလဲ ရှိသေးတော့ အားတင်းရမယ်…"

အန်တီက နိုင့်ကို အိမ်ရာထဲမှာဘဲ နားနေပါဆိုပြီး မေမေရှိရာ ဆေးရုံကို ထွက်သွားရပြန်ပါပြီ။ တစ်ယောက်တည်းရှိတဲ့ အချိန် ရင်ထဲ ပိုအားငယ်ထိခိုက်လာသလိုပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာ ဘယ်များရောက်သွားပါလိမ့်။ သူ မသေဆုံးခင် နောက်ဆုံးအချိန်မှာ ဘာတွေ ဖြစ်ခဲ့တာလဲ…။ နိုင် သိချင်နေမိပါတယ်။ စိတ်အားငယ်ထိနိုက်ကြေကွဲစိတ်က လူကို လဲကျသွားနိုင်လောက်အောင် ခံစားရတာပါလား။ မျက်လုံးစုံမှိတ်ရင်း ဟိုအတွေး သည်တွေးတွေထဲမှာ နစ်မျောနေမိပေါ့။

ဒါက ဘယ်နေရာလဲ။

နိုင် လမ်းလျှောက်သွားနေတာပါလား။ ပေါ်ပါးလန်းဆန်း နေသလိုပါလား။

"မေမေ…ဖေဖေ…"

ခေါ်သံလေးက စူးစူးရှရှနှင့် ခေါ်နေတာပါလား။ ဘယ်သူခေါ်တာပါလိမ့်။ နိုင် ရောက်နေတာကရော ဘယ်နေရာလဲ။

"မေမေ…သမီးတို့ သည်နေရာမှာ သုံးယောက်အတူ နေခဲ့ကြတယ်လေ…မှတ်မိလားဟင်…"

သည်နေရာ…သုံးယောက်အတူ။ ဘယ်နေရာလဲ၊ ဘယ်သူတွေလဲ။

"အခုတော့ သမီးတစ်ယောက်ထဲ ကျန်နေခဲ့တယ်…။ ဖေဖေ့ကိုလဲ လွမ်းတယ်။ မေမေ့ကိုလဲ လွမ်းတယ်…"

ပြောပြီးတော့ ရှိုက်ကြီးတငင်ကို ငိုပါလေရော…။

မငိုပါနဲ့ မငိုပါနဲ့…အဲသည့် ငိုသံက နိုင့်ရင်ကို နာကျင်လွန်းအောင် ထိုးဆွနေသလိုပါလား။ နိုင့်လည်း မျက်ရည်တွေက ကျလာပါပြီ။ ထပ်တူညီ ကြေကွဲရတာပါလား။

"သမီး…သမီးလေး…"

"မေမေမရှိတော့ ဖေဖေနဲ့ဘဲ အတူနေခဲ့ရတာ…အဲသည်တုန်းက ဖေဖေရှိလို့ တော်ပါသေးရဲ့။ အခုတော့ ဖေဖေကလည်း ထွက်သွားတာကြာပြီ။ သမီးတစ်ယောက်ထဲ ဖေဖေလဲမရှိ မေမေလဲမရှိ သမီးတစ်ယောက်ထဲ…"



"တစ်ယောက်ထဲ…"

"သမီး…ခုထိ အဲသည့် ညောင်မှတ်ဆိတ်ပင်ကြီးမှာဘဲ နေရသေးတာ"

"ဟင်…"

"နိုင်…နိုင်…ဟဲ့…နိုင်…"

"မေမေ…သမီးက ဖေဖေနဲ့ မေမေနဲ့ဘဲ အတူနေချင်တာပါ…ဖေဖေနဲ့ မေမေ့ကိုဘဲ ချစ်တယ်…ဒါကြောင့် ဖေဖေ မဟုတ်တဲ့လူနဲ့ မနေရဘူး။ မုန်းတယ်…"

"ဘာ…"

"နိုင်…"

ချွေးတွေထဲ ရွှဲနစ်ပြီး အိပ်နေတာပါလား နိုင်ရယ်။ ကယောင်ကတန်းတွေလည်း ပြောလို့။ မမကို စောင့်ပေးဖို့ နုတွေးလာပေးလို့ ငါပြန်လာတာ မှန်သွားပြီ။ နိုင့်ကို တစ်ယောက်ထဲ ပစ်ထားလို့ မဖြစ်သေးပါဘူး။ ဂရုတစိုက် ရှိလှသော အန်တီ့ကို ဖက်ထားရင်း နိုင် ငိုချင်လာမိပြန်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နိုင့်ကိုမြင်တော့ ကိုကျော်စွာမာဒီ မျက်ရည်တွေတွေ ကျပြန်ပါပေါ့။ သားက နိုင့်ကို သိပ်ချစ်ခဲ့ရှာတာပါတဲ့။ နိုင် ကိုယ်တိုင်လည်း ခုတစ်ခါ ကိုကျော်စွာမာဒီနှင့် တွေ့ရတာ စိတ်မနည်းထိန်းတဲ့ကြားက မျက်ရည်ကျရပါတယ်...။

"စမ်းချောင်းအိမ်က သမီးလိုချင်တဲ့ ပစ္စည်းတွေကို သွားယူလိုက်ပါ။ ကြိုက်တာ အကုန်ယူပါ...ပြီးတော့မှ အခန်းကို သော့ခတ်ထားမလို့..."

"မကြီး လိုက်ပို့ပေးမယ် နိုင်"

"နိုင် ဘာမှ မလိုချင်ပါဘူး..."

"မဟုတ်ဘူးလေ...သားနဲ့အတူ ဝယ်ခဲ့တဲ့ ပစ္စည်းလေးတွေကို သမီး အမှတ်တရ လိုချင်တာရှိမှာပါ သွားယူလိုက်..."

ဖြစ်နိုင်ရင် အဲသည့် အခမ်းအနားကို နိုင် ဘယ်လိုသွားချင်မှာတဲ့လဲ။ အခန်းထဲမှာ ပစ္စည်းအားလုံး အဆင်သင့်ဖြစ်အောင် ကိုကျော်စွာနှင့် နှစ်ယောက် နှစ်လ သုံးလနီးပါး ပြင်ဆင်ခဲ့ရတယ်။



အဲသည့် အခန်းလေးကို ရောက်ရင် နိုင် စိတ်မကောင်းဖြစ်ရဦးမှာပါ။

"မနေ့က မတင် ဖုန်းဆက်တယ်...သူ ပြန်မလာနိုင်တာ ခွင့်လွှတ်ပါလို့ နိုင့်ကို ပြောပေးပါတဲ့...ကိုကိုကြီးကလဲ အလုပ်များနေသလို ကိုသက် တမေးပွဲလဲ ရှိနေလို့ပါတဲ့...။ မာမီကတော့ သေတဲ့လူလဲသေမှ မလာကြနဲ့လို့ ပြောပါတယ်။ ကိုသက်ကတော့ သူလေးလေးအတွက် ငိုသတဲ့။ ကိုသက်နဲ့ မောင်လေးက အသက်ကွာပေမယ့် ညီအစ်ကိုလို ဖြစ်နေတာ။ လမ်းထွက်ရင် တူဝရီးလို့ကို မထင်ရဘူး..."

ကိုကိုကြီး၊ မတင်ဆိုတာက ကိုကျော်စွာ အစ်ကိုအကြီးနှင့် သူ့ဇနီးပါ။ ကိုကျော်စွာတို့ မောင်နှမတွေမှာ အစ်ကိုအကြီးဆုံး ကိုကိုကြီးက ငယ်ငယ်နှင့် အိမ်ထောင်ကျတော့ မွေးလာတဲ့ ကိုသက်နှင့် ကိုကျော်စွာက အသက် သိပ်မကွာတော့ဘူးပေါ့။ ကိုကိုကြီး နိုင်ငံခြားမှာကတည်းက ကိုသက်လည်း ပါသွားပြီး နိုင်တို့ မတွေ့ဘူးကြပါဘူး။

"ကိုကျော်စွာက သူ့တူ ကိုသက်ကို သိပ်ချစ်တယ်နော်...သူ့တူ အကြောင်း ပြောရရင် မောရမှန်းကို မသိတာ..."

ကိုကျော်စွာ ပြောပြလွန်းလို့ ကိုသက်ကို လူမမြင်ဘူးခင်က ကျွမ်းဝင်နေပါပြီ။

"သူတို့ တူဝရီးက ညီအစ်ကိုလိုချစ် သူငယ်ချင်းလိုချစ်နဲ့...တွေ့ရင် မျက်စိနောက်အောင် တွဲကြတာ..."

စမ်းချောင်း တိုက်ခန်းလေးရောက်တယ်ဆိုရင်ဘဲ သူနှင့် နောက်ဆုံး ရောက်တဲ့နေ့က သူ သော့ခတ်ပိတ်နေတာကို စိတ်ထဲမှာ မြင်ယောင်မိပါတယ်။

"သူမရှိတော့ဘူးဆိုတာ နိုင် ယုံရခက်နေသလိုပါဘဲ မကြီး ရယ်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့···မမကြီးတို့လဲ သည်လိုပါဘဲ နိုင်···"

"ခုနက နိုင်လာတော့ ခြံဝမှာ အန်တီမြမြစိုးနဲ့ သန္တာတို့ တွေ့တယ်။ သန္တာက နိုင့်ကို စိတ်ဆိုးနေတယ် ထင်ပါရဲ့···"

"သူတို့ကို ခွင့်လွှတ်လိုက်ပါ နိုင်···သူတို့နဲ့ နိုင်လည်း နောက်ထပ် တွေ့စရာအကြောင်း သိပ်မှ မရှိတော့ဘဲကွယ်···"

"ဘာဖြစ်လို့လည်း မမကြီး···"

"မောင်လေးကျော်စွာ ကျွတ်မကျွတ် ဘယ်ရောက်သလဲ သွားမေးကြတဲ့"

"ရှင်···"

သည်လိုမျိုး မေးတတ်ကြတယ်ဆိုတာ နိုင်လည်း ကြားဖူးပါတယ်။ ဒါပေမယ့် နိုင့် စိတ်မှာတော့ ကိုကျော်စွာကို ကောင်းရာမွန်ရာ ရောက်အောင် အလှူပေး အမျှဝေရင် ရမှာပေါ့လို့ဘဲ တွေးတာပါ။

"အဲသည်က ပြောလိုက်တယ်။ မင်္ဂလာဆောင်မှာမို့ ကံညံ့ပြီး ခုံးတာတဲ့···"

"ရှင်"

"မမကြီးကတော့ အဲလိုမျိုး မမြင်ပါဘူးနိုင်···ကံရှိသလောက် နေကြရတာပါ။ သူတို့က အဲလိုမျိုး ပြောတာကြားတော့ နိုင်နဲ့ မင်္ဂလာဆောင်မှာမို့ ခုံးတာဆိုပြီး စိတ်မကောင်းဖြစ်ကြတာ"

"နိုင့်ကိုလည်း စိတ်ဆိုးတယ်၊ မုန်းတယ်ပေါ့ ဟုတ်လား···နိုင် နားလည်ပါပြီ···"

ပစ္စည်းတွေ ကြိုက်တာယူဆိုပေမယ့် နိုင် ဘာကိုမှ မလိုချင်ပါဘူး။ နောက်ဆုံးတော့ နှစ်ယောက်အတူ စိတ်ကြိုက်ဝယ်ခဲ့တဲ့ နာရီလေးတစ်လုံးဘဲ ယူလာခဲ့ပါတယ်။ မာမီကတော့ သည်တိုက်ခန်းဟာ ကိုကျော်စွာနာမည်နှင့်



ဝယ်ထားတာမို့ ငွေလည်း မလိုတဲ့အတူတူ ဗိတ်ထားလိုက်မယ်တဲ့။

"ပထမတော့ သည်အခန်းကို ဗိတ်ထားဖို့ ပြောကြတာမှာ တချို့ မောင်နှမတွေကလည်း ရောင်းပြီး လှူလိုက်ပြောကြတယ်။ မောင်လေး သူငယ်ချင်း ကိုဇံကို သိတယ်မဟုတ်လား။ သူက ရောင်းရင် သူဝယ်မယ်လို့ ပြောပါတယ်···"

"ကိုဇံ···ဩော်···ကိုကျော်ဇံထွန်း"

ကိုကျော်ဇံထွန်းကို ကိုကျော်စွာ မိတ်ဆက်ပေးလို့ နိုင်လည်းသိပါတယ်။ သူတို့နှစ်ယောက်က နာမည်ချင်း ဆင်တူသလို တပူးတွဲတွဲလည်း ပေါင်းတော့ သူငယ်ချင်းမထင်ဘဲ ညီအစ်ကို ထင်ကြတယ်လို့ မိတ်ဆက်ပေးတဲ့နေ့က ပြောဖူးပါတယ်။

"ကိုကျော်ဇံထွန်းက မင်္ဂလာပွဲအတွက် အစစ လိုက်ကူညီတာ သူပြောပြပါတယ်။ နိုင်နဲ့လည်း သုံးလေးခါမက တွေ့ဖူးပါပြီ မမကြီးရယ်···"

"ကိုဇံကိုမြင်ရင် မာမီက ငိုပြန်ရော···မောင်လေးနဲ့ ကိုဇံက အရပ်မြင့်တာကော···ဝတ်တာစားတာ ပြောတာဆိုတာ အများကြီး ဆင်တယ်လေ···"

ဟုတ်ပါတယ်···ကိုကျော်စွာကလည်း ပြောပါတယ်။ သူတို့နှစ်ယောက်က နာမည်လည်းဆင် လှုပ်ရှားကလည်းဆင်နေတော့ တစ်ခါခါ လူမှားဘူးတာတောင် ရှိသတဲ့လေ။

"နိုင် တကယ်ခံစားရတာပါ မမကြီး···နိုင်နဲ့ မင်္ဂလာဆောင်မှာမို့ သူ့ ခုလိုဖြစ်ရတယ်ဆို နိုင် စိတ်မကောင်းဖြစ်ရပါတယ်···"

"အဲလိုမဟုတ်ပါဘူး···မမကြီးကတော့ သူ့ကံရှိသလောက် နေရတာလို့ဘဲ တွက်ပါတယ်···သန္တာတို့ အန်တီမြမြစိုးတို့ကြတော့လည်း အတွေးများ

www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့ကွယ်...”

နောက်တွေ့စရာအကြောင်း မရှိတော့ဘူးဆိုပေမယ့် နိုင့်ကို ကိုကျော်စွာ မီသာစု မုန်းသွားတယ်ဆိုတာ နိုင် စိတ်မကောင်းပါဘူး။ တကယ်တဲ့ နိုင်နှင့် မင်္ဂလာဆောင်မှာမို့ သူခုံးရတာဆိုရင် နိုင့်ကိုယ်နိုင် ခွင့်လွှတ်နိုင်စရာအကြောင်း မရှိတော့သလိုပါလား။

* * *



မေမေ့ရင်ထဲ ဘယ်လောက်ထိများ ကြေကွဲထိနိုက်သွားတယ် မသိ။ ပြန်လည် နာလန်ထူမလာနိုင်တော့ပါဘူး။ အရုံကြောတွေ ထိနိုက်ပြီး နလုံး ရောဂါပါ ဖိုးပြီး ပြင်းထန်လာခဲ့တယ်လေ။ အိမ်ရာပေါ်မှာ ပက်လက်နှင့် သတိရှိ လာရင် နိုင့်ကိုကြည့်ပြီး စကားတစ်ခွန်း ပြောနိုင်ပေမယ့် မျက်ရည်တွေသာ စီးကျနေတော့တာ။ များသောအားဖြင့်တော့ မျက်လုံးဖွင့် မကြည့်နိုင်ရှာပါဘူး။

“အန်တီ...မေမေ့အခြေအနေက နည်းနည်းလေးမှ အားရစရာ မရှိပါ ဘူး...ဆေးရုံပေါ်မှာ လနိုကြာလာပြီ...အန်တီ့မှာ ငွေများများရှိရဲ့လား”

မေမေ ဆေးရုံပေါ်မှာ ကြာလာတဲ့အခါ ဆေးကုသစရိတ်တွေ အိမ်က တစရိတ်ငွေ အစစ ငွေကြေးကို အခြေအနေ တွက်ဆခဲ့ရပါပြီ။ ပိုးအရင်က ဆို တစ်အိမ်လုံးရဲ့ စီးပွားရေးကို မေမေကသာ ဦးဆောင်ခဲ့တာပါ။ နိုင်က ဘာမှုနားမလည်တဲ့ ကလေးတစ်ယောက်လို နေခဲ့ရတာလေ။

“ဒါလဲ မမနဲ့အတူ နာမည်တာရင်း တွဲဖွင့်ထားတဲ့ ဘဏ်စာအုပ်ထဲက ထုတ်သုံးတာ...ငွေက ကုန်သလောက် ဖြစ်နေပြီ...မမမှာ ဘာရွှေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရှိတယ်ဆိုတာလည်း ငါမသိဘူး…"

"နတွေးလာစောင့်ပေးရင် အန်တီနဲ့နိုင် အိမ်မှာ ဘာပစ္စည်းတွေရှိလဲဆိုတာ စစ်ကြည့်မှထင်တယ်…မေမေ့ကို ရေရှည်ဆေးကုဖို့ နိုင်တို့စားဖို့ ငွေလိုတယ်…"

အခုမှ နိုင့်ကို ဘာဆိုဘာမှ ပူပန်စရာမရှိဘဲ ထားခဲ့တဲ့ မေမေ့ကျေးဇူး အရမ်းကြီးမားတာ ပိုသိရတာပေါ့လေ။ နိုင့်ကို ကလေးတစ်ယောက်လို ထားခဲ့ကတယ်။ ဘာမှ မလိုစေခဲ့ရပါဘူး။ အခုတော့ နိုင်က ဘာမှနားမလည်တဲ့ ဘဝမျိုးမှာ ဘာမှလည်း ဦးဆောင်တတ်မည်မထင်။

"မမမှာ ရွှေထည်အပိုးတန်ပစ္စည်း ဘယ်လောက်ရှိနိုင်မလဲ နိုင်…ငါလဲ တစ်ခါမှ မစပ်စုမိပါဘူး…"

"အန်တီကလည်း နိုင့်လိုဘဲ မမကျေးဇူးသမျှ စားနေခဲ့တာ ငါတို့ တာဝန်းက မမရဲ့ အရိပ်ကောင်းကြီးကို မှီခိုရင်း နေပူဆိုတာ မသိသမျှ အခုမှ ငါတို့ နှစ်ယောက် နေပူထဲ ထွက်ရတော့မယ် ထင်ပါရဲ့…"

အန်တီ့ညည်းညူသံလိုပါဘဲ။ ဒါကြောင့်လည်း မေမေ့စိတ်မှာ အမေ့ကို မှီခိုရင်း ကြီးပြင်းလာတဲ့ နိုင်ဆိုတဲ့ ကောင်မလေးရဲ့ဘဝကို စိတ်မချလို့ ခင့်ပွန်းဆိုတဲ့ အရိပ်တစ်ခုကို အားကိုးရအောင် ရှာပေးခဲ့တယ်ထင်ပါ…။ အဲ့သည့် အရိပ်ကလည်း မမျှော်လင့်ဘဲ ပြိုခဲ့တဲ့အခါ မေမေ အလွန့်အလွန် စိတ်ထိခိုက်သွားကြောင်း အခုဖြစ်သမျှကြည့်ရင် အသိသာကြီးပါပဲ။

"မေမေ့…ရှေ့ကို မျှော်ကြည့်ခဲ့ပေမယ့်…"

မေမေကတော့ နိုင့်အတွက် ကောင်းမွန်တဲ့ အနာဂတ်တစ်ခု တည်ဆောက်ပေးခဲ့တာပါ။ မမျှော်လင့်လွန်းသော အခြေအနေတစ်ခုနှင့် ပြိုကွဲပျက်စီးခဲ့ရပါပြီကော…"



နိုင် ခုတလော အားငယ်ဝမ်းနည်းနေသလိုပါဘဲ…ကိုကျော်စွာနှင့် မေမေ့အကြောင်း သတိရလို့ မျက်ရည်က အလိုလို ကျလာတော့တယ်…။

"နင်တင် မဟုတ်ပါဘူး နိုင်…ငါလည်းသည့်လိုပါဘဲ…မမပြန်ကောင်းမှ လာပါ့မလားလို့ တွေးမိရင် အားငယ်လာတော့တာ။ ငါတို့စိတ်တွေ မဟုတ်ကြတော့ဘူး…အားတင်းကြမှ ဖြစ်မယ်…"

"အားတင်းကာမှတင်း…နိုင်နဲ့ အန်တီ နှစ်ယောက်ပေါင်းတဲ့ အင်အားဟာ မေမေ့ ခြေဖျားတောင် မီမယ်မထင်ဘူး…"

နိုင် စိတ်ဓာတ်ကျလာသလိုပါဘဲလား။

ညီမဝမ်းကွဲလေးနတွေး လာစောင့်ပေးတဲ့အချိန် အန်တီနှင့်နှစ်ယောက် မေမေ့ပစ္စည်းတွေ ရှင်းကြရတယ်။ အမြဲလို ကိုယ့်ပစ္စည်းနှင့်ကိုယ်သာ အာရုံရှိကြပြီး မေမေ့မှာ ဘာရှိလို့ ရှိမှန်းပင် နိုင် မသိခဲ့ပါဘူး။ နိုင့်အတွက် မေမေ ဆင်ပေးထားသော ရွှေငွေအနည်းငယ်မှလွဲ၍ ဘာတစ်ခုမှ နိုင် မသိခဲ့တာပါ…။

"ဘဏ်စာအုပ်တွေမှာ လက်ကျန်ငွေလဲ မရှိပါလား အန်တီ…ရွှေပစ္စည်းတွေကရော ဘယ်မှာထားသလဲမသိ…"

အံ့ခွဲရှိသမျှ ရှာတော့လည်း…ရွှေထည်ဆိုလို့ ပုလဲတစ်စုံစာလေးဘဲ တွေ့ပါလား။ နိုင်နှင့် အန်တီမှာ သည်နေရာထက်လည်း ပိုမရှာတတ်လို့ မေမေပိုင်တဲ့ သည်ဗီရိုထဲကလွဲပြီး ဘယ်နေရာမှာ ဘာထားမှန်း သိကို မသိတာပါ။

"အဲသည့် ဗိုင်ကရော ဘာလဲနိုင်…သေချာကြည့်စမ်းပါဦးဟဲ့…"

အပြာရောင် ဗိုင်တစ်ဗိုင်တွေ့မိလို့ နိုင်နှင့်အန်တီ ဖွင့်ဖတ်မိတယ်ဆိုရင်ဘဲ နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ဖက်ပြီး ငိုမိကြတော့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



သည့်အိမ်ကို ပေါင်ထားခဲ့တဲ့ စာချုပ်ပါလား။ အပေါင်ထားတယ်ဆိုတည်းက အတိုးတွေ ပေးနေရပုံပါဘဲ။ အတိုးက ဘယ်လောက်တောင် ပေးရမလဲ။ မေမေက သည့်လောက်ဘာမှ မရှိတော့တာ အန်တီနှင့် နိုင့်ကို တစ်ခွန်းတစ မပြောခဲ့တာ…နိုင်တို့ စိတ်ညစ်မှာစိုးလို့ ထင်ပါရဲ့။ ဖွင့်မပြောချင်ခဲ့ရှာဘူး ထင်ပါရဲ့…။

"ဘယ်လိုလုပ်ကြမလဲ နိုင်…အိမ်ကလေးတစ်လုံး ရှိသေးရင် ကိုယ့်ခြေ မပျက်နေပြီး စားစရာဘဲ ရှာရမှာ…အခုက အိမ်ပါမရှိရင် ခက်ပြီ…အိမ် ပေါင်ထားတဲ့လူက…ဒေါ်သန်းသန်မြတဲ့…နင်သိလား"

"ဟင့်အင်း…"

"မမက ဘယ်လိုများဖြစ်ပါလိမ့်…လုပ်ငန်းတစ်ခုခုများ ပျက်သလား။ ငါတို့ကိုတော့ တိုင်ပင်သင့်ပါတယ်…အင်းလေ ငါတို့နှစ်ယောက်ကလည်း အဖြစ်မှ မရှိဘဲကိုး…ဒါကြောင့် နင့်ကို မောင်ကျော်စွာနဲ့ အမြန်လက်ထပ် ပေးချင်ပုံရတယ်…"

"တော်ပါတော့ အန်တီရယ်…"

အခြေအနေက အခုမှ ပိုဆိုးနေပါရောလား။ နိုင်ဖြင့် ရေရှည် ဘယ်လို လုပ်ရမှန်း မစဉ်းစားတတ်တော့ပါဘူး။ မေမေက ရုတ်တရက်တော့ ဘယ်လိုမှ ပြန်ကောင်းမလာနိုင်ပါဘူး။ ပြန်ကောင်းလာဦးတော့…အိမ်တောင်မှ ပေါင် ထားရတယ်ဆို ပိုစိတ်ညစ်ရဦးတော့မှာပါ။

"ဒေါ်သန်းသန်းမြဆီကို အကျိုးအကြောင်း မေးသင့်တယ် နိုင်…"

"ဟုတ်တယ် အန်တီ…တော်ကြာ အတိုးမပေးလို့ အိမ်ကလေး ဆုံးသွားမယ်…အတိုးတွေက အရမ်းများနေရင် နိုင်နဲ့အန်တီ အလုပ်လဲ မရှိတော့…ဘယ်လိုပေးမလဲ…သွားတိုင်ပင်ကြည့်တာ အကောင်းဆုံး"



နိုင်တို့ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ကြရမှာပါ။ ဘဝကို နေပူဆိုတာ ဘာမှမသိ…အရိပ်ထဲမှာ ပျော်ရွှင်နေခဲ့သော သက်ထားနိုင်အတွက်တော့ အရိပ်အားလုံး ပျောက်ဆုံးခဲ့ပါပြီကော…။

ပူလောင်ခြင်းရဲ့ အဓိပ္ပာယ်တွေကို သိလာရတော့မည် ထင်ပါရဲ့…။ ဒေါ်သန်းသန်းမြ လိပ်စာကို တွေ့ရတဲ့အတိုင်း လိုက်လာခဲ့ရတာ။ အန်တီ မျက်နှာလေးက သနားစရာလေးလိုပါဘဲ။ နိုင်ဖြင့် ငိုလို့တောင် မရတော့သလို ဖြစ်ခဲ့ပါပြီ…။ မမျှော်လင့်သော ဆုံးရှုံးမှုတွေက နိုင့်ဘဝထဲ လျှင်မြန်စွာ တိုးဝင်ရောက်ရှိလာခဲ့တာ သည်ထက် ဆုံးရှုံးစရာ မရှိတော့သလောက်ပါ။

"သည့်အိမ်ထင်တယ်…"

တိုက်ကလေးက ခြံထဲမှာ လှပစွာ ရှိနေပါတယ်။ ရုတ်တရက် ခွေးရှိ မလား။ လူခေါ်ခေါင်းလောင်းလေးကို နှိပ်လိုက်တဲ့အခါမှာတော့…။

"အန်တီ ဒေါ်သန်းသန်းမြနဲ့ တွေ့ချင်လို့ပါ…"

"ဝင်ပါ…ဖုန်းကြိုဆက်ထားတယ်ဆို…"

လှပပြည့်စုံသော နေရာလေးပါဘဲ…။ ညှိခန်းထဲက ဆိုဖာတွေအပြင် ရင်ထဲ နင့်သွားတာပါလား။ စမ်းချောင်းတိုက်ခန်းမှာ ထားဖို့ ကိုကျော်စွာနှင့် နှစ်ယောက် စိတ်ကြိုက်ဝယ်ခဲ့ကြတာ။ သည့်ဆိုဖာလေးတွေနှင့် တထေရာ တည်း။

"မညို့ သမီးလေးထင်တယ်…တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ မေ့မေ ဘယ်လိုနေလဲ သမီး…"

"သည့်လိုပါဘဲ အန်တီ…တော်ရုံပြန်ကောင်းလာဖို့ မလွယ်သေးပါဘူး။ နိုင်တို့လဲ မေမေ့ကို ဆေးကုဖို့ ပြင်ဆင်ရင်းမှ အိမ်ကို အန်တီ့ဆီ ပေါင်ထား တာ သိလိုက်ရတာပါ။ မေမေက နိုင်တို့ကို ဘာမှပြောမပြခဲ့ပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com



“မမညိုက နိုင့်ကို ကလေးလို ထားခဲ့တာကိုး…အမှန်ဆို လူတစ်ယောက် ဆေးရုံပေါ်ရောက်ပြီး နေမကောင်းနေလို့ အန်တီဘာမှ မပြောခဲ့တာပါ။ မမညို အတိုးမပေးနိုင်တာကိုက ခြောက်လ ခုနစ်လမကာတော့ဘူး…။ အန်တီက မမညို ငွေကြေးကိစ္စတွေ ဟိုးနှစ်ပေါင်းများစွာထဲက အတူလုပ်ခဲ့လို့…ယုံကြည်ရတဲ့လူချင်း ဘာမှမပြောတာ…မမညိုကလဲ နိုင်လက်ထပ်ပြီးရင် အဆင်ပြေပါပြီဆိုလို့…”

“ရှင်…”

နိုင်လက်ထပ်ပြီးရင် အဆင်ပြေပြီလို့ မေမေက ပြောခဲ့သတဲ့လား။ ကိုကျော်စွာနှင့် မေမေ ဘယ်လိုစကားတွေများ ပြောခဲ့သလဲ။ အန်တီကတော့ မျက်နှာလေးပျက်ပြီး ငြိမ်နားထောင်နေပါပြီ…။

“နိုင်တို့ အတိုးတွေ မပေးနိုင်လို့ အိမ်ကို ရောင်းဖို့ဆိုရင်ကော အန်တီ”

“ဟဲ့ အိမ်ရောင်းပြီး ဘယ်သွားနေကြမလဲ…”

အန်တီက နိုင့်လက်မောင်းကို တွန်းထိုးပြီး ပြောနေပြန်ပါတယ်…။

အန်တီကလည်းလေ…။ ခုလို အခြေအနေတွေ ဖြစ်နေမှတော့ အိမ်ရောင်းပြီး နေစရာရှာသင့် ရှာရမှာ…။ အိမ်ကို မရောင်းဘဲ သည်အတိုင်း ခုံးသွားတာထက်စာရင် ရောင်းပစ်လိုက်ရင် ပိုငွေလေးရတော့ လည့်ပတ်လို့ ရနိုင်သေးတာပေါ့…”

“နိုင်က ရောင်းချင်သလား…”

“မေမေကလဲ ဘာမှ မစီစဥ်နိုင်တော့ဘူးလေ…အတိုးတွေသာ တက်လာရင် ပိုပိုဆိုးလာမယ့်အတူတူ အန်တီကပဲ ဖြစ်နိုင်ရင် နိုင်တို့ကို ကူညီစဥ်းစားပေးပါဦး…”



“အန်တီသန်း…အန်တီသန်းမှာတဲ့ပန်းအိုး ပါလာပါပြီ…ဟင်…နိုင်”

အသံနှင့်အတူ တွေ့လိုက်ရတာ ကိုငံပါလား။

“ဟဲ့ သိကြသလား”

“ဟုတ်ကဲ့…အန်တီသန်းဆီ လာတာလား…အန်တီသန်းက ကိုယ့်အဒေါ်လေ…သိပ်ချစ်တဲ့ အဒေါ်ပေါ့…”

“သြော်…”

အန်တီသန်းက နိုင်တို့အိမ်အတွက် အသေအချာ စဥ်းစားဆုံးဖြတ်ပြီး မှန်ဆောက်လိုက်မယ်…နောက်မှ တွေ့ကြတာပေါ့တဲ့လေ…။

“ကျေးဇူးပါ အန်တီ…”

“နိုင်တို့ ပြန်မှာလား…ကိုယ်လည်း ပြန်မှာ…လိုက်ပို့မယ်”

“နေပါစေ ကိုငံ…”

“မဟုတ်တာ…ဘာလို့ နေရမှာလဲ…အန်တီသန်း ကျွန်တော် မကြာမြန် လာခဲ့ဦးမယ်…”

ကိုငံက အပြန်မှာ အတင်းလိုက်ပို့ပါတယ်။ ကားပေါ်ရောက်မှတဲ့ အန်တီနှင့် ကိုငံကို မိတ်ဆက်ပေးရတာပေါ့။ ကိုကျော်စွာ အချစ်ဆုံးသူငယ်ချင်းဆိုတော့ နိုင်နှင့်သာ လေးငါးခါက ဆုံခဲ့ခင်ခဲ့တာ။ အန်တီတို့နှင့်က ခုမှတွေ့ဖူးတာလေ။

“အန်တီသန်းနဲ့ ဘာကိစ္စတွေရှိလဲ နိုင်…”

နိုင် ပြောမပြချင်ပါဘူး…။

ရှိသားစွာ ပြောပြစေဦး…အကူအညီတောင်းချင်းလို့ ထင်ရင်လည်း မကောင်းဘူး…။

www.burmeseclassic.com



"နိုင့်မေမေက ဆေးရုံပေါ်မှာ သတိမရတစ်ချက် ရတစ်ချက်နဲ့မှ အိမ်က ဒေါ်သန်းသန်းမြဆီမှာ ပေါင်ထားမှန်း ခုမှသိရတာ..."

"အန်တီ...ဘာလို့ ကိုင်းကို ပြောပြရတာလဲ... အားနာစရာ"

"အားနာစရာ မဟုတ်ပါဘူး နိုင်...ကျွန်တော်က အဲလောက် စိမ်းသလား...ကျော်စွာရှိရင် နိုင့်ကို ခုလိုဖြစ်စေချင်မလား။ ကျော်စွာက အချစ်ဆုံးသူငယ်ချင်းသာဆို ညီအစ်ကိုတွေလိုပါပဲ...သူ ခုလိုဖြစ်သွားရတော့...ကျွန်တော်လည်း နိုင်နဲ့ထပ်တူ ထိခိုက်ရတာပါ...သူတို့က စမ်းချောင်းတိုက်ခန်းကို ရောင်းဖို့တောင် စိတ်မကောင်းတာနဲ့ ကိုယ် ဝယ်လိုက်တာပါ"

"ပြော်...စမ်းချောင်းတိုက်ခန်းကို ရောင်းလိုက်မှာတော့ သိတယ်။ ကိုငံ့ဝယ်လိုက်တာ ကောင်းပါတယ်။ နိုင်နဲ့ ဘာဆိုင်တာလိုက်စရို့...မကြီးက ရောင်းချင်ရောင်းမှာမို့ လိုချင်တာ မှာပါဆိုဘာတောင် နိုင် နာရီလေးတစ်လုံးပဲ အမှတ်တရ ယူခဲ့တာ..."

"အထဲက ပစ္စည်းတွေပါ ဈေးဖြတ်ခဲ့အထိ ပါလာတာပါ။ နိုင် လိုချင်တာ ရှိရင် လာယူပါဦး..."

"မှာင်အင်း...သူ့ကိုတောင် စွန့်လွှတ်ရပြီးမှတော့...ကျွန်မတော့ ဘာမှ မလိုချင်တော့ပါဘူး..."

ကိုငံက အိမ်ရှေ့ထိ ပို့ပေးလို့...အိမ်ထဲဝင်ပါဦးလို့ခေါ်တော့ နောက်မှ လာလည်မယ်တဲ့။ အန်တီကတော့ အိမ်ထဲရောက်တာနှင့် ပြောပါပြီ။ ကိုငံနှင့် ဒီလောက်ခင်မင်ရင် သူ့အဒေါ်ဆီမှာ ပေါင်မိတဲ့အိမ်ကလေး မဆုံးရှုံးအောင် ပြောကြည့်ပါလားတဲ့။

"ဘယ်သူ့အကူအညီမှ မယူဘဲ နိုင်တို့ဘာသာပဲ ကြိုးစားကြည့်ရအောင်လား အန်တီ..."



စိတ်ညစ်တာတော့ စိတ်ညစ်တာပေါ့။ ဒါပေမယ့် ဖြစ်လာပြီမို့ စိတ်ညစ်ညစ်နှင့် ရင်ဆိုင်ကြည့်ရတော့မှာပါဘဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



အန်တီသန်းက အတိုးတွေနှုတ်ပြီး အိမ်ကလေးကို ရွေးဖြတ်ပေးလိုက်ပါတယ်။ ကျန်နေတဲ့ ငွေလေးနှင့် သည်လိုနေရာမှာ နောက်ထပ်အိမ်တစ်လုံး ဝယ်နေဖို့ မဖြစ်နိုင်တော့ပါဘူး။ မြို့နယ်ကလေး တစ်ခုခုဆီ ပြောင်းရွှေ့ပြီး နေဖို့ကလည်း…ရုတ်တရက် ဘယ်လိုအခြေချရမယ်မသိ။

"နိုင်…ငါ သေသာ သေချင်တော့တယ်…"

တကယ်တန်းကျ အန်တီကလည်း ဘာမှ အားမကိုးရပါဘူး။ ငိုမယ် ညည်းညူနေမယ်ကလွဲပြီး ဘယ်လို အကြံကောင်းမျိုးမှ မပေးနိုင်။

"မြစ်လာပြီပဲ အန်တီ…တစ်ရက် နှစ်ရက်အတွင်း အပြီးစဉ်းစားပြီး ဆုံးဖြတ်မယ်…မြို့ထဲနဲ့ ဝေးချင်တော့ဝေးမယ်၊ အသင့်အတင့် အိမ်ကလေး တစ်လုံးတော့ ပြန်ဝယ်ရမယ်။ အိမ်ပိုင်မဟုတ်ရင် ရေရှည် အန်တီနဲ့နိုင့်မှာ အလုပ်လဲမရှိဘူး…မေမေ့ ဆေးကုသစရိတ်တွေလဲရှိမယ်…နိုင် အလုပ် တစ်ခုခု ရှာမယ်…"

မေမေ့အရိပ်ကိုခိုရင်း ဘာအလုပ်မှ မလုပ်ခဲ့ရပေမယ့် စီးပွားရေးတက္ကသိုလ်



က ဘွဲ့ရပြီး ကွန်ပျူတာတက်၊ စာရင်းကိုင်တက်၊ အင်္ဂလိပ်စာ သင်တန်းတွေ တက်နှင့် ပညာတွေ တစ်ခုပြီးတစ်ခု သင်ခဲ့သမျှလေးတွေက သည်တစ်ခါတော့ ကျေးဇူး တင်ဖို့ ဖြစ်မှာပါ။ အလုပ်ရှာလို့တော့ ရတန်ကောင်းပါရဲ့…။

"အန်တီက အိမ်မှာနေပြီး မေမေ့ကို ပြုစုပါ…နိုင် အလုပ်ရှာမယ်။ နိုင် ရှာသမျှနဲ့ကတော့ အရင်ကလောက် မပြည့်စုံနိုင်ပါဘူး။ ဒါပေမယ့် အလဟဿ နေလို့ကတော့ မရတော့တာ သေချာတယ်…"

တစ်ခုတော့ရှိပါတယ်။

နိုင့်မျက်ရည် အတော်ခမ်းခြောက်သွားပါလား…။ တစ်ခုပြီးတစ်ခု ဘာတွေ ဆက်လုပ်မယ်ဆိုတာဘဲ စဉ်းစားရတော့တာပါ။

"အန်တီ နေမကောင်းရင် အိမ်မှာဘဲ နေခဲ့ပါ။ နိုင် မေမေ့ကို သွားကြည့်ပြီး သူငယ်ချင်းတွေနဲ့ တွေ့ဦးမယ်။ အလုပ်ကိစ္စ စုံစမ်းရဦးမှာ…"

နိုင် ငိုနေ စိတ်ဓာတ်ကျနေလို့ မဖြစ်တော့ပါဘူး…။

မဝံ့မရဲဦးဆုံး ဆေးရုံဝင်ပြီး မေမေ့ကို ကြည့်ရပါတယ်။ စောင့်ပေးတဲ့ ညီမဝမ်းကွဲလေး နထွေးအပြောအရ ခဏသတိရလာပြီး ထုံးစံအတိုင်း မျက်ရည်တွေကျလာလို့ သတိလစ်သွားပြန်တာပါဘဲတဲ့။ နထွေးကို မှာစရာ ရှိတာမှာပြီး သူငယ်ချင်းတွေနှင့် သွားတွေ့ဖို့မှာ ပထမဆုံး သူငယ်ချင်းတွေထဲက အချစ်ဆုံး မာလင်းကိုဘဲ တွေ့မှုပါ။ မာလင်းရဲ့ ကုမ္ပဏီကို လာခဲ့ရတယ်။

"ဟဲ့ နိုင်…သတိရနေတာ…ငါလာတော့မလို့…သန္တာနဲ့တွေ့လို့ နင့်အကြောင်း မေးပါတယ်။ ပြောလိုက်တာများ ရက်ရက်စက်စက်ပာယ်။ ငါက နင်တို့တွေ တွေ့နေတယ်ဘဲ မှတ်တာကိုး…"

"နိုင်လဲ နိုင့်သောကနဲ့ နိုင်မို့ မာလင်းတို့ကို သတိရပေမယ့် မလာနိုင်ခဲ့ပါဘူး…အခု နင့်ကို သတိရနေတာ တိုင်ပင်စရာတွေရှိလို့…"

www.burmeseclassic.com

www.burmeseclassic.com



နိုင် တွေ့ကြုံသမျှတွေ အခက်အခဲတွေ မာလင်းကို မျှဝေ ရင်ဖွင့်မိသလိုတော့ ဖြစ်ပါတယ်။ ရေရှည်စားဝတ်နေရေးအတွက် အလုပ်ကလေးရှိမှ ဖြစ်မယ်လေ…။

"နေဦး…မနေ့က ငါ့ယောက်မပြောနေတာ သူတို့ကုမ္ပဏီမှာ စာရင်းကိုင် လိုလို့တဲ့…လက်ရှိကောင်မလေးက လက်ထပ်ပြီး မန္တလေးပြောင်းမှာမို့ ပြောတာဘဲ…ငါ သည်ညနေ မေးပေးမယ်…မနက်ဖြန်ကြရင် ငါ့ဆီလာခဲ့လေ…ဒါမှမဟုတ် ငါ ဖုန်းဆက်ပါ့မယ်…"

"ကျေးဇူးပဲ မာလင်းရယ်…"

"သည်လိုပေါ့ဟာ … ဖြစ်လာပြီပဲ ရင်ဆိုင်ကြရမှာပေါ့…အိမ်လဲ လာလည်ပါဦး…မေမေကတောင် ဟိုတစ်လောက ဂဇာန်းဟင်းချက်လို့ နင့်အကြောင်း မေးနေတာ…"

တက္ကသိုလ်တုန်းက အမြဲတွဲခဲ့ပေမယ့် မာလင်းအလုပ်ရောက်မှ မတွေ့ဖြစ်ကြတာ…။ ကိုကျော်စွာ ကမ်းသောလက်ကို ဆုပ်ကိုင်ခဲ့မှတော့…တစ်ယောက်တည်းလှမ်းရတာ ပင်ပန်းပေဦး အားလျော့ပြီး ရပ်နေလို့မှ မဖြစ်နိုင်တော့တာဘဲလေ…။

* * *



"ဒါဆို အလုပ်ရမှာပေါ့…ဟုတ်လား နိုင်…"

"ဟုတ်တယ်…မာလင်းအစ်ကို ကိုထင်လင်းတို့ ကုမ္ပဏီမှာ မာလင်းယောက်မလဲရှိတယ်…ဝမ်းသာလိုက်တာ… အလုပ်ကလေးရလာတော့ ဝင်ငွေနည်းပေမယ့် တဖြည်းဖြည်း ကြိုးစားယူရမယ်။ အိမ်ကတော့ မြို့ထဲနဲ့ ဝေးလဲ ခပ်သေးသေး အိမ်ကလေးတစ်လုံးတော့ အပိုင်ရှိမှပါ…"

"နိုင်…ကျေးဇူးပါဘဲ သမီးရယ်…အန်တီတစ်ယောက်တည်းဆိုဘာမှ မစွမ်းဆောင်နိုင်ပါဘူး…"

"အန်တီရယ်…နိုင်တို့က တစ်မိသားစုတွေပါ…ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပေါ့…ကျေးဇူးမတင်ရပါဘူး…"

အိမ်ရှေ့က တံခါးခေါက်သံကြောင့် ထွက်ကြည့်မိပါတယ်။ ကိုဇံပါလား။ ကိုဇံကို မမျှော်လင့်ပဲ တွေ့လိုက်ရတော့ အံ့သြစရာပါဘဲ။

"နိုင်…ဘာတွေချက်နေတာလဲ…မွှေးကြိုင်လို့…"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဆေးရုံသွားမှာမို့ ငါးကြော်ထားတယ်…နိုင်တို့စားဖို့တော့ ချဉ်ရည်ဟင်းတစ်ခွက်ပါဘဲ…"

"ရော…နိုင် အိမ်စာချုပ်…"

"ဟင်…ဒါက ဘယ်လိုဖြစ်တာလဲ…"

"အန်တီ့ဆီက ကိုယ်ချေးလာတာလေ…"

"ကိုင်ချေးလာတာ ဟုတ်လား…အဲသည်လို မလုပ်ပါနဲ့…နိုင် ရောင်းပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ…"

"မရောင်းပါနဲ့ နိုင်…နေရာတစ်ခုကတစ်ခု ရွှေ့ပြောင်းဖို့ မလွယ်ပါဘူး။ နိုင် တဖြည်းဖြည်းချင်း ပြန်ဆပ်ပေါ့။ ကျွန်တော် အရင်းပြန်ယူပုံမယ်။ အတိုးမယူပါဘူး။ အရင်းသာ ပြန်ပေးပါ နိုင်…"

"ဝမ်းသာလိုက်တာ သားရယ်…အန်တီလေ နိုင့်ကိုလည်း ဘာမှမကူညီနိုင်…အိမ်ကလေးကို ဆုံးရှုံးရတော့မယ်ဆိုတော့ သိပ်စိတ်ဆင်းရဲရတာ။ ခုလို သူတော်ကောင်းနဲ့ တွေ့ရတာ…"

အန်တီက ဝမ်းသာကြောင်း ကျေးဇူးတင်ကြောင်း တတွတ်တွတ် ပြောနေပေမယ့် နိုင့်စိတ်ထဲမှာတော့ ဝေခွဲမရနိုင်လိုက်တာ၊ ကိုင့် အကူအညီမယူသင့်ဘူး ထင်ပါတယ်…။

"ဘာတွေ စဉ်းစားနေသဲ နိုင်…ပြန်ဆပ်ဖို့…လောလောဆယ် အန်တီ့သန်းကိုး ပေးရမယ့် အတိုးများလာရင် နိုင့်အိမ်လေး ဈေးနိမ်ချပြီး ရောင်းလိုက်ရလိမ့်မယ်။ နေနေကြ နေရာမဟုတ်တဲ့ ဟိုးအဝေးကြီး ပြောင်းပြီး တော့လည်း…မိန်းမသားတွေချည်း။ ကျန်းမာရေးနဲ့ ညရေးညတာရှိတယ်။ ကျွန်တော့်ကို အားနာစရာ ဘာမှမရှိဘူး နိုင်…ကျော်စွာနဲ့ ကျွန်တော် သူငယ်ချင်းသာဆိုတာ ညီအစ်ကိုလောက် ချစ်ကြတာပါ။ ကျွန်တော်



စိတ်မကောင်းအောင် မငြင်းပါနဲ့ နိုင်…"

သက်ပြင်းတွေ အလီလီသာ ရှိုက်နေရပါပေါ့လား။ အကူအညီယူတယ်ဆို ကျေးဇူးတွေ ဝိတော့မှာ။ ကျေးဇူးဆိုတာ သိတတ်သူအတွက် ဆပ်မကုန်နိုင်တော့ပါဘူး…ဒါကြောင့်လည်း နိုင့်စိတ်တွေ ရှုပ်ထွေးရပါတယ်…။

"သည့်အကြောင်း ခေါင်းထဲက ထုတ်ထားပါ နိုင်…ခုအခြေအနေမှာ နိုင့်မေမေ ကျန်းမာရေးတစ်ခုဘဲ ကြည့်ပါ။ ကျန်တာတွေ ဖြည်းဖြည်းမှ စဉ်းစား ပေါ့…"

ဒါတော့ ဟုတ်ပါတယ်။

မေမေက ပထမ အရေးအကြီးဆုံး ဖြစ်နေတယ် မဟုတ်လား။

"လောလောဆယ် နိုင်တို့ အိမ်စာချုပ်ကို ကိုင်ယူထားပါ…အတိုး မယူပေမယ့် အရင်းပြန်ဆပ်ပြီးမှ ပြန်ပေးပါ။ အဲလိုတော့ လက်ခံပါ… အဲလိုမှ လက်မခံရင် နိုင် အိမ်ရောင်းရပါလိမ့်မယ်…နိုင့်မေမေ နေကောင်းမှ စဉ်းစားဦးမယ်…"

"ဟုတ်ပါပြီ…အဲလိုမှ နိုင်ကျေနပ်မယ်ဆို စာချုပ်ကို ကျွန်တော် သိမ်းထားပါ့မယ်…"

အတိုးမယူဘူးဆိုတော့ နိုင် အနည်းငယ် အသက်ရှူချောင်သလို ရှိပေမယ့် မဖြစ်တော့ မဖြစ်သင့်ပါဘူး။ အင်းလေ…မေမေ့အခြေအနေ ကြည့်ပြီးမှ ဆုံးဖြတ်ရတော့မှာပါဘဲ။

"တစ်နေ့က မမကြီးနဲ့ သန္တာ့ကိုတွေ့တယ်။ မမကြီးကတော့ ဘာမှ မပြောပါဘူး…သန္တာကတော့ နိုင့်အကြောင်း စကားစတယ်ဆို…"

"ကိုကျော်စွာဆုံးရတာ နိုင်နဲ့ မင်္ဂလာဆောင်မှာမို့လို့ ပြောကြပြီး စိတ်ဆိုး သွားတာပါဘဲ ကိုင်…တကယ်သာ ဟုတ်ရိုးမှန်ရင် နိုင့်ကိုယ်နိုင် စိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



မိမှာပါ…"

"မဆိုင်တာ…အဓိပ္ပာယ် လုံးဝမရှိဘူး…ကျွန်တော်တော့ ဒါမျိုးတွေ အယုံအကြည် မရှိပါဘူးဗျာ…သူသေရမယ့် အချိန်စေ့လို့ သေတာပါ နိုင် မယုံပါဘူး"

ကိုဝံ ပြန်သွားတော့ အန့်တီကပြင် သူတော်ကောင်းနှင့်တွေ့ရတာ၊ ငါတို့ ကံကောင်းပြီလို့ ပြောနေတော့တာ။ နိုင်ကတော့ စိတ်ထဲ လေးလံထိုင်းမှိုင်း နေသလိုပါပဲ။ ကိုဝံ ကျေးဇူးတွေ ပိလာမှာလည်း မလိုလား။ အခုအိမ်ကိစ္စကို ကိုဝံ ကူညီခဲ့တာကိုသာ ကိုကျော်စွာမိသားစုတွေ သိကြရင် ဘာပြောမလဲ။

စဉ်းစားလိုက်တိုင်း စိတ်ရှုပ်ထွေးစရာ အကြောင်းတွေသာ များပြားသလို ခံစားရပါတယ်…နိုင် ရင်ဆိုင်ရဦးမယ့် အနာဂတ်လမ်းက လွယ်ကူနိုင်ပါ့ မလားကွယ်…။

* * *



"ခုရက်ပိုင်းတော့ မေမေ့အနားမှာ အန့်တီ အမြဲနေပေးပါ။ နိုင်က အလုပ် ဝင်ကာစမို့ ရက်ပျက်လို့ မကောင်းဘူးလေ…နေ့တွေကိုလဲ စောင့်နိုင်းတာတော့ ထားပါ…မေမေ့အခြေအနေကို နိုင် အားမရလို့ အန့်တီ ဂရုစိုက်ပေးပါဦး"

"အေးပါ…စိတ်ချ…အလုပ်ဘဲ ဂရုစိုက်"

အလုပ်ဝင်စမှာ ခွင့်ယူလို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် အလုပ်နားရက်ရတဲ့ တနင်္ဂနွေ တစ်နေ့လုံးတော့ မေမေ့အနားမှာ နေနေရပါတယ်၊ ကျန်တဲ့ရက် တော့ အလုပ်ပြန်နှိုင်သာ ဝင်ကြည့်ယုံပါဘဲလေ။

"သက်ထားနိုင်…ညှို့သည်…"

အလုပ်လုပ်နေတာ ဘယ်သူမှ မသိပါဘဲ…ဘယ်က ညှို့သည်ပါလိမ့်။ အံ့ဩသွားရတာ၊ ကိုဝံ့ကိုမြင်တယ်ဆိုရင် ပိုတောင် အံ့ဩပါတယ်…။

"ကိုဝံ ဘယ်လိုသိလဲ…"

"ဆေးရုံရောက်တယ်…အန့်တီက အလုပ်တိုက်လိပ်စာ ပြောလိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



ပါ…"

"နိုင့်ကို စာတွေ အများကြီးသင်ပေးခဲ့တဲ့ မေမေ့ကျေးဇူးပါဘဲ ကိုဇံ။ နိုင် အပြင်မထွက်ချင်လို့ ဘာမှ ညည်းမခံရဘူး…"

"ခဏနေ အလုပ်ဆင်းရမှာပဲလေ…ကျွန်တော် စောင့်နေမယ်…"

"ရှင်…"

"နိုင့်ကို တစ်ခုခု လိုက်ကျွေးချင်လို့ပါ"

"အားတော့နာပါတယ် ကိုဇံ…နိုင့်မှာ အချိန်မရှိလို့ပါ…အလုပ်ပြန် ဆေးရုံဝင်ပြီး မေမေ့အနား နေပေးရဦးမယ်လေ။ ဒါကြောင့်ပါ…နောက်တော့ ကြုံဦးမှာပေါ့ ကိုဇံ…"

"ကျွန်တော် အခု စမ်းချောင်းတိုက်ခန်းမှာ နေတယ်…အပြင်အဆင် အားလုံး နိုင်ပြင်ထားတာခိုတာလဲ သတိရပါတယ်…လိုချင်တဲ့ ပစ္စည်းရှိရင် လာယူပါဦး…"

နိုင် ပြုံးမိပါပြီ။ မချိုပြုံးဆိုတာ ဒါဘဲနေပါလိမ့်မယ်…လက်ထပ်တော့မယ့် ဘဝခရီးဖော် ကိုကျော်စွာကိုတောင် စွန့်လွှတ်လိုက်ပြီးတော့မှ ကျန်တာ ဘာပစ္စည်းကို လိုချင်ရဦးတော့မှာလဲလို့ ပြောမိပါပြီ။

"ကျော်စွာကို သိပ်ချစ်တယ်လား…"

"ရှင်…"

"သြော်…နိုင် ခံစားနေရတာ မြင်တော့ ကျွန်တော် စိတ်မကောင်းလို့ ပါ…ကျော်စွာကို သိပ်ချစ်တယ်ဆိုတော့…"

ရှင်းပြမနေချင်ပါဘူး။

ရှင်းပြနေစရာ အကြောင်းလည်းမဟုတ်ဘူး။ တကယ်တော့ ကိုကျော်စွာကို ဘဝခရီးဖော်အဖြစ် သင့်တော်လွန်း၍ ရွေးချယ်ခဲ့သော ခင်ပွန်းလောင်းဆို



သည့် သံယောဇဉ်တစ်ခုဘဲ ရှိတာပါ။ ကိုကျော်စွာနှင့် နိုင့်ကြားမှာ အချစ်ဆို တာ ရှိမှ မရှိတာဘဲ…။ ဒါကိုလည်း ခုချိန်မှာ ကိုဇံလို သူစိမ်းယောကျ်ား လေးတစ်ယောက်ကို တကူးတကနှင့် ရှင်းပြနေစရာ လိုလို့လား။

"နိုင် စဉ်းစားတိုင်း စိတ်မကောင်း ဖြစ်ရတယ်…နိုင်နဲ့ လက်ထပ်မယ် ဆိုလို့ ကိုကျော်စွာ သေဆုံးရတာလားဆိုတာပါ…"

"မဟုတ်နိုင်တာ နိုင်ရယ်…အဲဒါက သူ့ရှာတို့ ကျော်စွာ့ကို ချစ်စိတ် လွန်ပြီး တစ်ဖက်စွန်း တွေးကြတဲ့ အတွေးတွေပါ…"

"မပြောတတ်တော့ပါဘူးလေ…"

"နိုင့်ကို ဆေးရုံလိုက်ပို့ပေးမယ်…"

"နေပါစေ ကိုဇံ…မဟုတ်တာ"

"နိုင့်ဘာသာ သွားပါရစေ…"

နောက်ဆိုရင် နိုင့်အလုပ်ထဲ မလာပါနှင့် ကိုဇံလို့ ဘယ်လိုပြောရပါ့။ ပတ်ဝန်းကျင်ဆိုတာ မျက်လုံးပေါင်းများစွာ ရှိတယ်လေ။ ဘယ်လိုအကြည့်မျိုး ဘယ်လိုအပြောမျိုးကိုမှ နိုင် မကြုံချင် မခံချင်တော့ပါဘူး။

"နိုင် ပြန်တော့မလား"

"ဟုတ်ကဲ့ မမနီ…အရေးကြီးတဲ့နေ့ဆိုရင်တော့ နိုင့်ကို ပြောပါ။ နိုင့် မေမေက ဆေးရုံမှာဆိုတော့ အလုပ်အရေးတကြီး မရှိရင် နိုင် ပြန်ချင်ပါ တယ်…"

နိုင့်ကို မမနီနှင့် တွဲပေးထားတာဆိုတော့ လုပ်သက်များနေပြီဖြစ်တဲ့ မမနီကိုဘဲ အစစ တိုင်ပင်ရပါတယ်။ မမနီက ကိုဇံကို ဖျတ်ခနဲ လှမ်းကြည့် လိုက်တာလည်း နိုင်မြင်ပါတယ်။ အတူယှဉ်တွဲ ထွက်ရတာလည်း အနေ ကျုံ့သလို ခံစားရပါတယ်…။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လာတာ နိုင် မကြိုက်ဘူးထင်တယ်…"

ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်ရပါပြီ။

"နောက်ဆို ကျွန်တော် ဆင်ခြင်ပါ့မယ်…တစ်ခေါက်မှ မရောက်ဖူးလို့ လာကြည့်မိတာပါ…နိုင် အဆင်မပြေရဲ့လားလို့ လာကြည့်မိတာပါ… ဘယ်နှစ်သက်နိုင်ပါ့မလဲ…"

"ဟိုလေ…"

မနှစ်သက်ပေမယ့် အားနာစိတ် ရှိနေပါတယ်။ အထူးသဖြင့် ကိုဝင်းမောင်းတဲ့ကားကို လိုက်စီးရတဲ့အခါ…စိတ်မှာတော့ ကြေကွဲနေရသလိုပါဘဲ။ ကိုကျော်စွာခုံးတာမှ ဘာမှမကြာသေး။ သက်ထားနိုင်ဆိုတာ အပြောင်းအလဲ လျှင်မြန်လွန်းစွာ နောက်ထပ်ကားတစ်စီးပေါ် လိုက်စီးနေရတယ်ဆိုတာမျိုး နည်းနည်းမှ အပြောမခံချင်။

"ကိုဝင်း လိုက်မပို့နဲ့တော့…နိုင် သွားမယ်…ဆေးရုံပို့တာ ကျေးဇူးပါဘဲ…"

"ဟုတ်ပါပြီ…နေဦး နိုင်…ဟိုမှာ အန်တီ မဟုတ်လား"

ကိုဝင်းပြတော့မှ ကြည့်မိတာ၊ အန်တီနဲ့ နွေး အထုပ်အပိုးတွေနဲ့ပါလား။ မေမေ့ကို တစ်ယောက်တည်း ထားပြီးတော့…။ ဘယ်လိုဖြစ်သလဲ…။

"အန်တီ…အန်တီ…"

"ဟဲ့…အမလေး…နိုင်…ငါ အခုဘဲ ဖုန်းဆက်ခေါ်တာ ဖုန်းက ခေါ်မရလို့…"

"အန်တီ…မေမေ…"

"နိုင်…မမ…"



သဘောပေါက်လိုက်ပါပြီ။ အန်တီ့ပါးပြင်ပေါ်က မျက်ရည်စတွေ၊ နွေးရဲ့ အငိုမျက်နှာ။ နိုင်ဖြင့် မျက်ရည်မကျနိုင်တော့ပါဘဲ ရင်ထဲဆို့နေသလိုပါ။ မေမေက နိုင့်ကို လက်ထပ်ပြီး ဘဝမှာ သာယာသော အိမ်ထောင်လေး တစ်ခုနှင့် မြင်ချင်ခဲ့ပါတယ်…။ ကိုကျော်စွာကို နိုင် လက်ထပ်ပါမယ်ဆိုတော့ မေမေ သိပ်ဝမ်းသာခဲ့တာပါ…။ နိုင်နှင့် ကိုကျော်စွာကို အတူယှဉ်တွဲတွေ့တိုင်း မေမေ့ရဲ့ ပီတိမျက်ဝန်းတွေကိုရော မေ့သွားစရာလား။

အခုတော့…။

အားလုံးက တိမ်တိုက်တွေလို လွင့်ပါးပျောက်ကွယ်သွားပါရော…။ မေမေလည်းမရှိ၊ ကိုကျော်စွာလဲ မရှိတော့…။

* * *

www.burmeseclassic.com

နိုင် ကြေကွဲစရာတွေ များလွန်းလို့ အိပ်မက်မှာပင် ယောင်ပိုလေသလား။ ဒါပေမယ့် အဲသည့်အိပ်မက်ဟာ အပြင်နှင့်ကတော့ ဘာမှ မသက်ဆိုင်တာ နိုင် အသိဆုံး။

"နိုင် ယောက်မလေးတွေအပေါ်လဲ စိတ်တိုနေလို့ ပါမှာပါ။ မမ မရှိတော့ နိုင် အားငယ်မယ်ဆိုတာ အန်တီသိပါတယ်။ အန်တီကလည်း နိုင့်ရဲ့ ကူဖော် မဟုတ်တဲ့ လောင်ဖက်လေ…"

"ခုချိန် ကူဖော်လောင်ဖက်က ဘာဖြစ်ဖြစ် အရေးမကြီးပါဘူး။ အန်တီက မေမေ မရှိရင် နိုင့်အမေဘဲပေါ့…သန္တာတို့ကိုလဲ နိုင် ခွင့်လွှတ်ပါတယ်။ ကိုကျော်စွာ့ကို ချစ်တဲ့စိတ်နဲ့ မှားယွင်းပြောဆိုကြတာပါ…"

မေမေ့ရက်လည်နေ့ မတိုင်မီနေ့က သန္တာသူငယ်ချင်းလေးလာပြီး ရက်လည်အတွက် ကိတ်မုန့်တွေ လာပို့ပေးပါတယ်။ မကြီးက ပို့နိုင်းလိုက်တာ ပါတဲ့…တကယ်ဆို မေမေဆုံးတာ မကြီးဘဲဖြစ်ဖြစ် လာသတင်းတော့



မေးသင့်ပါလျက် သန္တာသူငယ်ချင်းနှင့် ကိတ်မုန့်ဘဲ ပို့လိုက်ရတယ်လို့… ပြီးတော့ နာရေးမှအားမနာ…သူတို့ မကျေနပ်တာတွေ ပြောပြသေး…။

"ကိုကျော်စွာ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးထဲက ကိုကျော်စွာ့မိသားစုကို နိုင့်မိသားစုလို့ သဘောထားခဲ့တာပါ…သူတို့က မချစ်ခင်ပေမဲ့ နိုင် မေတ္တာ မပျက်သင့်ပါဘူး…သူတို့လည်း ကိုကျော်စွာ့ကို သိပ်ချစ်လို့ဘဲလေ…"

"ချစ်တာတော့ ချစ်တာပေါ့ကွယ်…ဒါပေမယ့် အတ္တများလွန်းသလို ပါဘဲ…"

အန်တီကတော့ စိတ်ဆိုးနေပုံရပါတယ်။

နိုင်ကတော့ ခုချိန်မှာ ဖြစ်လာတတ်တဲ့ မမျှော်လင့်သော အဖြစ်တွေကို မြင်ရပြီးတဲ့အခါမှာတော့…စိတ်ဓာတ်လည်း ကျသွားပြီပြောရမလား။ စိတ်တို ချင်စရာတောင် မရှိတော့ပါဘူး…။

"အန်တီ…"

"ဘာလဲ…နိုင်…"

"အိပ်မက်တစ်ခုကို နှစ်တွေအကြာကြီး ခဏခဏ တတ်လမ်းရှည်ကြီး တစ်ခုလို အန်တီမက်ဘူးသလား…"

"ကြံကြံဖန်ဖန် မမက်ဖူးပါဘူး…နိုင်ရယ်…"

"နိုင့်စိတ်မှာ အဲသည့်အိပ်မက်ထဲက သားအဖကို ထပ်တူညီ ခံစားပေးမိ သလိုပါဘဲ။ သူတို့ ငိုရင်ငို သူတို့ရယ်ရင် ရယ်နဲ့…"

"နိုင်…"

အန်တီက စိုးရိမ်ထိတ်လန့်တဲ့ မျက်နှာလေးနှင့် နိုင့်ကိုကြည့်တော့ နိုင် ရယ်ချင်လာသလိုပါဘဲ။ အန်တို့စိတ်မှာ ထိခိုက်ကြေကွဲခြင်းတွေကြောင့် နိုင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်သိပ်မမှန်တော့ဘူးလို့များ ဖြစ်နေသလား။

မဟုတ်ရပါဘူး...

အိပ်မက်က နိုင့်ဘဝမှာ ဟိုးတစ်ချိန်တည်းက ရှိနေခဲ့တာ။

ခုနောက်ပိုင်း ပိုပြီးမှတ်မိစွာ မက်တတ်လာတာ တစ်ခုပါပဲ။ နိုင့်ကို ရင်ထိန့်ခုန့်ခြင်းတွေပေးသော လူတစ်ယောက်ရယ်...သိပ်ချစ်ရတဲ့ သမီးလေး တစ်ယောက်ရယ်...။

"နိုင်တို့က မိသားစုသုံးယောက် ရှိတယ်ထင်ပါရဲ့ အန်တီ..."

အန်တီက နိုင် တစ်ရေးပြန်အိပ်ပါတဲ့။ အိပ်ရေးပျက် စိတ်ညစ်နှင့် နိုင်ကယောင်ချောက်ချားဖြစ်နေပြီလို့ ထင်မှာလည်း စိုးရပါသေး...။

* * *



အလုပ်ထဲမှာ နေသားကျလာတဲ့အခါ နိုင် စဉ်းစားရပြန်ပါတယ်။ ကိုင်ဝိုက်ထားတဲ့ အိမ်ဖိုးငွေတွေကို ဘယ်နှစ်နှစ်နေမှ ဆပ်နိုင်မှာလဲ...နိုင့်ဝင်ငွေက များများစားစား မရှိပါဘဲနှင့်...နှစ်ဘယ်လောက်ကြာထိ နေနေမလဲ...

အဲဒီလိုလဲ မဖြစ်နိုင်။

"မဟုတ်တာ နိုင်...ဘယ်လို လုပ်ကြမှာလဲ...ခုလဲ ဖြစ်နေတာပဲ"

"မဖြစ်ပါဘူး အန်တီ...နိုင်ရတဲ့ငွေက အန်တီနဲ့နိုင် စားတာနဲ့ ကုန်နေပါပြီ...ဘာမှလဲ နောက်ထပ် မစုဆောင်းနိုင်ပါဘူး။ သည်ပုံဆို ကိုင့်ကြွေးက ပိုပိုလာမယ်..."

"အိမ်ပြောင်းဖို့တော့ မကောင်းဘူး နိုင်"

"မရောင်းရင် ဘာနဲ့ဆပ်မှာလဲ..."

သည်လိုကျ အန်တီလည်း မငြေရှင်းတတ်ပါဘူးလေ။ မျက်နှာ အပျက်

www.burmeseclassic.com

www.burmeseclassic.com



ပျက်လေးနဲ့ ငိုင်နေပုံပါဘဲ...။ စိတ်မြန်တဲ့ နိုင်ကဘဲ စဉ်းစားထားတာကို ပြောပြရမယ်...။

"နိုင်နဲ့ တွဲရတဲ့ မမနီတို့ တဖက်ကမ်းကို ကူးလိမ့်မယ်အန်တီ...မမနီ တို့ကလည်း အမေနဲ့ သမီးနှစ်ယောက်ထဲ နိုင်နဲ့အန်တီကလည်း နှစ်ယောက် ထဲ...နေတွေးလဲ မြို့ပြန်ပြီ ဘာမှ အရေးမကြီးဘူး...။ မမနီတောင်မှ သူ့အိမ်ကနေ အလုပ်နေ့တိုင်း လာနေတာ နိုင် မလာနိုင်စရာ မရှိပါဘူး။ အခုဘဲ ကိုကျော်ငံနဲ့တွေ့မယ်...နိုင် အလုပ်မဝင်ခင် နာရီဝက်လောက် အချိန်ယူတွေ့ပါမယ်..."

အန်တီ စိတ်မကောင်းဖြစ်သလို နိုင်လည်း စိတ်မကောင်းပါဘူး။ ဒါပေမယ့် ရေရှည်စဉ်းစားရမယ်။ ကိုငံက ကိုကျော်စွာ အချစ်ဆုံး သူငယ်ချင်းပါ ဘယ်လို ဆိုဆို...မဖြစ်နိုင်ပါဘူးလေ...။ အလုပ်တိုက်နှင့် အနီးဆုံး ကော်ဖီဆိုင်မှာဘဲ တွေ့လိုက်ကြတာ။

"နိုင့်ဆီက ဖုန်းရတော့ ကျွန်တော် အံ့ဩသွားသလို သိပ်လဲ ပျော်သွား တာပါ...နိုင့်ဆီ လာချင်ပေမယ့် နိုင် မနှစ်သက်မှာ စိုးတယ်လေ"

"ကိုကျော်ငံကို အိမ်ပေးလိုက်ဖို့ နိုင် ဆုံးဖြတ်လိုက်ပြီ..."

"မဟုတ်တာ နိုင်ရယ်..."

"ဘာလို့ မဟုတ်ရမှာလဲ...နိုင် အခြေအနေ စောင့်ကြည့်နေတာပါ။ အလုပ်ကရတဲ့ ငွေကလည်း အန်တီနဲ့နိုင် စားပြီးရင် ပိုလှမှ နည်းနည်းလေး။ အိမ်ဖိုး ဖဲ့ဆပ်လောက်အောင် အဆင်မပြေဘူး ကိုငံ..."

"နိုင်ကလည်း ကျွန်တော်တို့ကြားမှာ သည်ငွေလောက်ကို ပြောနေရ တယ်လို့ဘဲ...စိတ်ထဲမထားပါနဲ့"

"မဖြစ်ဘူး...ကိုငံ..."



"နိုင် သိပ်အတွေးများနေပြီ..."

"အတွေးများတာ မဟုတ်ဘူး။ နိုင် ပြောပြီးပြီ။ နိုင် အိမ်ပြောင်းတော့ မှာ...အိမ်ကို သော့ခတ်ပြီးရင် ကိုငံကို လာပေးမယ်"

နိုင် ခေါင်းမာစွာ ငြင်းဆန်ရမှာပါဘဲ...ဆုံးဖြတ်ချက်အတိုင်းလည်း ပြတ်ပြတ်သားသား လုပ်ရလိမ့်မယ်။

"နိုင်"

"ဟုတ်ကဲ့..."

"စိတ်တော့မဆိုးပါနဲ့ နိုင်...နိုင့်ကို ကျွန်တော် လက်ထပ်ပါရစေ..."

"လက်ထပ်မယ်"

"ဟုတ်ပါတယ်...နိုင့်ကို ကျွန်တော်ချစ်တယ် နိုင်...ဖွင့်မပြောရဲ သေးတာက ကျော်စွာအပေါ် နိုင် သတိတရ ရှိနေဆဲနဲ့ ကြေကွဲနေဆဲမှာ ကျွန်တော်က အလိုက်မသိ ဖြစ်မှာစိုးလို့ အချိန်စောင့်နေတာပါ..."

ကိုကျော်စွာ ဆုံးတာဖြင့် သုံးလကျော်လေး ရှိပါသေးတယ်။ ချစ်သူ မဟုတ်ပေမယ့် သည်မျှအချိန်လေးအတွင်း အိမ်ထောင်ပြုဖို့ နိုင် စဉ်းစားရမတဲ့ လား။ နှင်းကပင် အချစ်ဆိုတာ နိုင့်ရင်ထဲ မရှိခဲ့တာ။ နိုင်ဟာ မြို့ကောင်ပေါက် အရွယ်လေး မဟုတ်တော့မှ အချစ်ကို တမ်းတနေဆဲလား။ ကိုကျော်စွာ အပေါ်လည်း ဦးနှောက်နှင့်ဆုံးဖြတ်ပြီး ခေါင်းညိတ်ခဲ့ပေမယ့် ရင်သိမ့်သိမ့်ခုန် လှုပ်ရှားမှုကို...

ဘုရားရေ...

ရင်သိမ့်ခုန် လှုပ်ရှားမှုဆိုတာနှင့် အိပ်မက်ထဲက လူကို ချက်ချင်းပြေးမြင် တယ်။ ပါးပြင်ပေါ်မှာ ပါးချိုင့်ခွက်ခွက်လေးနှင့် အဲသည်လူရဲ့ အပြုံးကမှ နိုင့်ရင်ကို တသိမ့်သိမ့် လှုပ်ရှားစေခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး ကိုငံ…နိုင် အိမ်ထောင်မပြုချင်တော့ပါဘူး…"

"ကျွန်တော် စာနာပါတယ် နိုင်…ဖြည်းဖြည်းပေါ့…လောစရာမလိုပါဘူး…ဖြည်းဖြည်းစဉ်းစားပါ"

"ဟင့်အင်း…စဉ်းစားဖို့ကို မဖြစ်နိုင်ပါဘူး ကိုငံ…"

ကော်ဖီဆိုင်ထဲကအတွက် အပြင်မှာ မိုးရွာနေပါလား။ မိုးကို မမြင်ရကြာသမျှ မိုးပေါက်တွေကို ငေးကြည့်နေမိပါပြီ။

"ကားရပ်တဲ့ နေရာထိ ပြေးရလိမ့်မယ် နိုင်…ဒါမှမဟုတ် ဆိုင်ထဲပြန်ဝင်မလား…"

"နိုင့်မှာ ထီးပါပါတယ်…"

ထီးဖွင့်ပြီးမှ သတိရတာ…ကိုငံကို ကားပေါ်ထိ ပြန်ပို့ပေးရတော့မှာ။ ဒါကြောင့်မို့ ကိုငံနဲ့ နိုင် ပြန်မလိုက်တော့ဘူး။ ကားအထိ ပြန်ပို့ပေးပါမယ်ဆို ပြောမိပြီ။

"နိုင်…ကျွန်တော် အချိန်ဘယ်လောက်ကြာကြာ စောင့်ပါ့မယ်…"

"မဖြစ်နိုင်ပါဘူး…"

ကားအထိ ထီးအတူဆောင်းမိတာပါ။

နိုင့်ရင်ထဲ ဘာမှမရှိပါဘူး။ ဒါပေမယ့် ပြောစရာ ဖြစ်လာခဲ့တာကတော့ ရှေ့တည့်တည့်မှာ လာရပ်တဲ့ ကားပေါ်က ဆင်းလာတာဟာ ကိုကျော်ဇွာအနှင့်တိ ဓမ္မမြိုးနှင့် ညီမသန္တာပါပဲ။ နိုင်တို့ကလည်း ကြည့်နေမိသလို သူတို့ကလည်း ကြည့်နေပြီး ရုတ်တရက် စကားမစမိ။

"အန်တီမြ"

"ဟဲ့ မောင်ငံနဲ့ နိုင်…မင်းတို့…"

မင်းတို့ရဲ့ ရှေ့ စကားမဆက်တော့။



ဓါသည့်ရပ်ပစ်လိုက်တဲ့ မင်းတို့ပြီးရင် ဘယ်လိုစကားတွေ လာချင်တာပါလိမ့်…။

"ဟင်း…ကိုကိုသေတာမှ နှစ်ရက်နဲ့တစ်ပိုင်း…နောက်တစ်ယောက်ချက်ချင်းပြောင်းတာပါလား…သိသာလွန်းနေပြီ"

သန္တာဆီက မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ ပြင်းထန်သော စကားစုတွေမှာ နိုင် စိတ်ပျက်လွန်းစွာ ထွက်လာခဲ့မိပါပေါ့…။ အတော်ကြာတော့မှ ဘေးနားကို ကိုငံ မီလာပါပြီ။

"နိုင်…တောင်းပန်ပါတယ် နိုင်…ကျွန်တော့်ကြောင့်…"

"ရှင့်ကြောင့်လို့ ထင်ပြီဆို အခု ပိုလိုက်မလာသင့်ဘူး ကိုငံ…အိမ်စာချုပ်သာ အပြီးဖြတ်လိုက်ကြရအောင် ရှေ့ဆက် မတွေ့ကြတာ ကောင်းပါတယ် ကိုငံ…"

"မဟုတ်တာ…ဘယ်သူမှ ဂရုမစိုက်နိုင်ပါဘူး…သူတို့ဘာပြောပြော နိုင့်ကိုချစ်တယ်…"

"ရှင် နေခဲ့ပါ…"

ကိုငံ ကျွန်နေရစ်ပေမယ့် ခြေလှမ်းတွေကို မပြေးရုံတစ်မယ် လှမ်းနေမိတဲ့ မိုးက ပိုလို့တောင် သည်းလာပါလား။ ကောင်းပါတယ်။ ပါးပေါ်က မျက်ရည်စတွေနှင့် မိုးရေစက်တွေ ရောထွေးပျက်ထင် ဖြစ်ကုန်ကြပြီပေါ့…"

မေမေ…နိုင် တကာယ့်ကို ဓါသည့်အချိန် ပြန်ဆုတ်လို့ရရင် သည့်ဖုကို နိုင် မကြိုက်ပါဘူး မေမေရယ်လို့ ငွတ်ငြင်းလိုက်မိရင်မှ ကောင်းဦးမယ်။ ကိုကျော်ဇွာနှင့် ဒါဆိုဘာမှ ပတ်သက်ဖြစ်ခဲ့မှာ မဟုတ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ညနေစောင်းတည်းက နိုင် ဖျားနေခဲ့ပါပြီ။ မိုးရေတွေထဲ ပြန်လာပြီးတည်းက ချမ်းနေခဲ့တာ။ ထမင်းမစားချင်ဘူးဆို ကော်ဖီနှင့်ဆေးနှင့်ဘဲ သောက်လိုက်ပြီး နိုင် ငြိမ်သက်စွာ အိပ်နေမိတယ်။ လူကသာ ငြိမ်သက်နေခဲ့တာပါ။ စိတ်တွေက လှုပ်ရှားယိမ်းယိုင်နေတာပါလား။ ကိုဝံနှင့် ရှိသားတာ ဘယ်လိုပဲ ရှိရှိ သူ့မှာတို့ အမြင်ကတော့…။ မေးခနဲ့ အိပ်ပျော်သွားသည့်အခါ…။

"ကြောက်စရာကောင်းလွန်းတဲ့ ခံစားချက်ပါပဲ အနုတ်…မိုးတွေလောင်နေတယ်…နိုင် သိပ်ချစ်တဲ့ လူနှစ်ယောက်နှင့် အတူရှိနေကြတာ…သူတို့ နာကျွေရောက်မှာကို ပူပန်တဲ့ခံစားမှု…ကိုယ်လည်း နာကျွေရောက်နေပြီး သူတို့နှင့် အပြီးတိုင် ခွဲခွာရတော့မယ်ဆိုတဲ့ ကြေကွဲမှု…သုံးယောက်အတူ မခွဲနိုင်ဘူးဆိုတဲ့ စွဲလမ်းမှု…အနုတ်…အမြင်မှာ ခံစားရတဲ့အတိုင်း ခံစားရတာ…အဲသည့်ခံစားမှုက နလုံးပွင့်ထွက်မတတ် ပင်ပန်းပါတယ်…"

"နိုင်…စိတ်ဆင်းရဲစရာတွေကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ နိုင် ဘယ်လောက်အထိ ခံစားရမယ်ဆိုတာ အနုတ်သိပါတယ်။ အနုတ်တို့



နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ ပြကြမယ် မဟုတ်လား…"

နိုင်ဖြင့် ရှုပ်ထွေးနေသော ခံစားချက်ကြားထဲမှနေ ရယ်မိပြန်ပါရော။ အနုတ်က နိုင့်ကို စိတ်ကျန်းမာရေးဆရာဝန်နှင့် ပြတော့မတဲ့လား…နိုင် ရယ်နေတော့ ပိုစိတ်ပူပန်နေပုံ ရပါတယ်။

"ခင်တဲ့လား…မောင်နဲ့ခင်…မောင်နဲ့ခင်…"

ဟုတ်တယ်…နိုင် ချစ်ချင်တာ အဲလိုအချစ်…သေတပန် သက်တဆုံး ဇနီးနှင့်ကလေးကို ရင်ခွင်ထဲ ထည့်ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်…မောင်က ချစ်စရာယောကျ်ားကောင်း တစ်ယောက်ဘဲ…အန္တရာယ်ကြားမှာ ဇနီးနဲ့ သမီးကို ထားမပစ်ခဲ့ပါဘဲ…မောင့်ကိုမြင်ရင် အချစ်ကို နိုင် သေချာတွေ့ပါတယ်…"

အနုတ်ကတော့ နိုင် ရူးပြီသေချာတွက်တော့မှာ။

နိုင်ကတော့လေ…အိပ်မက်တွေကို တစ်ချပြီးတစ်ခု မက်ရင်း သေချာပေါက် ဘဝလေးတစ်ခု ပီပီပြင်ပြင် မြင်ရတော့တာပါ…။

"ကိုကျော်စွာကို နိုင် မချစ်ရပါဘူး အနုတ်…ဒါပေမယ့် လက်ထပ်သင့်တယ်ထင်လို့ မေမေလဲ စိတ်ချမ်းသာပါစေလို့ ခေါင်းညိတ်ခဲ့တာပါ…နိုင် အချစ်ဆိုတာကို အခုမှတွေ့တာ…အဲဒါ နိုင့် အချစ်ပါဘဲ…"

"နိုင်…"

သူ့အပြုံးကို မြင်ရပြီးမှ ရင်သိမ့်တုန်စွာ ခံစားရတာတွေ…။ သူနှင့် တွေ့တိုင်း ပျော်ရွှင်ရခြင်း၊ ရင်ထိတ်ရခြင်း၊ ကြေကွဲခံစားရခြင်းတွေ…။

"နိုင်…တစ်ရေးလောက် ပြည့်ပြည့်ဝဝ အိပ်လိုက် ဟုတ်လား…အိပ်လိုက်နော်…"

www.burmeseclassic.com

www.burmeseclassic.com



အန်တီ သနားပါတယ်။

နိုင့်ကို ဆေးကုပေးဖို့ကို အပြင်းအထန် တွေးနေရှာတော့မှာပါလား။ အချိန်တစ်ခဏလေးအတွင်း မမျှော်လင့်ထားသော ကြေကွဲမှုယ်တွေနဲ့ တွေ့ခဲ့ရတာ မှန်ပါတယ်။ ဒါပေမယ့် နိုင် မရူးသေးပါဘူး။ မျက်လုံးတွေ မှိတ်လိုက်တဲ့အခါမှာ…သန္တာရဲ့ အမုန်းမျက်နှာကို မြင်ရတယ်…။

နှင်းကြောင် ငါ့အစ်ကို သေရတာတဲ့လား။

"မေမေ…ဖေဖေနဲ့ဘဲ နေပါ…ဖေဖေနဲ့ မေမေဆီ သမီး ပြန်လာခဲ့ပါမယ်…ဖေဖေနဲ့ဘဲနေပါ…"

အနီရောင် ဂါဝန်တောက်တောက်လေးက ဇွဲလိုက်ဝဲလိုက် ပြေးလွှားနေသော…မီးတောက်တွေလည်း တွေ့နေရတယ်။ ပြီးတော့ ညှောင်မှတ်ဆိတ်ပင်ကြီးရဲ့ ပါးပျဉ်းမြစ်တွေကလည်း လေထဲမှာ တလှုပ်လှုပ် တယမ်းယမ်း။

* * *



"မဟုတ်တာ နိုင်ရယ်…မောင်ဇံက ပြောလို့လား…မပြောပါဘဲ…ဘာလို့ အိမ်ပြောင်းမှာလဲ…ပစ္စည်းတွေ သိမ်းရမယ်…ဘယ်သွားနေကြမှာလဲ…"

အန်တီကတော့ အိမ်ကို ကိုင်လောက် အပ်လိုက်တော့မယ်လဲဆိုရော မျက်ရည်တွေဝဲလို့ တုန်တုန်ရင်ရင်နှင့်။ နိုင်ကမြင့်လေ…မေမေ့ကို ဆုံးရှုံးလိုက်ရပြီးတဲ့ နောက်မှာတော့ ဘာမှလည်း လိုချင်မက်မော မနေတော့ပါဘူး။

"နိုင်"

"ရှင်"

"မောင်ဇံက နိုင့်ကို လက်ထပ်ခွင့်တောင်းတယ် မဟုတ်လား။ အဲဒါ လက်ခံလိုက်ပါလား"

အန်တီ မသိဘူးထင်နေတာ။

အန်တီက ဘယ်လိုသိနေတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇံက အနန်တီကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပါတယ်။ နိုင်နဲ့ လက်ထပ်ချင်တယ်တဲ့…မောင်ကျော်စွာအပေါ် ဦးနှောက်နဲ့စဉ်းစားခဲ့သလို မောင်ဇံကိုလည်း ဦးနှောက်နဲ့…"

"တော်ပါတော့…အနန်တီ…အဲသည့် သင့်တော်လို့ လက်ခံရတဲ့ အိမ်ထောင်မျိုး နိုင် တစ်ခါကနှစ်ခါ မလိုချင်တော့ပါဘူး…အနန်တီက ဆင်းရဲမှာ စိုးရိမ်လို့လား…စိတ်ချပါ နိုင် မစားရဘူး ဆိုရင်တောင် အနန်တီ့ကို ဦးစားပေးပါမယ်"

"မဟုတ်တာ…မဟုတ်တာ…အနန်တီက နိုင် လူရောစိတ်ပါ ပင်ပန်း နေရမှာ စိုးရိမ်လို့ပါ…"

သင့်တော်လို့ ဦးနှောက်နှင့် လက်ထပ်ရမှာမျိုး နိုင် မပြုချင်တော့ပါဘူး။ နှလုံးသားက နက်နက်ရှိုင်းရှိုင်း ချစ်တယ်ဆိုမှ တွေးမိတဲ့အခါ…နိုင် အဲလိုမျိုး ချစ်ရမှ…။

"နိုင့်ဘဝကို နိုင် ခြေထောက်ပေါ် ကြံ့ကြံ့ခံရပ်ပြီး ကြိုးစားမယ် အနန်တီ…နိုင် ကြိုးစားနေစဉ် ခဏမှာတော့…အနန်တီ အားတင်းပြီး နေပေး ပါ…"

အနန်တီ့ကို သနားပေမယ့် နိုင် ပြတ်သားစွာ ဆုံးဖြတ်ရပါပြီ။ ပစ္စည်းတွေ နိုင်ကိုယ်တိုင် သိမ်းပြီဆိုတော့ အနန်တီ မနေနိုင်တော့။ သူပါ လိုက်သိမ်းရ တော့တာပေါ့…။

"အနန်တီနဲ့ နိုင်"

ကိုဇံ ရောက်လာပြန်ပါပြီ။ အိမ်အပ်ပြီးပြီဆိုရင်တော့ အပြီးအပြတ် ဖြတ်ရတော့မှာပါဘဲ…။



"နိုင်…ခုလို ဆုံးဖြတ်မှုလားဗျာ…ကျွန်တော့်လက်ထပ်ခွင့် လက်မခံ ချင်လဲ ရပါတယ်…သည်အိမ်ကို ဘာလို့ပြန်ပေးရမှာလဲ"

"မဟုတ်တာ ကိုဇံ…နိုင် ဘယ်တော့မှ မဆပ်နိုင်လောက်တဲ့ သည်အိမ် ကို ဘာလို့ ပြန်မပေးရမှာလဲ…နိုင် သေချာဆုံးဖြတ်ပြီးပါပြီ…"

ကိုဇံက ပြောမရမှန်း သိနေပြီ ထင်ပါရဲ့။ နိုင်တို့ အခုပြောင်းမည့် မမနီအိမ်က ဘယ်မှာလဲ အဆင်ပြေပါ့မလား။ မပြောင်းခင် တစ်ခေါက်လောက် လိုက်ကြည့်ချင်သလို…ပြောင်းတဲ့နေ့ လိုက်ကူဦးမယ်တဲ့…။

"အခုလဲ ပစ္စည်းကူသိမ်းပေးမလို့ပါ…"

"နေပါစေ…နေပါစေ ကိုဇံ…မကူရပါဘူး"

"အိမ်ပြောင်းရတာ ပင်ပန်းပါတယ် နိုင်…ကျွန်တော်ကတော့ ကူညီ ရမှာဘဲ…"

ရှိစေတော့…။

ပြောမရလည်း…ကိုဇံ မသိလို့ပါ။ နိုင့် နှလုံးသားက အချစ်ဆိုတာ ဘယ်လိုခံစားရပါလိမ့်ဆိုတာ သေချာသိရှိခံစားပြီးတဲ့နောက် အချစ်မပါတဲ့ အိမ်ထောင်ရေးနှင့် နိုင် ဘယ်သောအခါမှ တည်ဆောက်တော့မှာ မဟုတ်ပါ ဘူး…။

"နိုင့်ကို ကျွန်တော် စောင့်နေပါ့မယ်…ဘယ်လောက် စောင့်ရ စောင့်ရ ပါ"

"မစောင့်ပါနဲ့ ကိုဇံ…ပြောခဲ့ပြီးပြီဘဲ…"

"ကျွန်တော့်ကို လက်မခံနိုင်တာ သန္တာတို့ပြောမှာ စိုးရိမ်လို့လား…"

"မဟုတ်ပါဘူး…သူတို့ပြောတာလဲ နားလည်ပေးနိုင်ပါတယ်။ နိုင်ကိုယ် တိုင် အိမ်ထောင်မပြုချင်တော့တာပါ…"

www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာခုံးတာ ဘာမှမကြာသလို နိုင်မေမေ ခုံးတာလဲ မကြာသေးလို့ နိုင် စိတ်မကောင်းဖြစ်နေတာ နေမှာပါ...အချိန်တွေ ရှိပါသေးတယ်..."

ကိုင်ကလည်း အင်မတန် ခေါင်းမာပါလား။ နိုင်ကတော့ ရင်ထဲက ဖြတ်သားစိတ်ကို သိနေပြီမို့ ကိုင်နှင့် ပတ်သက်တဲ့ အနာဂတ်ဟာ အချိန် ကြာလည်း မနီးစပ်နိုင်ဘူးဆိုတာ သိနှင့်နေပါပြီ။

အန်တီကတော့ နိုင့်ကို ကိုင်နှင့် နီးစပ်စေချင်မှာပါ။ ကိုင်နှင့် လက်ထပ် လိုက်ရင် နိုင်တို့ကမှ ပင်ပန်းစရာ မရှိနိုင်တော့ဘူးကိုး...။

ဓါပေမယ့် ပင်ပန်းချင်လဲ ပင်ပန်းပါစေတော့..နိုင့်ဘဝလမ်း နိုင့်ဘာသာ ပဲ လျှောက်ပါရစေ...ရှေ့မှာရှိတဲ့လမ်းက ကြမ်းမယ်ဆိုလည်း ရအောင် လျှောက်ရတော့မှာပါ။ အားကိုးချင်တဲ့ရင်ခွင်က အိမ်မက်မှာပဲ ရှိနေတော့တာ ပါလား။

* * *



သည်နေ့ မမနီနှင့် အလုပ်အပြန် လိုက်လာခဲ့ပါတယ်။ မမနီကတော့ သည်လိုပေါ့နိုင်ရယ်...တစ်ရွာမပြောင်း သူကောင်းမဖြစ်လို့ တွေးပါတဲ့။ မမနီတို့ အိမ်ရှိရာကို ဘတ်စ်ကား မှတ်တိုင်ကနေတော့ အတော်ဝင်ရပါ တယ်...။

လျှောက်လာခဲ့ရင်းမှ...။

"ညနေဖက် ခပ်မှောင်မှောင် သည်အနားကဖြတ်ရင် ဘုရားစာတော့ ရွတ်နော် နိုင်..."

"ညနေဖက် ခပ်မှောင်မှောင်ဆို သည်အနားက ဘာလို့လဲ"

မမနီစကားကြောင့် ဟိုသည်ကြည့်မိပါပြီ။

ဘေးကွက်မှာ ကွပ်လပ်တစ်ခုလို ခပ်ကျယ်ကျယ် ဖြစ်နေပြီးတော့ ထူးခြား မှုတော့ ရှိနေသလိုပါ။

"သည်ကွက်လပ်ကြီးက အိမ်ပြန်မဆောက်တော့တာ..ဟိုးအရင်ကတော့ မမနီတို့ မပြောင်းလာခင်မှာ သည်နားက အိမ်သုံးလေးလုံး မီးလောင်တယ်

www.burmeseclassic.com

www.burmeseclassic.com



လေ···အဲဒီ ဟိုညောင်မုတ်ဆိတ် ပင်ကြီးအောက အိမ်ကလေးမှာနေတဲ့ မိသားစုသုံးယောက် တစ်ပြိုင်တည်း သေပြီး···မကျွတ်ဘူး ပြောတာဘဲ"

"ဟင်"

နိုင် ခေါင်းတွေ ချာချာလည်သွားသလိုပါလား···။ ညောင်မုတ်ဆိတ်ပင်ကြီးကို အခုမှ နိုင်မြင်ပါတယ်။ ကြီးမားလွန်းသော အပင်ကြီးမှာ ညောင်ပါးမျှင်းအမျှင်တွေက တွဲရရွဲနဲ့ပြီး လေအဝှေ့ တလှုပ်လှုပ် တယမ်းယမ်း။

ဒါ···ဒါ···နိုင် အိပ်မက်ထဲက ညောင်ပင်ကြီးပါလား။ သေချာတယ်။ နိုင်····နိုင်···အခုဘဲ အိပ်မက်ကို သေချာတွေ့နေရသလို···ဒါကြောင့် ရပ်ကြည့်မိပါပြီ။

"လာလေ နိုင်···ရပ်မနေနဲ့···မမနီနဲ့ အတူပြန်ရင် အရေးမကြီးဘူး···နိုင်တစ်ယောက်ထဲပြန်ရင် သိရအောင် ပြောတာ···"

နိုင် ခြေလှမ်းတွေက မမှန်ချင်။

သည်နေရာဟာ နိုင့်အိပ်မက်ထဲကနေ အပြင်ကို ခုန်ထွက်ရောက်ရှိလာသလို မျက်ဝါးထင်ထင်ကို မြင်ရတော့တာပါလား။ နိုင့်စိတ်ထဲ သိတာတွေ သေချာကို မှန်နေတာ။ နိုင်တို့မိသားစုသုံးယောက် မီးတောက်တွေထဲ သေဆုံးသွားခဲ့တာ။

မိသားစုသုံးယောက် တစ်ပြိုင်နက်တည်း သေပြီး···မကျွတ်ဘူးတဲ့။

"မမနီ···အဲသည့်နားမှာ မီးလောင်ခဲ့တာဆိုတာ ကြာပြီလား···"

"ကြာရောပေါ့···မမနီအမေပြောတော့ မမနီတို့တောင် ငယ်ငယ်ရှိဦးမှာ···မမနီဘဲ အသက်လေးဆယ်နီးပြီ···အနှစ်သုံးဆယ်လောက်က ဖြစ်ချင်ဖြစ်မလား သေချာတော့ မသိဘူး···"

နိုင့်အသက် နှစ်ဆယ့်ရှစ်နှစ်ရှိပြီ။ ဒါဆိုရင် နိုင် အဲသည့်ဘဝကလာတာ



လည်း သေချာနေသလောက် ဖြစ်ပါပြီ။ စိတ်ထဲတော့ ကိုယ့်နေရာကိုယ် ပြန်ရောက်လာသလိုလို···။ ပျော်နေတာလည်း မဟုတ်၊ ကြေကွဲသည်လည်း မဟုတ်။ နိုင် နှစ်သက်စိတ်လည်း ရှိပါတယ်။

မမနီတို့ အိမ်ကလေးက နှစ်ခန်းတွဲလေးဆိုပေမယ့် အတော်ကျယ်ဝန်းလို့ သဘောကျစရာပါ···။

"အမေ···နိုင်ပါလာပြီ"

"အေး···လာ···လာ···အမေဖြင့် ဝမ်းသာနေတာ···အလုပ်သွားရင် နီလဲ အဖော်ရပြီလို့···"

အမေ့ကို မြင်ရတော့ မေမေ့ကို ပြန်သတိရသလိုပါဘဲလား။ သမီးတွေကို ချစ်သော အချစ်ခြင်းတွေတော့ အမေတွေအားလုံးမှာ တူညီမှာပါဘဲလေ။

"နိုင့်အန်တီ ပါလာမယ် မှတ်နေတာ"

"အန်တီက စိတ်မကောင်းဖြစ်နေတယ် အမေ···"

"ဒါပေါ့လေ···လူဆိုတာ ကိုယ့်နေရာလေးတော့ သံယောဇဉ် ဖြစ်ကြတာပါဘဲ···အမေ ကိုယ်ချင်းစာပါတယ်···သည်နေရာလေးက အေးချမ်းပါတယ်···ကြာရင် သမီးတို့လဲ ကြိုက်လာမှာပါ···"

"ဟုတ်ကဲ့ပါ အမေ···"

အခန်းလေးကို မမနီက ကြိုရှင်းပြီး ကြမ်းတွေတိုက် သန့်ရှင်းရေးတောင်မှ လုပ်ပေးထားလိုက်သေးတယ်။ နေချင်စရာ ကြမ်းပြင်လေးတောင် ပြောင်လက်နေတာပါဘဲ···။ မမနီကို ခင်မင်တာတစ်ခုက နိုင့်ဘဝကို ဘာမှ မစပ်စုတာပါ။ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုမှ မမေးပါဘူး။

"သန်ဘက်ခါ နိုင်တို့ ပြောင်းလာပါ့မယ်···"

"ကောင်းတာပေါ့ နိုင်"

www.burmeseclassic.com

www.burmeseclassic.com



မနက်ပြန်တော့ ကိုင်ဆီ ဖုန်းဆက်ပြီး သော့ကို သန့်ဘက်ခါ ပြောင်းတဲ့ နေ့ဘဲ ပေးလိုက်မှပါ။ ကိုင်က လိုက်ပြောင်းပေးဦးမယ်လို့ ပြောနေသေးတာ။ အပြန်ကြတော့ မမနီကို လိုက်မပို့ပါနှင့် နိုင် ပြန်တတ်ပါပြီဆို တစ်ယောက်တည်း ထွက်လာခဲ့တာ။

အမှန်တော့ သည်အိမ်ကွက်လပ်တွေနား နိုင်သေချာ သွားကြည့်ချင်သေးလို့ပါ…။

ညောင်မှတ်ဆိတ်ပင်ကြီးကို လှမ်းမြင်ရတဲ့နေရာမှာ နိုင် ရပ်ကြည့်နေမိပါပေါ့…။

ကြက်သီးတွေ တဖြန်းဖြန်း ဖြစ်လာသလိုလိုနှင့် နိုင့်အတွက် နေရာဟောင်း တစ်ခုပါလို့ သေချာသိတယ်…။

"မိန်းကလေး…လိပ်စာရှာမရလို့လား…"

နောက်မှအသံကြောင့် လှည့်ကြည့်မိတော့ အမေကြီးတစ်ယောက်ပါဘဲ။ ခံပင်ဖြူတွေကို ဘီးနှင့် သေချာပတ်ထားပြီး ဝဝဖြိုးဖြိုးနှင့် ပြုံးပြနေတာ ချစ်စရာပါလား…။

"နေစမ်းပါဦး…မင်းက ခင်ခင်နဲ့ အတော်တူတယ်။ ခင်ခင့် ဆွေမျိုးလား"

"ရှင်…ခင်ခင်…"

"မင်းရပ်ကြည့်နေတာ အဖွားကြည့်နေလို့ အတော်ကြာနေပြီ သိတယ်။ သည်နေရာမှာ အကြောင်းမရှိပါဘဲ ဘယ်သူမှ ကြာကြာရပ်နေလေ့ မရှိဘူး"

"ဒါသည့် ခင်ခင့်ကို အဖွားသိလို့လား…"

"ခင်ခင့်ကို ဘယ်နှယ့်မသိရမှာလဲ…ခင်ခင့်တင်မကဘူး။ ခင်ခင့် ယောကျ်ား မောင်ဇော်သက်လေးကိုရော သူတို့သမီးလေး တူးမာလေးရော သိတယ်…"



"ကိုဇော်သက်နှင့် တူးမာ…"

"အင်း…သူတို့သုံးယောက် တစ်ပြိုင်နက်ဆုံးကြတော့ အဖွားတစ်ပတ်လောက် အိပ်မရ စားမရ စိတ်ထိခိုက်ခဲ့ရတာ။ အဖွားက ဟိုအိမ်မှာနေတာ…"

ဖျော့တော့ဝါနွမ်းထပ်အိမ်ငယ်လေးပါဘဲ…။ အိမ်က အတော်ကြီး ဟောင်းနွမ်းနေခဲ့ပါပြီ။

"အဖွားဆီကို နောက်မှ လာလည်ပါဦးမယ်။ လာလို့ရမလားဟင်…"

"ရတာပေါ့…ကိုယ့်ဆီလာချင်တဲ့ ဧည့်သည်ကို နှင်ပစ်ရမှာလား။ လာပါ…အချိန်မရွေးလာလည် အဖွားနာမည် အဖွားဒေါ်နှင်းမှုံတဲ့။ မိုးတွေ အုံ့လာပြီမို့ နှုတ်ဆက်ပြီး ထွက်ခဲ့ရတယ်။

စိတ်ထဲမှာတော့ အခုနေရာကို ပြောင်းခဲ့မိတာ မှန်ပြီ။ နိုင် သိချင်သမျှတွေကို သိရတော့မယ်။ ပြီးတော့ နိုင် ဘာလို့များ သတိတရ တွယ်တာမှုတွေကိုပါ ခံစားနေရပါလိမ့်…။

ကိုဇော်သက်နဲ့ တူးမာလေး။

ဒါသည့်မှာမည် နှစ်ခုကပင် နိုင့်ကို စိတ်ဝင်စားမှုတွေ ပေးနေတာပါလား…။

ခင်…

မောင်လို့ပြောတယ်။

ဒါသည့်မောင်ကို တွေ့ရတိုင်း ခံစားရတဲ့ ခံစားခြင်းတွေကို သိပြီးတဲ့နောက်မှာ…အချစ်ကိုသာ နိုင် တမ်းတပါတော့တယ်…။ မချစ်မနှစ်သက်သူကို ဦးနှောက်ကြောင့်တော့ နိုင် လက်ထပ်တော့မှာ မဟုတ်ပါဘူး…။

* * *

www.burmeseclassic.com



နိုင်တို့ အိမ်ပြောင်းတဲ့နေ့မှာ ဘယ်လိုပဲ တားပါစေ၊ ကိုငံက အတင်းလိုက်ကူပါတယ်…။ မမနီတို့အိမ်က နိုင်နှင့်အန်တီ နှစ်ယောက်တည်းအတွက် ဘယ်လိုပဲ အဆင်ပြေပါစေ…အရင်အိမ်လိုတော့ ဘယ်ကျယ်ဝန်းပါ့မလဲလေ…။ ကိုငံကတော့ စိတ်မကောင်းဘူးတဲ့။

"စိတ်မကောင်း မဖြစ်ပါနဲ့ ကိုငံ…နိုင်က အခုမှ အားမာန်တွေ တက်လာသလို ခံစားရတာပါ…။ ခုမှ နိုင့်ခြေထောက်ပေါ် နိုင် ရပ်တန့်ရမလို ခံစားရတာ…နိုင် ကြိုးစားမှာပါ…"

"နိုင် ခုလို စိတ်အားထက်သန်နေတာ မြင်ရတော့လည်း တစ်နည်း ဝမ်းသာပါတယ်…နိုင့်ကို ကျွန်တော်ကလည်း ဘယ်နှစ်နှစ် စောင့်ရပါစေ စောင့်နေမယ်…နိုင့်ကို ကျွန်တော် ချစ်တယ်…"

"ကိုငံကို မစောင့်ပါနဲ့လို့တော့ ပြောပြီးပြီနော်…နိုင်…အခု သေချာသိပြီ…"



နိုင့်ကိုမှ စောင့်စားချစ်မယ်ဆိုတဲ့ ကိုငံအတွက် စိတ်မကောင်းပါဘူး။ နိုင်ကတော့ ရင်သိမ့်ခုန်စွာ ချစ်မှ အချစ်လို့ သိခဲ့ပြီမို့ အချစ်မဟုတ်တဲ့ အိမ်ထောင်ရေးကိုတော့ နိုင် ဘယ်လိုမှ ရွေးချယ်တော့မှာ မဟုတ်ပါဘူး။

"ပစ္စည်းတွေကများပြီး အခန်းလေးက ကျဉ်းလိုက်တာ…"

အန်တီ ခုလို ညည်းညည်းညူညူ ပြောနေပြန်တော့လည်း စိတ်မကောင်းပါဘူး။ မိသားစုတစ်စုလုံး အိမ်တစ်အိမ်မှာ ရှိခဲ့တဲ့ နှစ်ပေါင်းများစွာက ပစ္စည်းတွေကို အခန်းလေးတစ်ခန်းမှာ စုထားရတာဘဲ မကျဉ်းကြပ်ဘဲတော့ နေမလား။ ဒါပေမယ့် နိုင်တို့ သည်းခံရမယ့် အချိန်လေ…။

ဖြစ်ချင်တာတွေ မဖြစ်တဲ့အချိန်မှာတော့ သည်းခံရမှာပါဘဲ။

"စိတ်မပူပါနဲ့ အန်တီ…နိုင့်ကို တပြည်းပြည်းနားဝင်အောင် ကျွန်တော် ပြောပါမယ်…နိုင့်အိမ်ကိုလဲ ကျွန်တော် သည်အတိုင်း ပိတ်ထားမှာပါ…အန်တီလည်း ချော့ပြောပေါ့"

နိုင့်အလွန်မှာ အန်တီ့ကို ကိုငံနှစ်သိမ့်တာလည်း ကြားပါတယ်။ ဒါပေမယ့် နိုင် စိတ်မပြောင်းတော့ဘူးဆိုတာ သူတို့ မသိကြလို့ပါ။

"ဟိုနေ့က သန္တာနဲ့ အန်တီမြကို ကျွန်တော် ဆေးသွားဝယ်ရင်း ဆုံသေးတယ်…နိုင်နဲ့ ကျွန်တော့်အကြောင်း မေးလို့ အမှန်အတိုင်းဘဲ…ကျွန်တော်က နှစ်သက်တာတောင် နိုင်က ငြင်းတာပါလို့ ပြောပြလိုက်တယ်။ သူတို့ အမြင်မှာ နိုင့်ကို အထင်မလွဲစေချင်ဘူးလေ…"

"သူတို့ ဘယ်လိုမြင်မြင် နိုင့်စိတ်ထဲ မထားတော့ပါဘူး ကိုငံ…ကိုကျော်စွာကြောင့် မိသားစုလို စိတ်ထဲသတ်မှတ်ခဲ့တာ။ ကိုကျော်စွာလဲ ရှိမှမရှိတော့တာ…"

အဲသည့်အိမ်မှာ မမကြီးနှင့် မာမီ့ကိုတော့ နိုင် ခင်မင်စိတ်ရှိပါသေးတယ်။

www.burmeseclassic.com



"နိုင်…ကျော်စွာအစ်ကို အကြီးဆုံး ပြန်လာပြီ သိလား…"

"ကိုကိုကြီး ဆိုတာလား…ကြားဘဲ ကြားဖူးတာ။ ကိုကျော်စွာနဲ့ အသက်ကွာပြီး အိမ်ထောင်ပြုစောလို့ သားတောင်လူပျိုကြီး ဖြစ်နေပြီဆိုတာလေ"

"ဟုတ်တယ်…ဇော်မော်သက်နဲ့ဆို ညီအစ်ကိုလို ဖြစ်နေပါပြီ…"

"ဇော်မော်သက်"

"ကျော်စွာ့တူလေး နာမည်က ဇော်မော်သက်လေ…"

"ကိုသက်လေး ကိုသက်လေးလို့ သူခေါ်နေတာဘဲ ကြားဖူးခဲ့တာ ဇော်မော်သက်တဲ့လား…"

ဇော်မော်သက်ဆိုတဲ့ နာမည်ကြားတဲ့အခါ စိတ်မှာ ကိုဇော်သက်ဆိုတဲ့ နာမည်တစ်ခုကို အမှတ်မထင် မြင်ရပါတယ်။

"နိုင်ရယ်…ကျော်စွာ့ကို သတိရခဲဲဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် တစ်ချိန်မှာတော့…"

"ကိုဝံ…နိုင့်အပေါ် မမျှော်လင့်ပါနဲ့တော့…နိုင် ကိုဝံကိုမှ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ လက်မထပ်ချင်တော့ပါဘူး"

အဲသည့်စကားက အမှန်လား…။

အနည်းငယ်တော့ မှားနေပြီထင်ပါတယ်။ နိုင်လေ…အိပ်မက်ထဲက မောင်နှင့် တွေ့ရမည်ဆိုလျှင်တော့ လက်ထပ်ချင်ဦးမယ်နဲ့ တူပါရဲ့ ဒါကလည်း ဖြစ်နိုင်လို့လား။ အဲသည့် မောင်ဆိုတာက ဘယ်ဆီဘယ်ဝယ် ရောက်သွားပြီလဲ…။

"အန့်တီ…နေမကောင်းလို့လား…"

စိတ်ပျက်လက်ပျက် ပုံစံလေးနှင့် ကုလားထိုင်မှာ ထိုင်နေလိုက်တာ။



သနားပါတယ်။ ဒါပေမယ့် သနားလည်း ဘာမှ မတတ်နိုင်ပါဘူး…။

"နိုင်ရေ…ဘာမှ ချက်မနေနဲ့တော့ အန့်တီနဲ့နိုင် နှစ်ယောက်စာ မမနီ ချက်ထားတယ်။ အိမ်ပြောင်းရ ပစ္စည်းရွှေ့ရနဲ့ နိုင်ပင်ပန်းနေပြီ"

"အားနာစရာ မမနီရယ်…နိုင် ချက်နိုင်ပါတယ်…"

ကိုဝံကတော့ ကားတစ်စီးနှင့် လိုမယ်ထင်တဲ့ ပစ္စည်းတချို့ ဝယ်လာပြီပြန်ပါပြီ။ နောက်ဆို ရပ်ကွက်နှင့် ပတ်ဝန်းကျင်နှင့်မို့ မလာပါနှင့်လို့ ကိုဝံကို ပွင့်ပွင့်လင်းလင်း ပြောသင့်နေပြီ။ မမနီကတောင် နိုင့်လူကလို့ လွှတ်ခနဲ ပြောတာ ကြားမိပါတယ်။ နိုင်တို့ မိတ်ဆွေတွေပါလို့ အမြန် ပြန်ရှင်းပြရတာ။

"ကိုဝံ…ပြန်တော့လေ…ပစ္စည်းတွေလဲ စနစ်တကျ ဖြစ်နေပါပြီ"

"နောက်ဆို မလာပါနဲ့ဆိုတဲ့စကား ပြောမယ်ဆိုရင်တော့ မပြောပါနဲ့ နိုင်…ကိုယ်လာမှာဘဲ…နိုင့်ကို အချိန်အတိုင်းအတာ တစ်ခုအထိ ကိုယ် စဉ်းစားဆုံးဖြတ်ပေးပါမယ်။ ဒါပေမယ့် မစွန့်လွှတ်ဘူး…နိုင့်ကိုချစ်တယ်။ နိုင့်ကို လက်ထပ်မယ်…"

ပြန်ကာနီးမှာတော့ သည်လိုစကား ပြောသွားခဲ့သေးတာပါလား။ နိုင် မစဉ်းစားသလို ဆုံးဖြတ်စရာအကြောင်းလည်း မရှိတော့ပါဘူး…။

နိုင် ချစ်တဲ့သူကိုဘဲ သတိရရင်း တစ်ယောက်တည်းနေမယ် ဆုံးဖြတ်ခဲ့ပါပြီ။ မောင်ဆိုတဲ့ ပါးချိုင့်လေးခွက်ပြီး ရယ်ပြတတ်တဲ့ နှလုံးသည်းပွတ်တမျှသော လူကို အိပ်မက်မှာ တမ်းတရင်း နိုင် တစ်ယောက်တည်း နေတော့မယ်။

အဲလိုမျိုး အချစ်ကိုသာ နိုင် အလိုရှိပါတော့တယ်။ နိုင့်ကို တစ်နေ့ မရရအောင် လက်ထပ်မယ်လို့ ကိုကျော်ဝံပြောတဲ့အခါ စိတ်အနှောင့်အယှက် ဖြစ်ရပြန်ပါရော…။

* * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အိမ်ပြောင်းမှာမို့ ခွင့်နှစ်ရက် ယူထားတာ။ မနက်ဖြန်မှ အလုပ်ပြန်ဆင်းရမယ်။ သည်နေ့တစ်ရက် အားသေးတာမို့ ဈေးဖက် လျှောက်ကြည့်မယ်ဆို ထွက်လာခဲ့ပါပြီ။ ဈေးကိုသွားရင် သည်ကွက်လပ်ကြီးဘေး ဖြတ်လမ်းလေးက သွားရတာယ်လေ။

နိုင် သည်နေရာရောက်ရင်ကို ခြေလှမ်းတွေ မလှမ်းချင်သလိုပါဘဲ…။

ညောင်မှတ်ဆိတ်ပင်ကြီး၏ လေငွေ့တိုင်း ပါးပျဉ်းမြစ်တွေ ယိမ်းခါလို့ လက်ယှက်ရက်လို အမှောင်ထုမှာဆို ကြောက်စရာ ဖြစ်နေလေမလား။

"ခင်ခင်နဲ့တူတဲ့ ကလေးမ…"

"ဩော်…အဖွား…"

"ဘာရပ်လုပ်နေလဲ…ခွဲခြင်းနဲ့ ဈေးသွားမလို့လား…"

"ဟုတ်ကဲ့…အဖွားကရော…"

"အဖွားလည်း ဈေးပါဘဲ…"



"အဖွားဈေးသွားမယ်…အိမ်မှာ အဖွားကို ကူဈေးဝယ်ပေးမယ့်လူ တစ်ယောက်မှ မရှိဘူးလား…"

"အဖွားသားက မီးလောင်ထဲက ဆုံးခဲ့ပြီ…အမေတစ်ခု သားတစ်ခု ဘဝမှာ သားမရှိထဲက တစ်ယောက်ထဲ"

"ရှင်…"

စာနာစိတ်ကြောင့် ထိခိုက်ရပါရော။ သည်အရွယ်ဆိုတာ အေးချမ်းစွာနှင့် ဘုရားတရားအလုပ် လုပ်သင့်ပြီ။ ခုတော့ တစ်ယောက်ထဲ ဈေးဝယ်ချက်နေတယ်…ဘယ်လိုငွေနှင့်များ စားပါလိမ့်…။

"အိမ်အပေါ်ထပ်ကို လူငှားတင်ထားတယ်လေ…အဲသည့်ငွေနဲ့ စားတယ်။ တစ်ယောက်ထဲဆိုတော့ လောက်ငပါတယ်…ကျန်းမာနေတဲ့ ခန္ဓာကိုယ်ကိုဘဲ တစ်ပြန် ကျေးဇူးတင်ရတာပေါ့ ခင်ခင်…အဲလေ ဟုတ်သေးပါဘူး။ ကလေးမ နာမည်…"

"ခင်ခင်လို့ အဖွားခေါ်တဲ့ အသံလေး သဘောကျလို့ပါ။ ခင်ခင်လို့ဘဲ ခေါ်ပါ။ နှစ်သက်ပါတယ်…"

အဖွားနှင့် ဈေးကို အတူလျှောက်ခဲ့ကြပါတယ်…။ ဈေးတန်းလေးက အတော်စည်ပါတယ်။ အဖွားကိုတော့ ခင်မင်ကြသား။ ဟိုလူကနှုတ်ဆက်၊ သည်လူက နှုတ်ဆက်။ ကုန်စုံဆိုင်ကြီးတစ်ဆိုင် ရှေ့ရောက်တော့ အဖွားက အာလူးဝယ်ဦးမယ်ဆို ဆိုင်ထိုင်နေတဲ့ ဦးလေးကြီးတစ်ယောက်ကို လှမ်းပြောပါတယ်။

"မောင်ဇော်မိုး…အာလူးအစိတ်သားလောက် အဖွားကိုပေး…သည်မှာ ကြည့်စမ်း…သည်မိန်းကလေး ဘယ်သူနဲ့တူလဲ…"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ခင်ခင်လေးနဲ့ တူတာပါလား . . . အမွှားအခုတလောကို ဘယ်လို ထူးဆန်းတာတွေ ဖြစ်နေပါလိမ့် . . . မနေ့က ကျွန်တော်တို့ဆိုင်ကို ကိုသက်ဝင်စားတယ်လို့ ယူဆရတဲ့ ကောင်လေး ရောက်လာတယ် . . ."

အဲသည်လူ့ရဲ့စကားကြောင့် နိုင့်တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထလာတော့တာပါလား။

"ဘုရားရေ . . . ဟုတ်သလား . . . ကောင်လေးက ဘာပြောလဲ . . . ဘယ်အသက်အရွယ်ရှိပြီလဲ . . ."

"နှစ်ဆယ်ကျော်လောက်တော့ရှိပြီ . . . ရုပ်ကလေးက ကိုသက်နဲ့ အရမ်းတူတယ် . . . သည်အိမ်နေရာကို သေချာကြည့်ပြီးတော့ပြောတယ် . . . သူ့စိတ်မှာ သည်နေရာကိုဘဲ အမြဲမြင်ပြီး အမြဲအိပ်မက်တွေ မက်နေခဲ့လို့ လာကြည့်တာပါတဲ့ . . . မကြီးဆို ကောင်လေးအပြောလဲ ကြားရော ငိုတော့တာ . . ."

စိတ်မှာ အံ့သြတာတွေ၊ ဝမ်းသာဝမ်းနည်းတာတွေ ဘယ်လိုရောက်လာတယ်မသိ။ တဖျတ်ဖျတ် တုန်ခါလှုပ်ရှားနေတာ ခြေလှမ်းတောင် မမှန်ချင်။

"သံသရာဆိုတာ အစွဲအလန်းတွေမှာ မျောနေတာပါလား။ ခင်ခင်နှင့်တွေ့ရတာတင် အမွှားအံ့သြနေခဲ့တာ . . . မောင်ဇော်မိုးနဲ့ သူ့အစ်မကြီး ညိုညိုဆိုတာက မောင်ဇော်သက်လေးရဲ့ အစ်ကိုနဲ့ အစ်မလေ . . . သူတို့အရင်က ပြည့်စုံကြတယ်။ မိဘနှစ်ပါး မရှိထဲက မောင်နှမသုံးယောက် ချစ်ချစ်ခင်ခင်နေတာ။ မောင်ဇော်သက်တို့ မိသားစု သုံးယောက်က မီးထဲပါသလို သူတို့တိုက်လဲ မီးထဲပါလို့ မောင်ဇော်မိုးတို့ ချို့တဲ့သွားပြီး ခုလို ကုန်စုံဆိုင်ဖွင့်ထားရတာ . . . ညိုညိုလဲ မောင်နဲ့ယောက်မ၊ တူမလေးတွေစိတ်နဲ့ နလုံးရောဂါရှိပြီး သူတို့ ဒုက္ခတွေနဲ့ပေါ့ . . ."



အမွှားဒေါ်နှင်းမုံ့ ပြောပြသမျှတွေကို အရုပ်တစ်ရုပ် သံပတ်ပေးထားသလို ခံစားချက်နဲ့ နားထောင်နေမိပါပြီ။ ခေါင်းထဲမှာလည်း နောက်ကျိရှုပ်ထွေးပြီး အိမ်တောင် ဘယ်လိုပြန်ရောက်လာတယ် မသိတော့ . . .။

"နိုင် . . . နေမကောင်းဘူးလား . . ."

အိပ်ရာပေါ်မှာ လှဲနေသော အန်တီကတောင်မှ မနေနိုင်လို့ မေးယူရတယ် . . .။

ခုချိန်မှာ အသက်နှစ်ဆယ်ကျော်ရှိလေသော ရှိသေးသော ကောင်လေး တစ်ယောက် ရောက်လာခဲ့တယ်လို့ ဆိုပါတယ်။ နိုင့်စိတ်တွေ ဘာလို့ ရှုပ်ထွေးနေရပါလိမ့်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မသက်ထားနိုင်နဲ့ တွေ့ချင်လို့ပါ…"

အလုပ်ထဲကို ရောက်လာပြီး နိုင့်ကို တွေ့ချင်လို့ဆိုတဲ့ အမျိုးသားတစ်ယောက်ကို တစ်ခါမှလည်း မတွေ့ဘူး။ မမနီက နိုင့်ညီသည်ဆိုပေမယ့် သိမှ မသိတာ။

"ကျွန်တော် ကျော်ငံထွန်း သူငယ်ချင်းပါ‥ကောင်းထက်လို့ ခေါ်ပါတယ်"

"ကျော်ငံထွန်း"

ရုတ်တရက် စိမ်းနေသလို နာမည်။

"ဩော်…ကိုငံ"

ကိုငံနှင့် ကိုကျော်စွာက ရုပ်ရည်ချင်း အတော်ဆင်သလို နာမည်ကလည်း ကျော်စွာထွန်းနှင့် ကျော်ငံထွန်းဆိုတာ သိနေခဲ့ပါလျက်။

"ကျော်ငံထွန်း ကားတိုက်လို့ ဆေးရုံမှာပါ…အဲဒါ မသက်ထားနိုင်ကို ခေါ်ပေးပါဆိုလို့"

"ရှင်…"

BURMESE CLASSIC .com



နိုင် ထိတ်လန့်တုန်လှုပ်လာပါပြီ…ကိုငံက ဘယ်လိုဖြစ်ပြီး ကားတိုက်ရတာပါလိမ့်။ စိတ်မှာ ခုရက်ပိုင်းကို နောက်ကျရှုပ်ထွေးစရာတွေ များနေတာပါလား။ မမနီကို အကျိုးအကြောင်း ပြောပြပြီး ဆေးရုံလိုက်ခဲ့ရပါတယ်။

"အခြေအနေ ဘယ်လိုရှိလဲ ကိုကောင်းထက်၊ ဘယ်လိုဖြစ်တာလဲ"

"အခြေအနေ မကောင်းဘူး မသက်ထားနိုင်…အထူးသဖြင့် ခြေထောက်ပိုင်း ထိထားတယ်တဲ့။ အဲသည်နေ့က မသက်ထားနိုင်ဆီလာရင်း လမ်းထိပ်မှာ ဖြစ်တာ။ ဓာတ်တိုင် ဝင်တိုက်တော့‥ခြေထောက်က အဆိုးဆုံးဖြစ်သွားတာလို့ ပြောတယ်…"

"နိုင့်ဆီလာရင်း…"

ဖြစ်မှဖြစ်ရလေ။

နိုင့်ဆီလာရင်းများ ဖြစ်ရတယ်လို့‥။ လမ်းထိပ်မှာ ကားတိုက်မိတယ်လို့ မမနီအမေက ပြောနေတာ ကြားသား။ ကိုငံဖြစ်လိမ့်မယ်လို့ နိုင် လုံးဝထင်မထားခဲ့ပါဘူး…။ အခြေအနေ မကောင်းဘူးဆိုတော့ ပိုဝမ်းနည်းတယ်။ ကိုကျော်စွာကလည်း ခုလို ထွက်သွားခဲ့တာ။

"လူနာနဲ့ သိပ်စကားမပြောပါနဲ့ မှာနေတယ်"

ဆရာမလေးက သတိပေးပေမဲ့ ကိုငံကတော့ နိုင်ရောက်လာပြီလို့ ပြောတယ်ဆိုရင်ဘဲ…။

"နိုင်…နိုင်…တောင်းပန်ပါတယ် ခွင့်လွှတ်ပါ…နိုင့်ကို ကိုယ် မစောင့်နိုင်တော့ဘူး ထင်ပါတယ်"

"မဟုတ်တာ ကိုငံရယ်…ကိုငံ နေကောင်းလာမှာပါ…"

"ကိုယ် နေကောင်းချင်ပါတယ်‥နိုင် ချစ်လာမယ့်ရက်ကိုလဲ စောင့်နေချင်ပါတယ်‥ဒါပေမယ့် နိုင့်ကို တွေ့ချင်လွန်းလို့ လာခဲ့တာ။ နိုင်တို့ လမ်းထိပ်

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ကြီးနားမှာ…ဂါဝန်အနီလေးနဲ့ ကလေးမလေး ပြေးထွက်လာလို့ ကားကို အမြန်ဘရိတ်အုပ်လိုက်မှာ ဓာတ်တိုင်နဲ့ ဝင်ဆောင့်တော့တာ…"

ဘုရား ဘုရား…။

ညောင်မုတ်ဆိတ်ပင်ကြီးအနား။

ဂါဝန်အနီလေးနှင့် ကလေးမလေး…။

ကိုကျော်စွာတုန်းကတော့ ခုလို ပြန်မပြောနိုင်ပါဘဲ သေဆုံးသွားရလို့ ဘယ်လိုဖြစ်ရတယ် မသိနိုင်ခဲ့တာ။ အခု ကိုငဲ အပြောအရဆို…။

အိမ်ပြန်လာခဲ့ပြီး ညောင်မုတ်ဆိတ်ပင်ကြီးနားမှာ သေချာရပ်နေမိတယ်။ သည်အပင်ကြီးနားကနေ ဂါဝန်အနီနှင့် ကလေးမလေး ဖြတ်ပြေးသတဲ့လား။

စိတ်ထဲ ညစ်ထေးစွာ အဖွားဒေါ်နှင်းမွှန်အိမ်ဆီ လာခဲ့မိပါပြီ။

"ခင်ခင်ပါလား…မျက်နှာလဲမကောင်းဘူး။ နေမကောင်းဘူးလား…"

"အဖွား…"

"ဟင်"

"ခင်ခင့်သမီးလေးကို မြင်ဖူးလားဟင်"

"မြင်ဖူးတာပေါ့။ တူမလေးကို သိပ်ချစ်ခဲ့ပါတယ်"

"သမီးလေးက ဂါဝန်အနီလေး ဝတ်သလားဟင်…"

"ဂါဝန်အနီလေး…ဪ…အင်း…ဝတ်တာပေါ့…အသားဖြူဖြူ ဝင်းဝင်းလေး ဂါဝန်နီလေးနဲ့ ချစ်စရာ…"

နိုင့်စိတ်ထဲ ဘယ်လိုခံစားရတယ် မပြောတတ်။ ငိုချင်းပြင်းပြစွာ ငိုရပြန်ပါပြီ။ အဖွားဒေါ်နှင်းမွှန်က သဘောပေါက်တယ် ထင်ပါရဲ့။ ခင်ခင့်ကို တွေ့တည်းက အဖွား သဘောပေါက်ပါတယ်လို့ ပြောပါပြီ။



"အဖွား…အဲသည့်နေရာမှာ…သမီးလေးက ရှိနေဆဲဘဲ ထင်ပါရဲ့။ သည်လောက် နှစ်တွေကြာပြီ…"

"လူတွေအတွက် နှစ်တွေနဲ့ သူတို့ပြိတ္တာတွေအတွက် နှစ်ကတော့ ဘယ်တူမလဲ…သူ့ခမျာလဲ ကျွတ်လွတ်အောင် ပြုလုပ်ပေးမယ့်လူမရှိသလို အကုသိုလ်က မကုန်သေးရှင်လဲ အမျှပေးဝေသမျှ သာဓုမခေါ်နိုင်ဘူး လေ…"

"သူ…သူ့ခမျာ တစ်ယောက်ထဲ…"

မေမေ မေမေနှင့် အတူနေချင်တယ်ဆိုတဲ့ ကလေးလေးဟာ ခုချိန်ထိ တစ်ယောက်တည်း ရှိနေခဲ့တာပါလား…။ အိမ်ပြန်ရောက်ပြီးလို့ မီးဖိုထဲ ထမင်းဟင်းချက်စရာ ရှိပေမယ့် လူက ဘာကိုမှ မလှုပ်ရှားချင်သလိုပါဘဲလေ။

"နိုင်…နိုင်ရှိလား"

"ရှိပါတယ် မမနီ…မီးဖိုထဲမှာ…"

"နိုင့်ဆီကို လာတဲ့လူ ဖုန်းဆက်သေးတယ်။ ဆေးရုံတင်ထားရတဲ့ နိုင့် မိတ်ဆွေ ကိုကျော်ဇံထွန်းဆိုတာ ခြေထောက် ဖြတ်လိုက်ရတယ်တဲ့… အသက်တော့ရှင်တယ် ပြောတယ်။

"ဟင်…မောင်ဇံ…မောင်ဇံ…"

ကိုယ့်တာသာကိုယ်တောင် မငိုနိုင်အားတော့။ ခွေခွေလေး လဲကျသွားတဲ့ နိုင့်တို့ကို မမနီနှင့်နှစ်ယောက် ပွေ့ပြုစုရ အလုပ်ရှုပ်ကုန်ကြပါပြီ။

ဘယ်လိုဖြစ်ပါလိမ့်။

ကိုဇံ ခုလိုဖြစ်ရတာ နိုင့်ကြောင့် ထင်ပါရဲ့။ ကိုကျော်စွာတုန်းကလည်း နိုင့်ကြောင့်ပါဘဲ။ နိုင့်ကိုချစ်တဲ့ လူတွေဟာ ခုလိုမျိုး အဖြစ်နှင့် ကြုံတွေ့ကြ ရတာလား။ နိုင် ပြောပြောပြီး ငိုမိတဲ့အခါ။ ကိုဇံကို အဖြစ်ဆိုးနဲ့တော့ မကြုံ

www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါဘူး…မချစ်နိုင်တာတော့ ထားပါ…။

"အဲလို မစွဲလန်းပါနဲ့လား နိုင်…မဟုတ်နိုင်တာ။ ဘာလို့ နိုင့်ကြောင့် ဖြစ်ရမှာလဲ…သူတို့မှာ ခုလိုဖြစ်ရမယ်ဆိုတဲ့ ကံက ပါလာပြီးသားမို့ပါ နိုင်ရယ်…"

မမနီ ဖျောင်းဖျပေမယ့် နိုင်ကတော့ အစွဲအလန်း ဖြစ်ရပါပြီ။ နိုင့်ကြောင့် လူတစ်ယောက် ဆုံးရှုံးသွားရပြီး လူတစ်ယောက်က ဘဝတစ်ခုလုံး ထိခိုက်ဆုံးရှုံးရတယ်။ နိုင့်ကို ချစ်မိလို့ဆိုတဲ့ အတွေးက ဖြေဖျောက်မရနိုင်…။

* * *



"ငါတို့ရဲ့ စည်းစိမ်ချမ်းသာ သာယာပျော်ရွှင်မှု ဒါတွေအားလုံး မမ သေဆုံးတဲ့ကာ ပါသွားပါပြီ။ ငါအခု မပျော်တော့ဘူး နိုင်…"

အန်တီကတော့ အများကြီး စိတ်ဓာတ်ကျဆင်းသွားပါပြီ။ စိတ်ညစ်စရာ ကောင်းလာတာ နောက်တစ်ခုက အန်တီ နေမကောင်းလို့ ဆေးခန်းအပြမှာ နှလုံးရောဂါ ဖြစ်နေပြန်တော့တာပါ။ အန်တီ့ကို အပြစ်တော့ မတင်ပါဘူး။ မေမေ့ကို အားကိုးပြီး ပျော်ရွှင်စိတ်အေးစွာ သုံးစွဲပျော်ရွှင်လာရာက မေမေလည်း မရှိရော အားလုံးပျက်စီးပျောက်ဆုံး ကုန်တော့တာကို…။

"အားတင်းမှပေါ့ အန်တီ…အန်တီက နိုင့်ရှေ့မှာ မားမားမတ်မတ် ရပ်ပေးရမှာကို…နိုင်လဲ စိတ်ဓာတ်လူပါ ပင်ပန်းနေပါပြီ…နိုင့်ကြောင့် ကိုကျော်စွာရော ကိုင်ရော ဒုက္ခဖြစ်ကြရပြီ…"

နိုင့်ကြောင့် မဟုတ်ပါဘူး…ဒါပေမယ့် နိုင် ကံမကောင်းတာနေ မှာ…အားကိုးရမဲ့ လူတွေက ပျက်စီးဆုံးရှုံးရတယ်လို့…"

www.burmeseclassic.com

www.burmeseclassic.com



"နိုင်တို့ သားအမိ သားအဖသုံးယောက် မီးလောင်သေဆုံးတယ်ဆိုတဲ့ အချိန်ကစပြီး ကံမကောင်းခဲ့လို့ပါ..."

"နိုင်...အန်တီစိတ်ညစ်ရတဲ့အထဲ နိုင်က ဘာတွေ ပြောနေရတာလဲ"

နိုင့်စိတ်မှာတော့ အိပ်မက်တွေထဲက မိသားစုသုံးယောင်ဥကိုတဲ တမ်းတ ခံစား စိတ်ထိခိုက်နေခဲ့ပြီကော။ နိုင့်ကြောင့် ကိုငံတို့ ကိုကျော်စွာတို့က ကြားထဲက ဓားစာဖြစ်သွားရတာမျိုးလားဆိုပြီးလည်း စိတ်မကောင်း ဖြစ်ရပြန်ပါရော။

"နိုင် ကြိုးစားနေချိန်မှာ အန်တီ အားတင်းထားပါ...နိုင်တောင်မှ မနည်းကြိုးစား အားတင်းနေရတာပါ။ နိုင်...စိတ်ထိခိုက်စရာတွေ ခံစားနေရတာပါ...မနေ့က အလုပ်ထဲကအပြန် အန်တီသန်းနဲ့ မမျှော်လင့်ဘဲ တွေ့ရပါတယ်။ နိုင့်ကို ခပ်တည်တည် မျက်နှာနဲ့...မင်းတို့အိမ်ကို မောင်စံ ဝယ်လိုက်တာကိုက...ကံဆိုးတာပါဘဲတဲ့...။ မင်းရဲ့ ကံမကောင်းခြင်း အကြောင်းတွေကို မြမြစိုးတို့ပြောမှ သိတယ်တဲ့လေ...။

နိုင် ဘာပြောနိုင်ဦးမှာတဲ့လဲ...။

နိုင်ကိုယ်တိုင်တောင်မှ နိုင့်ကြောင့်လို့ တွေးမိနေပါလျှင်...သူတို့ကို ချစ်တဲ့ မိဘဆွေမျိုးတွေက ပိုလို့တောင် စိတ်ဆိုးဒေါသ ဖြစ်ကြဦးမှာပေါ့။

"နိုင် နားလည်ပေးနိုင်ပေမယ့် ကြေကွဲဝမ်းနည်းမိပါတယ်...နိုင်ချစ်ရမယ့် လူက တစ်ယောက်တည်း..."

"နိုင်..."

အန်တီ့ကို နိုင် နားလည်အောင် ဘာကိုမှ ရှင်းမပြနိုင်ပါဘူး။ နိုင်အစ စဉ်းစားတာ ကြည်နူးပျော်ရွှင် ခံစားစေနိုင်တာက ကိုဇော်သက်ရဲ့ အပြုံးတွေ



ပါဘဲလေ။ ကိုကျော်စွာတို့ ကိုငံတို့နှင့် တွေ့ရဆုံရတယ် ဆိုပေမယ့် နိုင့်ရဲ့ နှလုံးသားကမှ လှုပ်ရှားယိမ်းထိုး မဖြစ်ခဲ့တာ...။

"မြမြစိုးတို့ သန့်သန့်မြတို့မှာ စာနာစိတ်မရှိဘူး။ ခုလို ပြောစရာလား။ ဘာမှမဆိုင်ဘူး...သူတို့ဘာသာ သည်အသက်အရွယ်မှာ သည်လိုမျိုးကံနဲ့ သေဆုံးရမှာတို့ ထိခိုက်ရမှာတို့ ပါလာပြီးသားမို့ ဖြစ်ရတာ...နိုင်နဲ့ မဆိုင်ပါဘူး..."

"နိုင်နဲ့ ဆိုင်မှာပါ"

"ဟယ်...မဟုတ်တာ..."

ဒါဆိုရင် ဂါဝန်အနီလေးနှင့် သမီးလေးတွေမှာက ဘာလို့ သူတို့အနားမှာ ပေါ်ပေါ်လာခဲ့တာလဲ...။ နိုင် နားမလည်နိုင်အောင် ရှုပ်ထွေးနေမလို ဖြစ်နေရပြီ။ အိပ်မက်တွေ မက်ချင်တယ်။ အိပ်မက်ထဲမှာ သမီးလေးနှင့်ပဲ တွေ့ချင်တယ်။ ပြီးတော့ သူ့အပြုံးတွေ...။

"အန်တီ...လှဝင်းစားတာ ယုံလား...နိုင့်ကို လှဝင်းစားတာလား... မေမေက နိုင့်ကို ကိုယ်ဝန်ရှိကာစ ဘာပြောဖူးလဲဟင်..."

"ဘာမှ မပြောဘူးပါဘူး..."

"ဟိုဘဝက ဇနီးမောင်နှံဖြစ်ခဲ့ပြီး သည်ဘဝမှာရော ပြန်ပြီး ဇနီးမောင်နှံ ဖြစ်ရတယ်ဆိုတာရော ကြားဘူးလား..."

"အင်း...ဒါကတော့ ရှိတတ်တယ်။ ကြားဖူးတယ်။ အန်တီတို့အရင် ကမာရွတ်မှာတုန်းက ခြေရင်းအိမ်က လင်မယားပြောဖူးတယ်။ သူတို့ အရင် ဘဝကလဲ ဖူးစာဆုံခဲ့တယ်တဲ့...အခု ဘဝလဲ ပြန်ဆုံတာတဲ့..."

"သူတို့ ဘယ်လို ဆုတောင်းခဲ့ကြပါလိမ့်...နိုင်တို့ရော ဘယ်လိုဆု တောင်းမျိုး တောင်းခဲ့မှာပါလိမ့်။ နိုင် အခုဘဝလဲ သူတို့ သားအဖနဲ့ ပြန်ဆုံ

www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်…နိုင်လေ သူ့ကိုဘဲ ချစ်တယ်…သမီးလေးနဲ့လဲ အတူနေချင်တယ်"

"နိုင် စိတ်ထိန်းပါဦး…အန်တီကလည်း နလုံးရောဂါနဲ့ နိုင်ကပါ…"

နိုင့်စိတ်တွေကို အန်တီ နားမလည်နိုင်တော့ပါဘူး…။ နိုင် ရှင်းပြချင်ပေမယ့်…မပြစ်နိုင်ပါဘူး။ နိုင့်ကို နားလည်ယုံကြည် နိုင်ပုံမလား…။ နိုင်ကတော့ အခုနေရာကို ရောက်လာတာဟာ နိုင့်ရဲ့ အရင်ဘဝနှင့် အနီးဆုံးနေရာမို့ အကြောင်းအမျိုးမျိုးတွေနှင့် ရောက်လာခဲ့တာလို့ ထင်ပါတယ်။

* * *



အလုပ်ပိတ်ရက်မို့ အိမ်အလုပ်တွေလုပ်မယ်ဆို သည်နေ့မှ မိုးသည်းလှန်းပါလား။ အန်တီကတော့ နေမကောင်းချင်ဘူးဆို ဆေးသောက်ပြီး ခွေနေတယ်လေ။ ခုလိုသာ စိတ်ကမပျောက်ရင် နလုံးရောဂါရှိတဲ့ လူတစ်ယောက်တာ ဘယ်လို ပြန်ကျန်းမာလာမှာတဲ့လဲ။

"နိုင် ဈေးသွားဦးမလား"

"သွားမှာ မမနီ…ဟင်းချက်စရာ ဘာမှမရှိဘူး…မမနီရော…"

"နိုင်သွားရင် မှာမလို့…မိုးထဲ မထွက်ချင်တော့ဘူး။ မနေ့က မိုးမိတာ နာတွေစေးနေပြီ…မှုန့်မှာစိုးလို့"

"ရတယ်…မှာပါ…နိုင်သွားမှာ…"

မိုးကို မစောင့်နေနိုင်။ ခုလို မိုးသည်းချိန် မိုးစောင့်နေရင် အလုပ်ပျက်အချိန်ကုန်ရုံဘဲရှိတာ။ နွေးနွေးထွေးထွေး ဝတ်သွားရုံပေါ့။ ထီးကလေးဆောင်းတယ်ဆိုလည်း မိုးထဲရောက် ချက်ချင်းရွှဲအောင် သည်းတဲ့မိုးပါလား။ ညောင်မှတ်ဆိတ်ပင်ကြီးနားရောက်ရင် ရပ်မကြည့်ဘဲ မနေနိုင်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ခုချိန်ထိ တစ်ယောက်တည်း ရှိနေတုန်းထင်ပါရဲ့…။

ဘယ်လိုများ လုပ်ပေးရပါ့။ အန်တီ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောရင်ကော…။ ဟင်း…။ မနေ့ကပင် သည်အတိုင်း ရှိနေသော ကွက်လပ်ကြီးကို အခုတော့ ခြံခတ်နေကြပါလား။ မိုးသည်းလို့ ရပ်ထားတာလား။ တစ်ဝက်တစ်ပျက် ခတ်ပြီးနေပြီ။

ဘယ်သူက သည်ခြံဝိုင်းကို ဝယ်လိုက်သလဲ။

အဖွားဒေါ်နှင်းမွှန်များ သိလေမလား။ ဒါကြောင့် ဈေးမသွားနိုင်သေးပါဘဲ အဖွားအိမ်ကို လျှောက်ခဲ့ရပြီ။

"ဟယ်…မိန်းကလေး…ခင်ခင်…မိုးတွေလဲ ရွာလို့ပါလား။ ဈေးကိုလား…ဝယ်ခဲ့ပြီလား"

"ခုမှသွားမှာပါ အဖွားရယ်…ဟိုခြံဝိုင်းကို ခြံခတ်နေတာ မြင်လို့ပါ"

"မိန်းကလေးကို ထူးဆန်းအံ့ဩစရာ ပြောရဦးမယ်။ အဲသည့်ခြံဝိုင်းကို ဝယ်သွားကြပြီ…ဝယ်သွားတဲ့လူက မောင်ဇော်သက် ဝင်စားတယ်ဆိုတဲ့ ကောင်လေးတစ်ယောက်ပါဘဲ…အဖွားနဲ့တော့ မတွေ့ရသေးပါဘူး။ မောင်ဇော်မိုးပြောပြလို့ သိရတာပါ…"

ကိုဇော်သက် ဝင်စားတဲ့ ကောင်လေးတဲ့လား။

ကိုဇော်သက် ဝင်စားတဲ့ ကောင်လေးတဲ့လား။

ကြားရရုံနဲ့တင် တွေချင်မြင်ချင်မိပါရော…။

အဖွားဒေါ်နှင်းမွှန်ကိုလည်း တစ်ရက်ကြမှ အဲသည့်ညောင်ပင်ကြီးမှာ ရှိနေဆဲလို့ ထင်ရတဲ့ သမီးကလေးကို အမျှပေးဝေ အလှူဒါနပြုပေးချင်ကြောင်း ပြောပြရတယ်…။ ကိုဇော်သက် ဝင်စားတဲ့ ကောင်လေးတဲ့။ သူကလည်း ဘယ်လိုအကြောင်းတွေကို သိထားလို့ သည်ခြံကြီးကို လာဝယ်ပါလိမ့်…။



ဈေးရောက်တော့လည်း စိတ်က အခြင်မပြေလေတော့ တွေးရာတွေဘဲ ဝယ်နေခဲ့မိတယ်။ မမညိုနှင့် ကိုဇော်မိုးကတော့ ကိုဇော်သက်အစ်ကိုနှင့် အစ်မဆိုပြီး ခိုင် မမှတ်မိပြန်ပါဘူး…။

"ခိုင်…မိုးတွေလဲ ရွာကုန်ပြီ…အဝတ်မြန်မြန်လဲပြီးတော့ ကော်ဖီပူပူလေးနဲ့ ခေါက်ဆွဲကြော်လိုက်…နင် နေမကောင်းဖြစ်လို့ မဖြစ်ဘူးလေ…နင် နေမကောင်းဖြစ်ရင် ငါက ဘယ်သူ့သွား အားကိုးရမလဲ…"

အန်တီလေးက ကိုယ်တိုင် ခံပင်တွေကို လာသုတ်ပေးနေလို့ တားရပါသေးတယ်…။ ဘာတွေ ဝယ်လာမိမှန်းကို မသိတော့တာ။ အန်တီက ငါ့ဖဟသာ ကြည့်စိစဉ်ပြီး ချက်မယ်လို့ ပြောပါတယ်…။

"အန်တီ နားပါဦး…ခိုင် နေကောင်းပါတယ်"

"နေကောင်းတယ်သာပြောတာ…နင့်မျက်နှာက ဖြူနေသလိုပဲ…ဆရာဝန် ပြကြည့်မလား…"

"ဟင့်အင်း နေပါစေ ခိုင် နေကောင်းပါတယ်။ ခိုင်က လူနေကောင်းပါတယ်။ စိတ်နေမကောင်းတာ…"

"ဟင်…"

စိတ်နေမကောင်းတာဆိုတော့ အန်တီကတော့ ဘယ်လိုတွေးလေမယ် မသိ။ ခိုင့် စိတ်မှာတော့ ကိုဇော်သက် ဝင်စားတယ်ဆိုတဲ့ ကောင်လေးရယ်…ညောင်ပင်ကြီးမှာ ရှိနေဆဲလို့ ထင်ရတဲ့ သမီးလေးရယ်…။

"အန်တီ…လူတစ်ယောက် မကျွတ်မလွတ်ဘူးလို့ထင်ရင် ကျွတ်လွတ်သွားအောင် အလှူဒါနပြုပေးရင် ရတယ်မဟုတ်လား"

"အင်း…ရတယ်ပြောတယ်…ဘယ်သူ မကျွတ်လို့လဲ၊ မမလား…"

www.burmeseclassic.com



"မေမေ မဟုတ်ဘူး…မေမေက ဘာမှ ထူးဆန်းတာမရှိပါဘူး…"

"ဒါဆို ဘယ်သူလဲ"

"သမီးလေး တူးမာ"

"ဘယ်သူ"

"နိုင့် သမီးလေး တူးမာပါ…"

အန်တီ့မျက်လုံးတွေ ပြူးကျယ်လာလို့ပါလား…နိုင်ကလည်း သေချာ ရှင်းပြချင်စိတ်ကို မရှိပါဘဲ နိုင် ပြောချင်ရာတွေသာ ပြောနေမိပါတယ်။

"နိုင်…အန်တီတို့ ဆရာဝန်ဆီသွားရာအောင် စိတ်နေမကောင်းရင် စိတ်ကျန်းမာရေး ဆရာဝန်တွေ ရှိနေတာဘဲလေ…"

"မသွားချင်ပါဘူး…နိုင်နေကောင်းပါတယ်…စိတ်မကောင်းဖြစ်နေတာ က…နိုင့်အကြောင်းနဲ့ နိုင်ပါ…"

အဖွားဒေါ်နှင်းမှုံကို တိုင်ပင်ပြီးတော့ သမီးလေးကျွတ်လွတ်သွားအောင် အလှူဒါနပြုဖို့ ပြောရမလား။ အဲသည့် နေရာကနေ သွားခေါ်ရင် ရမှာဘဲ လေ…။ ကိုငံကိုယ်တိုင်က ပြောခဲ့တာ။ လမ်းထိပ်ကနေ ဂါဝန်အနီလေးနှင့် ကလေးမလေး ပြေးထွက်လာတာတဲ့။

ကိုကျော်စွာလည်း ပြောဖူးတယ်…။

သမီးလေးဟာ သည်ဝန်းကျင်မှာဆို ဟိုသည်များ ပြေးသွားနေတာလား။

ဖေဖေနှင့် မေမေနှင့်ဘဲ နေချင်တယ်ဆိုတဲ့ အသံလေးကို နိုင် ဘယ်လိုမှ ကို မမေ့နိုင်ပါဘူးလေ…။ အန်တီ့အကြည့်တွေမှာ ထိတ်လန့်နေသလို ဖြစ်နေတာပါလား။ ရှင်းပြလိုက်ရမလား။ ဘာလို့မှား နိုင်တို့သုံးယောက်ရဲ့ အကြောင်းလေးကို နိုင့်ရင်ထဲဘဲ ထားချင်နေမိတယ် မသိ…။

* * *



မိုးတိတ်စပြုတဲ့ ညနေပိုင်းမှာ နိုင့်ဆီကို မမျှော်မလင့်ရောက်လာတဲ့ ဧည့်သည်ကတော့ ကိုငံပါဘဲ။ ကိုငံကို မြင်ရတော့ အန်တီက ငိုပါလေရော။ ချိုင်းထောက်တွေနှင့် ကိုငံ့ပုံစံကို မြင်ရတာ နိုင်လည်း ကြေကွဲထိနိုက်ရပါတယ်။

"နိုင်…"

"ဆေးရုံကို နိုင် နောက်ထပ် မလာဖြစ်တာ ခွင့်လွှတ်ပါ ကိုငံ…"

"ကိုယ်သိပါတယ်…အန်တီသန်းတို့က နိုင့်ကို အပြစ်တင်စကားပြောလို့ မဟုတ်လား…သူတို့ပြောသလို…"

"သူတို့ပြောတာ ဟုတ်တာပဲ ကိုငံ…"

"နိုင့်ဆီမှာ ကံမကောင်းခြင်းတွေ ရှိနေပုံပါဘဲ…"

"မဆိုင်လိုက်တာ…ကိုယ့်အကြောင်းနဲ့ကိုယ် ဖြစ်ရတာပါ။ ကိုယ်ကကော့လေ…နိုင့်ကိုဘဲ ချစ်နေခဲ့ပါဘဲ…ဒါပေမယ့် ကိုယ့်ဘဝနဲ့ နိုင် မထိုက်တန်တော့ပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"မတိုက်တန်ဘူးဆိုတဲ့ အတွေးကြောင့် မဟုတ်ပါဘူး။ နိုင်ကိုယ်တိုင်ကိုက လက်ထပ်ချင်တဲ့ စိတ်ကို မရှိတော့တာပါ…"

"ကိုငံကို အရင်လိုဘဲ ခင်မင်စိတ်သာ ရှိတာပါ။ နိုင့်ကြောင့် ခုလိုဖြစ်ရလို့ စိတ်ထိခိုက်ရတာတောင် ပိုလာပါသေးတယ်…"

အန့်တီကတော့ သူ့ စိတ်မကောင်းလွန်းလို့ မေ့လဲကျသွားက အခ ပေ့။ ငိုပြောတော့တာ အန့်တီ မောမယ်ဆို တားနေရတော့တာ။

"အန့်တီသန်းတို့တွေ ဘာပြောပြော နိုင့်ကို ခင်ခင်မင်မင် နေပါရစေလား…"

"မနေပါရစေနဲ့ ကိုငံ…နိုင့်ဆီမှာ မိတ်ဆွေကောင်းတစ်ယောက်ဆိုတဲ့ အသိက ဟိုအရင်ကလိုဘဲ ရှိနေဆဲပါ။ ကျန်တာ မပိုနိုင်တော့ ကိုယ့်ဘဝနဲ့ ကိုယ်နေကြတာ အကောင်းဆုံးပါ…"

ကိုငံလည်း နှုတ်ဆက်ပြီး ပြန်သွားရော အန့်တီက ပြောပါလေရော။ နိုင် ရက်စက်သတဲ့ အသည်းမာသတဲ့။ ကိုယ့်အပေါ် သည့်လောက် ကောင်းတဲ့လူတဲ့လေ…။

"သူ့ခမျာ ဒုက္ခိတဖြစ်သွားပြီလို့ အားငယ်နေလေမလား။ နိုင် မေးမေးမ ပြောသင့်တာ"

"နိုင် စိတ်ထိခိုက်ရပေမယ့်…ခုရှုပ်မှ နောင်ရှင်း အန့်တီ…နိုင် မှတ်သွားပြီ ကိုကျော်စွာတုန်းကလိုမျိုး ဦးနှောက်တစ်ခုနဲ့ ဘဝခရီးမဆော် မရွေး နိုင်တော့ပါဘူး။ မပြတ်သားရင် နောက်ဆို ရှင်းရခက်ပြီး ခေါင်းခြောက်ရမှာမျိုး နိုင် မဖြစ်ချင်တော့ပါဘူး…"

ခုချိန်မှာတော့ ကိုကျော်စွာ ဆွေမျိုးတွေ ကိုငံဆွေမျိုးတွေရဲ့ ဆိုးဝါးတဲ့ အပြောတွေလည်း မကြားချင်၊ အားလုံးနှင့် ကင်းကင်းရှင်းရှင်းပဲ နေချင်ပါတယ်။



ကိုယ်ကားမောင်းရင် ဂရုစိုက်ပါတယ်။ အဲသည့်နေ့ကတော့ နိုင်ကြောင့် စဉ်းစား သွားမိတာ ဝန်ခံပါတယ်။ အဲလိုနေတုန်း ဖြုန်းခနဲ ကိုယ်မြင်လိုက်တာ။ လမ်းဘေးကို အနီရောင် အရိပ်ကလေးတစ်ခုက ကားဆီပြေးဝင်လာလို့ ဘရိတ်အုပ်တော့ မမိတော့ဘူး။ ဂါဝန်အနီလေးနဲ့ ကောင်မလေးတစ်ယောက် လို့ သေချာမြင်မိပြီး ကိုယ့် သတိလစ်သွားခဲ့တာဘဲ…နိုင်တို့ လမ်းထိပ်မှာ ပါ…။

ကိုငံက သူဘာလို့ ကားတိုက်မိတယ် သေချာရှင်းပြခဲ့သေးတယ်လေ။ အန့်တီကတော့ ဘုရားရေ သရဲခြောက်တယ်ဆိုတဲ့ ကွက်လပ်ကြီးနားမှာပါ လားလို့ သတိထားမိသေးတာ…။

"အန့်တီ သရဲဖြစ်မှာသလား…"

"နိုင် ဘာတွေပြောနေတာလဲ ပေါက်ပေါက်ရှာရှာ…ငါ့ကို မနောက်ပါ နဲ့…"

"တကယ်ပြောတာပါဆို အန့်တီရယ်…နိုင် အပြင်ခဏသွားဦးမယ်။ အဖွားဒေါ်နှင်းမွှေတို့အိမ် ခဏသွားမယ်။ နိုင် မေးစရာလေးရှိလို့ပါ…"

နိုင် အိမ်ပေါ်ကဆင်းပြီး အပြင်ထွက်ရုံရှိသေး အန့်တီက မမနီတို့ အခန်း ဘက် ကူးသွားတာ မြင်လိုက်ရပါတယ်။ မမနီအမေနဲ့ နိုင့်အကြောင်း တိုင်ပင် တော့မယ် ထင်ပါရဲ့…။

အန့်တီ့မျက်က ကြည့်တော့လည်း နိုင်ရူးပြီး ပြောနေတာတွေနှင့် ထင်မယ် ဆို ထင်ရပါဘဲလား…။ နိုင်လည်း အိပ်မက်တွေက တစတစ အပြင်ကို ရောက်ရှိ သိခွင့်ရခဲ့တာဘဲလေ။

* * *

www.burmeseclassic.com



ခြံစည်းရိုး ခတ်ထားပြီးဖြစ်တဲ့ ခြံဝင်းကျယ်ကြီးကို နိုင် ရပ်ကြည့်မိပါတယ်။ ညောင်မုတ်ဆိတ်ပင်ကြီးလည်း ခြံဝင်းထဲ ရောက်သွားပါပြီကောလား။ နိုင် ရပ်နေဆဲ ကားသံကြောင့် လှည့်ကြည့်မိတော့ ကားတစီးလည်း ဝင်လာပါပြီ။ ကိုင်းတိုက်ခဲ့တဲ့ ဓာတ်တိုင်ဘေးမှာ ရပ်လိုက်တယ်။

ကားပေါ်ကနေ ဆင်းလာတဲ့သူကို အမှန်ဆို ခပ်လှမ်းလှမ်းက မြင်ရတာပါ…။ ဒါပေမယ့် နိုင် အံ့ဩလွန်းစွာ ကြည့်နေမိပါပြီ။

"ကျွန်တော် သည်ခြံမှာ အိမ်ပြန်ဆောက်မယ် မေမေ…ပြီးတော့ ဖေဖေတို့နဲ့လဲ နိုင်ငံခြား ပြန်မလိုက်တော့ဘူး…။ စိတ်အေးချမ်း ပျော်ရွှင်စွာ နေနိုင်ဖို့ ကြိုးစားပါမယ်…"

သူတို့သားအမိ ပြောနေတာ နိုင် သေချာကြားရပါတယ်။

နိုင် သိနေတာကတော့ သူ့အပြုံး။

သူ့အသံ…။



သူ့အသံ…။ မမှားနိုင်ပါဘူး…။ သူဟာ ကိုဇော်သက်ပါဘဲ။ နိုင့်ကို ရင်တသိမ့်သိမ့်တုန် လှုပ်ရှားစေခဲ့တဲ့ ကိုဇော်သက် အစစ်ပါ…။

နိုင် ကြေကွဲဝမ်းနည်းစွာ လှည့်ပြန်ခဲ့ရပါပြီ…။

ကိုဇော်သက်လို့ ဘယ်ဇိုသိသိ သူဟာ အခုရှိလှမှ အသက်နှစ်ဆယ့်ကျော်ရုံပေါ့…။ နိုင့်အသက် နှစ်ဆယ့်ရှစ်နှစ်တောင်မှ ကျော်ခဲ့ပါပြီ။

နိုင်တို့က တစ်ချိန်တုန်းက ဖူးစာဖက်ခဲ့တယ်။ ဘယ်သို့ဆိုဆို…။ အနာဂတ်မှာတော့ ဖူးစာဆုံဖို့ ဖြစ်နိုင်ပါတော့မလား။ သူနှင့်ဝေးရမည်လို့ တွေးသောအခါ စိတ်ရဲ့နာကျင်မှုက ဘာလို့ ပြင်းထန်လွန်းပါလိမ့်နော်။

နိုင်တစ်ယောက်တည်း လျှောက်လာခဲ့ရင်းမှ အတွေးတွေ များနေမိပါပြီ။ နိုင့်ရဲ့ အနာဂတ်မှာ ဘယ်လို ကြိုးစားရုန်းကန်ခြင်းတွေနှင့် နေရမှာလဲ…"

"အမွှား…"

"မိန်းကလေး, ခင်ခင်…ခုနကတောင် ဟိုကောင်လေး လာသေးတယ်။ သူ့အမေကိုပါ ခေါ်တာတာ…သူ့အမေကိုပါ ခေါ်လာတာ…သူ့အဖေနဲ့ အမေက နိုင်ငံခြားမှာ နေကြတာတဲ့…သူကသာ အိပ်မက်တွေထဲကနေ သည်နေရာကို မက်လွန်းလို့ ပြန်လာခဲ့တာတဲ့…မထူးဆန်းဘူးလား ဟင်…မင်းကော ဘယ်လိုကြောင့် သည်နေရာ ရောက်လာခဲ့သလဲ… မင်းတို့ ဘဝအဆက်ဆက်ဆုံဖို့ ဆုတောင်းခဲ့ကြပုံပါဘဲ"

"မဟုတ်တာ အမွှားရယ်…သူနဲ့နိုင် အသက်အများကြီး ကွာပါတယ်"

"အသက်က အရေးမကြီးပါဘူး…ဆုတောင်းကြောင့်ဆို မင်းတို့ ဆုံကြမှာပါ…"

အမွှားပြောသလို ဆုံစည်းကြဖို့ရော နိုင် မျှော်လင့်ပါသလား။ အမှန်ဆို အိပ်မက်များစွာက သူ့အပြုံး သူ့အရိပ်မြင်ပြီးတည်းက နိုင့်စိတ်တွေ သူ့မှာလွဲပြီး

www.burmeseclassic.com



ဘယ်သူနှင့်မှ မဆုံချင်တော့ပါဘူး။ ဒါပေမယ့် သူ့ကိုမြင်ရတဲ့ အခါမှာတော့ . . .။

"နောက်တစ်ခါကျရင် ကောင်လေးကို သေချာမေးရမယ်. . . သည်နေ့တော့ သူ့အဖေပါနေလို့ အားနာလို့ မမေးလိုက်ရဘူး။ သည်နေရာတွေကို သတိတရဖြစ်လို့ လာတောင်ရှာပြီး ဝယ်ရရင် ခင်ခင့်ကိုရော မှတ်မိသလားလို့. . ."

"မမေးပါနဲ့ အဖွား. . . သူဟာ တကယ် ကိုဇော်သက်သာ ဖြစ်ရိုးမှန်ရင် သူ့ဖာသာပြောပါစေ"

"ဟဲ့. . . အညီ့တို့ မောင်ဇော်မိုးတို့လို မောင်နှမတွေတောင် မှတ်မိတဲ့ သည်ကလေးက သူ့မိန်းမ မမှတ်မိဘဲ နေမလား"

သူ့မိန်းမတဲ့။

နိုင့်ရင်ထဲ တုန်လှုပ်သွားသလိုပါ။ နိုင်တို့ဟာ တကယ်ပဲ ဟိုဘဝက လင်မယားတွေလား. . .။

"သူ့ခြံခတ်ပြီးရင် မြေကြီးမှာ ဘုန်းဘုန်းတွေနဲ့ ပရိတ်ရွတ် အမျှဝေမယ် ပြောတယ်. . . သူ့ဘာကို ရည်ရွယ်လဲဆိုတာ အဖွားမေးရမယ်. . ."

အဖွားလိုပါဘဲ။ နိုင့်မှာလည်း သူ့နှင့်ပတ်သက်ပြီး သိချင်တာတွေမှ အများကြီး။ ဒါပေမယ့် သူ့အသက်အရွယ်နှင့် နိုင့်အသက်အရွယ် များစွာကွာခြားခဲ့ပြီ မဟုတ်လား. . .။

"အညီ့ကိုတောင် အဖွားပြောပြလို့ ခင်ခင့်ကို တွေ့ချင်တယ် ပြောတယ်။ ဈေးရောက်ရင် ဆိုင်မှာ အညီ့ကို ဝင်တွေ့လိုက်ပါဦး"

"မညီ့က နှလုံးရောဂါ ဖြစ်နေတယ်ဆို. . အဲလိုလူကို စိတ်ရှုပ်စရာတွေ မပေးရက်ပါဘူး။ ဆိုင်ရှေ့ရောက်ရင်တော့ အစ်ကိုဇော်မိုးကိုဘဲ တွေ့တယ်။



သူကတော့ နိုင့်ကို လှမ်းလှမ်းကြည့်တယ်"

"ခင်ခင့်ပုံစံလေးက မမှတ်မိစရာမှ မရှိတာ. . ."

နိုင့်အတွက်တော့ အဖွားရှိနေတာဟာ အများကြီး စိတ်ဖြေလို့ ရတာပါလား။ နိုင် ပြန်မပြောချင်တဲ့ အကြောင်းတွေ အဖွားက ကြိုသိနေတော့ ပြောရတာ အဆင်ပြေပါတယ်။ အန်တီတို့ကျတော့ ဘာမှမသိ ဘာမှ နားမလည်သမျှ နိုင်ပြောတာတွေ အဆက်အစပ် မရှိတော့ နိုင့်စိတ်တွေ ဖောက်နေတယ်ထင်မှာပေါ့။ ဒါကြောင့်လည်း နိုင် အချိန်ရရင် အဖွားဆီ လာစကားပြောနေမိတော့တာပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



နိုင့် အလုပ်ထဲကို မမျှော်လင့်ဘဲ ကိုင်ရောက်လာပါတယ်။ ကိုင်ကို မြင်ရတိုင်း နိုင် စိတ်ထိနိုက်ရတာပါလား။ နိုင့်ကြောင့်လို့ စိတ်မကောင်းဖြစ်ရပေမယ့်…ဦးနောက်တစ်ခုကြောင့် နိုင် လက်မခံနိုင်တော့ပါဘူး…။

"နိုင်…တောင်းပန်ပါတယ်…ကိုယ့် နေမကောင်းဖြစ်နေတုန်း အန်တီသန်းက နိုင်တို့အိမ်ကို ရောင်းပစ်လိုက်တယ်…"

"ဒါ တောင်းပန်စရာမှ မဟုတ်တာ ကိုင်…အစထဲက နိုင်နဲ့မှ မဆိုင်တော့တာ…ဘာမှ အားနာစရာမရှိပါဘူး…နိုင်လဲ ပြန်ဝယ်နိုင်မှာကို မဟုတ်လို့ ရှေ့တောင်ရှေ့ခဲ့တာပါဘဲ…ကိုင် နိုင်ငံခြားသွားမလို့ဆို…"

"နိုင် သိတယ်လား"

"တစ်နေ့က ကိုကောင်းထက်နဲ့ လမ်းမှာဆုံလို့ ပြောပြတာပါ…"

"ခြေထောက်တွေ ပြန်ပြီး ကုရမယ်လေ…"

"ဟုတ်တာပေါ့…"



ခုလိုပုံနဲ့ ဘဝတစ်ခု သေဆုံးနေလို့မှ မဖြစ်တာ။ စိတ်ဓာတ်မကျတဲ့ ကိုင်ကိုတောင် ကျေးဇူးတင်ရဦးမယ်…။

"ကျော်စွာနှစ်ပတ်လည်လုပ်ဖို့ သူ့ရွာတို့ ပြင်နေကြတယ်။ အန်တီသန်းနဲ့ အန်တီမြမြစိုးက အရမ်းခင်တယ်လေ"

"အရမ်းခင်လေတော့ နိုင့်အကြောင်း ပိုပြောလို့ ကောင်းတာပေါ့"

"ကိုယ် တောင်းပန်ပါတယ်"

"ကိုင်က မတောင်းပန်ရပါဘူး။ ကိုင့်ကို နိုင်ကတောင် တောင်းပန်ရမှာပါ…နိုင်နဲ့ဆုံရလို့ ကိုကျော်စွာတို့ ကိုင်တို့ ကံမကောင်းကြဘူးဆိုတာ ဟုတ်မှာပါဘဲ…"

"မဟုတ်တာ…"

ကိုကျော်စွာအပေါ်တည်း နှလုံးသားက လိုက်ခုန်ခြင်းမရှိပါဘဲ ဦးနောက်နှင့်ဆုံးဖြတ်ခဲ့တာ နိုင် အရမ်းမှားခဲ့ပါတယ်။ ဒါပေမယ့် နိုင်တို့ အချိန်တွေ အခြေအနေ အဖြစ်အပျက်တွေကို နောက်ပြန်ဆုတ်လို့မှ မရတော့တာ။

"မြစ်နိုင်ရင်လေ ကိုကျော်စွာနဲ့ မေမေက တွေ့ပေးမယ်ဆိုတည်းက နိုင် ငြင်းလိုက်ရမှာ…နိုင် တကယ်နောင်တရတယ်"

"ကိုယ့်ကိုယ်ကို အပစ်မတင်ပါနဲ့ နိုင်…ကြုံရဆုံရ ဖြစ်ပျက်ရမှာမို့ နိုင် မတားဆီးနိုင်ပါဘူး…ကိုယ် နိုင်ငံခြားက ပြန်လာမှ နိုင့်ဆီ လာခဲ့ဦးမယ်…"

ကိုင်ပြန်သွားတဲ့အခါ မမနီကတော့ သိပ်မခင်ပေမဲ့ မြင်မှုး စကားပြောမှုနေတော့ စိတ်မကောင်းဘူးတဲ့လေ။

"မမနီတို့လို ဘေးလူတွေတောင် ခုလို ခံစားရရင် ကိုင်တို့ ကိုကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ပတ်သက်သမျှ ခွေမျိုးတွေအတွက် နိုင်က လူဆိုးပါ...သူတို့အပြောအရ ဘီလူးတစ်ကောင်လိုဘဲတဲ့..."

"နိုင် စိတ်မကောင်းတာတော့ ထားပါ။ အန့်တီက နိုင့်ကို သိပ်စိတ်ပူနေတာ...နိုင်က ပြောတယ်ဆို...အရင်ဘဝက သရဲဖြစ်ခဲ့တယ်လို့..."

မမနီ့အပြောကြောင့် နိုင် ပြုံးရပါပြီ။ ဒါကြောင့်လည်း နိုင်ပြောရတာပေါ့။ လူတော်တော်များများအား အခု လူ့ဘဝမရခင် ပြိတ္တာသရဲဘဝနှင့် နေခဲ့ကြတာ ရှိမှာပါ။ ပြန်မမှတ်မိကြလို့သာ မှတ်မိတဲ့လူတွေဆို ခုလိုဘဲ ပြောကြမှာလို့ ပြောပြရတယ်။

"ဒါဆို နိုင်က သရဲဘဝကို မှတ်မိတယ်ပေါ့"

"ဟုတ်တယ်"

"ထူးဆန်းတာပေါ့...နိုင် ဘယ်လိုမှတ်မိလဲ"

"အိပ်မက်တွေကို ဆက်တိုက် ဆက်တိုက် မက်ရာကနေ မှတ်မိတာပါ"

အိပ်မက်များမှာကတစ်ဆင့် နိုင် မှတ်မိလာခဲ့တာပါ။ မမနီကတော့ ခေါင်းလေးတညိတ်ညိတ်နှင့် နိုင့်စကားကို ယုံကြည်ရှာသား။ အန့်တီ့လိုတော့ နိုင့်ကို မယုံမကြည်နှင့် နေမကောင်း ဖြစ်နေပြီလို့ ထင်ပုံမရပါဘူးလေ။

* * *



အမေမှားနေလို့ မမနီ သည်နေ့ အလုပ်မဆင်းဘူးလေ...။ တစ်ယောက်ထဲ ပြန်ရမယ်ဆိုမှ မိုးက အတော်သည်းပါလား။ နိုင့်ထီးက ကျိုးနေလို့ ဆောင်းရတာလဲ မကောင်းလိုက်တာ...။

"သက်ထားနိုင်...သက်ထားနိုင်..."

အနားမှာ ကားလာရပ်လို့ ကြည့်မိတော့ ကိုကောင်းထက်ပါလား။ ကိုဂံ့သူငယ်ချင်းမို့ သိနေပြီဘဲ။ မိုးသည်းနေတယ် လိုက်ပို့ပေးမယ် သက်ထားနိုင်ဆိုပေမယ့် နိုင် ခေါင်းခါငြင်းလိုက်ပါတယ်။ နိုင် ဘယ်သူနှင့်မှ ခင်ခင်မင်မင် မနေချင်တော့ပါဘူး။ နိုင့်ဆီမှာ ကံဆိုးမှုတွေ တကယ်ဘဲ ရှိနေမှာ ကြောက်နေမိပါပြီ။

"ဝံကြီး မနေကဘဲ နိုင်ငံခြားသွားတယ်"

"ဟုတ်ကဲ့...နိုင့်ကို လာနှုတ်ဆက်ပါသေးတယ်..."

ကိုကောင်းထက်က ကားပေါ်က ဘာလို့ဆင်းရတာလဲ...။ ကားပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဆင်းပြီး သူ့ထီးလေးသူ ဖွင့်ဆောင်းပေးမယ့် နိုင်တို့ မျက်နှာချင်းဆိုင်လို ဖြစ်သွားခဲ့တဲ့အချိန်…။

"အန်တီသန်း…"

"ဩော်…"

ငါ့နယ်နော်…ရန်ကုန်မြို့အကျယ်ကြီး၊ လူတွေအများကြီး ဘာလို့များ နိုင် မဆုံချင်တဲ့လူတွေနှင့် လာလာဆုံနေရပါလိမ့်။ အန်တီသန်းက နိုင့်ကို ကိုကောင်းထက်နှင့် စကားပြောနေတာ လှည့်ကြည့်ပြီး နှုတ်မဆက်နိုင်ဘဲ ထွက်သွားပါတယ်။

"နိုင်နဲ့ အန်တီသန်း မသိဘူးလား"

"မခင်ပါဘူး…"

သည်လို လွယ်လွယ်ပြောလိုက်တာ ကောင်းပါတယ်။ အစအဆုံး ရှင်းပြ မနေချင်တော့။ ကိုကောင်းထက်က ပစ္စည်းတစ်ခုဝယ်မလို့ဆို အရှေ့က စတိုး ဆိုင်ဆီ သွားမလို့ပါ။ ကားနှင့်ပို့ပါမယ်ပြောလို့ ငြင်းပြီး အမြန်လမ်းခွဲခဲ့ရတယ်။

အန်တီသန်းကတစ်ဆင့် အန်တီမြမြစိုးတို့ဆီ မရောက်ပဲနေမလား…။ ပြောကြဦးမှာပေါ့ ကိုကျော်စွာတို့ ကိုင်တို့ရဲ့ ကံဆိုးခြင်းတွေ ကိုကောင်းထက်ဆီ ကူးလိမ့်ဦးမယ်လို့။

မိုးသည်းထဲ စိတ်ရှုပ်ထွေးစွာ ပြန်လာခဲ့ကြတယ်လေ။ လမ်းထိပ်ရောက် တော့ ခြံခတ်ပြီး ခြံစည်းရိုးနား နိုင် ရပ်ကြည့်မိပြန်ပါရော။

"သမီးလေး ရှိနေသေးလား…မေမေက ညံ့ပါတယ်။ သမီးအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်သေးပါလားကွယ်…"

"သည်မှာ …. သည်မှာ"

ထီးရွက်ပေါ် မိုးသည်နေတာမို့ ခေါ်သံကို ရုတ်တရက် မကြားမိ။



"သည်မှာခင်ဗျ…"

"ရှင်…"

နိုင် လှည့်ကြည့်မိတဲ့အခါမှာတော့…အံ့သြလွန်းစွာနှင့် အသက်ရှူတောင် မှ ရပ်သွားမိပါပြီ။ နိုင်ကြည့်ရင်း ကြည့်ရင်း မျက်လုံးတွေထိ ပူထူလာသလို ပါပဲလား…။ လည်ချောင်းထဲမှာလည်း ဆို့နင့်လာပါတယ်…။ ငါသိပ်ချစ် တဲ့လူ…အချစ်က ဒါပါလား။ ရင်ထဲမှာ တလှပ်လှပ် လှိုက်ခုန်နေတာ ပါလား။

"ဟင်…ခင်…"

ခင်…ခင်တဲ့။

သူက နိုင့်ကို ဗွတ်ခနဲ ခေါ်တာလား…။

"ဘယ်မှာ…ဘယ်မှာနေလဲ ဟင်…"

"ဟို…ကျွန်မ…"

"သည်နားမှာ နေတာလား…။ သည်နားမှာနေတယ်…ဘယ်မှာနေ လဲ…စောစောက သိခဲ့ရင်…"

ကိုဇော်သက်ကို အိပ်မက်မှာ နိုင် တွေ့ဖူးသမျှ…အခု အပြင်မှာ ပြန် တွေ့ရသလိုပါလား။ ဒါပေမယ့် သူ့ရုပ်က အိပ်မက်ထဲက ကိုဇော်သက်ထက် အများကြီး နုပျိုပါတယ်။ ဒါပေါ့လေ သူ့အသက်က အများကြီး ငယ်တာ ကိုး…။

"ဘယ်မှာနေလဲ…"

"ဟိုလမ်းထဲမှာပါ…"

"ကျွန်တော်က သည်ခြံမှာ လာနေတော့မှာ…သည်ခြံကို သည်နေရာကို မှတ်မိသလား ဟင်…"

www.burmeseclassic.com

www.burmeseclassic.com



နိုင် မပြေနိုင်လောက်အောင် ဆို့နင့်နေတာပါဘဲလေ။ ခုလို ပြန်ဆုံဖို့ ထွယ်မှ မလွယ်ကူတာ။ ဒါပေမယ့် ဆုံကြပြန်တော့လည်း နိုင်တို့နှစ်ယောက်က အသက်အရွယ် ကွာခြားနေပါပြီ။ နိုင်ဘယ်လိုဖြစ်ပြီး ဝမ်းနည်းကြေကွဲစိတ် ဖြစ်နေရပါလိမ့်။ နောက်ပြန် လှည့်ထွက်လာခဲ့မိပါလား…။

"သည်မှာ…ခင်…ဟို…သည်မှာ…"

သူခေါ်နေသမျှ နိုင် လှည့်မကြည့်ဘဲ အမြန်ဆုံး ပြန်လျှောက်လာခဲ့ပါပြီ။ မိုးတွေထဲ ပြေးမတတ်ပြန်လာတဲ့ နိုင့်ကို အန်တီက ကြည့်နေပါတယ်။

"ဘာဖြစ်လာတာလဲ နိုင်…"

"ဘာမှ မဖြစ်ပါဘူး…"

အခန်းထဲဝင် အင်္ကျီအမြန်လဲရင်း မျက်ရည်တွေကတော့ တွေတွေကျလာပြန်ပါပေါ့။ ဖြစ်မှဖြစ်ရလေ။ ဖြစ်ရတယ်…ကိုဇော်သက်ကို ပြန်တွေ့ရတယ်ဆိုတာ ဘယ်လောက်ဝမ်းသာစရာ ကောင်းသလဲ…။ ဒါပေမယ့် ဘယ်လိုမှ မဖြစ်နိုင်တော့သလိုလဲ ခံစားရပါတယ်။

"နိုင်…အိပ်နေတာလား…မိုးမိလာပြီး နွေးနွေးထွေးထွေးနေ…အိပ်နေရင် သွေးအေးပြီး ဖျားသွားမှာ စိုးရိမ်ရတယ်…"

"ဟုတ်ကဲ့ပါ…"

"ငိုနေတာလား…"

"မငိုပါဘူး…သည်ရက်ပိုင်း မိုးမိတာများပြီး နှာစေးချင်နေတာ"

"အဲဒါကြောင့် ပြောတာပေါ့…ဂရုစိုက်ပါလို့"

တကယ်ဆို နိုင် ငိုချင်မိတုန်းပါဘဲ…။ နိုင်တို့ ပြန်ဆုံရပြီ ပြန်ဆုံရပြီလို့လည်း ရင်ထဲ ရွတ်နေမိသမျှ…။

"နိုင်…နေကောင်းလား…"



"ကောင်းပါတယ်…အန်တီလည်း နေကောင်းလား"

"အင်း…ကောင်းတယ်…ငါတို့နှစ်ယောက်ဘဲရှိတာ တစ်ယောက် ခံစားရသမျှ တစ်ယောက် ပွင့်ပွင့်လင်းလင်းပေါ့ နိုင်…နိုင် ဘာတွေဖြစ်နေလဲ ဘာတွေ ကြိတ်မှိတ်ခံစားနေရလဲ…"

"နိုင် ဘာမှမဖြစ်ပါဘူး"

"မမရှိတုန်းက မမသူငယ်ချင်း မမစန်းကြည်မေဆိုတာ မှတ်မိလား…သူက အကြားအမြင်ရနေတာမျိုးလေ…သမထလည်း အရမ်းကျင့်တယ်။ သူ့ဆီ ငါတို့ သွားမေးရအောင်လား…နိုင့်ကို တစ်ခုခုများ ကပ်နေပူးနေသလားလို့ပါ…"

"မဟုတ်တာ အန်တီရယ်…"

"နိုင် ညနေစောင်း အလုပ်ပြန်မှောင်စစမှာ လမ်းတိုင်ကနေ တစ်ခုခုများ ကပ်ပါလာတာလား…ဖွပ်ဖွဲ့ မဟုတ်ပါစေနဲ့…"

"အန်တီရယ်…မဟုတ်တာ…မပြောပါနဲ့ နိုင်ဘာမှ မဖြစ်ပါဘူး…"

"မမကလည်း နိုင့်ကို ဥစ္စာစောင့်ဘဝက လာတယ် မပြောခဲ့ပါဘူး"

အန်တီကလည်းလေ…တစ်မျိုးမဟုတ် တစ်မျိုးပါလား။ ဒါကြောင့်မို့ နိုင့်ကို မဟုတ်တာတွေ မထင်ပါနဲ့ အန်တီ…နိုင်ဘာမှ မဖြစ်ပါဘူး။ အန်တီ အဲလိုသာ မဟုတ်တာတွေ ထင်နေရင် အန်တီ့ကို နိုင် နွေးထွေးတို့ဆီ ပို့ပေးမယ်လို့ ပြောလိုက်တယ်။

"နွေးအမေ ဒေါ်လေးကျော့က သဘောကောင်းပါတယ်။ အန်တီ့အတွက် နိုင် စားစရိတ် ခွဲပို့ပေးပါမယ်။ နိုင့်ကို မခင်မင် မယုံကြည်ရင် အန်တီနှင့် နိုင် အတူမနေသင့်ပါဘူး…"

www.burmeseclassic.com

www.burmeseclassic.com



အဲလိုပြောတော့မှ မဟုတ်ပါဘူး နိုင့်ကို စိတ်ပူလို့ပါတဲ့။ နိုင့်အကြောင်း နိုင်သိပါတယ်။ စိတ်မပူပါနဲ့လို့ဘဲ ပြောလိုက်ရပါတယ်။ အန်တီ့ကို နိုင် ဟိုး အစက စပြီးလည်း ရှင်းပြမနေချင်တော့ပါဘူး။

* * *



နိုင်အလုပ်ကအပြန် အိမ်ကိုလည်းရောက်ရော ညှိခန်းမှာ အဖွားဒေါ်နှင်းမုံ နှင့်အတူ တွေ့လိုက်ရတဲ့သူဟာ…ကိုဇော်သက်ဝင်စားတယ်ဆိုတဲ့ ကောင် လေးပါလား။ နိုင့်ရင်ထဲ ဘယ်လိုဘဲ နာကျင်နေပါစေ။ နိုင်တို့က ခုဘဝမှာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူးလေ။

"ခင်ခင့်ဆီ သွားချင်တယ်ဆိုလို့…"

"ကျွန်မနာမည်က သက်ထားနိုင်ပါ 'အဖွား…"

"သည်ကလေးက…"

"ကျွန်တော်…ဘယ်လို စရှင်းပြရမယ် မသိပါဘူး။ ကျွန်တော် နားလည် သိတတ်စအရွယ်မှာ အိပ်မက်တစ်ခုကို အမြဲမက်တယ်…အိမ်က အမေနဲ့ အမေကတော့ အိပ်မက်ဆိုးပေါ့လေ…အစပိုင်းမှာ ပျော်ရွှင်စရာ မိသားစု ကလေးကို တွေ့ရပြီးရင်…မီးတောက်တွေ တောက်လောင်ပြီး ကျွန်တော် ထိတ်လန့်ခြင်းတွေနဲ့ဘဲ နိုးလာလေ့ရှိတာမို့ မိဘတွေက အိပ်မက်ဆိုး ခဏခဏ မက်တယ်ဆို မမက်စေချင်တော့ဘူးလေ…"

www.burmeseclassic.com

www.burmeseclassic.com



အန်တီကတော့ နိုင့်ကို နားမလည်သလို့ အခုလည်း ငြိမ်နားထောင်နေတော့တာပါ…။ သူက နိုင့်ထက်တောင်မှ ပိုစောပြီး သည်အကြောင်းတွေ သိတာပါလား။

"မေမေတို့က အိပ်မက်ဆိုးလို့ ဘယ်လိုပြောပြော ကျွန်တော်ကတော့ အဲသည့် အိပ်မက်ဘဲ မက်ချင်တယ်…အစပိုင်းမှာ ကျွန်တော် သိပ်ကို နှစ်သက်တဲ့ မိသားစုဘဝလေးက တအားကြည်နူးစရာပါ…ကျွန်တော့် အိပ်မက်ထဲက နှာမည်က ကိုဇော်သက်တဲ့…ဇနီးနာမည်က ခင်ခင်…ပြီးတော့ သမီးလေး တူးမာရှိတယ်…"

"သည်မှာ ရှင်ပြောနေတာက ကျွန်မကိုမှ ဒါတွေဘာလို့ လာပြောပြနေရတာလဲ…အမွှား…ကျွန်မ အလုပ်အပြန် ဟင်းချက်ရဦးမှာမို့ ဖြစ်နိုင်ရင် အမွှားဒေ့သည်ကို ပြန်ခေါ်သွားပေးပါ…"

ဒေ့သည်ဆိုပေမယ့် အားမနာနိုင်။ အသက်အရွယ် ကွာခြားနေပြီဖြစ်သည့် နိုင်တို့နှစ်ယောက်ကြား ဘာမှမရှိစေချင်တော့။ အမွှားနှင့်သူ ပြန်တော့မှ အန်တီ့ကို ရှင်းပြမိပါတယ်။

"မေမေ့ရှိစဉ်ထဲက နိုင် အိပ်မက်တစ်ခုကို အမြဲလို မက်လာတယ်။ အန်တီ့ကိုတောင် ပြောခဲ့တယ်လေ…အိပ်မက်တစ်ခုကိုဘဲ ထပ်ခါတလဲ မက်သလားလို့…"

"အဲသည်တော့"

"အိပ်မက်ထဲမှာ ညောင်မှတ်ဆိတ်ပင်ကြီး တစ်ပင်ရှိတယ်…သစ်ကိုင်းပေါ်မှာ သရဲတွေမှ အများကြီး…"

"တကယ်…ကြောက်စရာကြီး"

"နိုင်တို့ မိသားစုလေးလဲ သရဲဖြစ်နေခဲ့တာ"



"မိသားစုလေး"

"နိုင့်ယောကျ်ားက ကိုဇော်သက်တဲ့ သမီးလေးက တူးမာ။ နိုင့်ရဲ့ အဲသည့် အချိန်က နာမည်က ခင်ခင်တဲ့…"

"ခင်ခင်…ဒါဆို ခုနဟိုလူကလဲ ခင်ခင်လို့ခေါ်တယ်။ တကယ်ပေါ့။ သူပြောတာ တကယ်ပေါ့…ဒါဆို မမှတ်မိဘူးလို့ ဘာလို့ပြောလိုက်လဲ"

"မှတ်မိတော့ရော…သူ့ကိုအခု အန်တီတွေ့လိုက်ပြီ။ သူက နိုင့်ထက် အများကြီး ငယ်တယ်လေ…နိုင်တို့ အရင်ဘဝက ဘယ်လိုတော်ခဲ့တော်ခဲ့ အခုဘဝ ပြန်လက်ထပ်ရမှာလား…တော်ပါပြီ…စိတ်ရှုပ်စရာတွေ…"

အန်တီ့ကို ယေဘုယျရှင်းပြရုံပါ။ နိုင်တို့ သမီးလေးက ဂါဝန်အနီလေး ဝတ်ပြီး ဟိုသည်ပြေးလွှားနေတယ်ဆိုတာကို ရင်တနင့်နင့် ခံစားနေရသဲပါ။ ဒါကိုသူကောသိပါရဲ့လား…။ သူသိရင်…သမီးအတွက်ဘဲ စဉ်းစားသင့်ပါတယ်။

"အရွယ်မတူလို့ ပြန်လက်မခံချင်ရင်လည်း…ကောင်းကောင်းမွန်မွန် ပြောပေါ့ နိုင်…ဘဝရေစက်တွေက ခုလိုဆုံစည်းဖို့ ခက်ပါတယ်…သူ့ခများလည်း ပြောပုံအရဆို အမြဲလို အိပ်မက်နဲ့ သိလာရတော့ နိုင်တို့ နှစ်ယောက် ဘဝအဆက်ဆက် ဆုံတွေ့ရပါလိုဧ်လို့များ ဆုတောင်းခဲ့လေ သလား…"

"အရင်ဘဝက အရင်ဘဝ…အခုဘဝက အခုဘဝလို့ စိတ်ဖြတ်လိုက်မယ်…"

"ဖြတ်နိုင်ရင် ကောင်းပါရဲ့…သူက မဖြတ်နိုင်ရင်ကော"

"ရမလား…ရအောင်ဖြတ်ပေါ့…အန်တီ…တကယ်လို့များ နိုင် အလုပ်သွားနေတုန်း သူလာရင် ဘာမှမသိသလို နေပေးပါ။ မသိဘူး နိုင်နဲ့ ပြောလို့ ပြောပါ…"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါပါ့ယ်…"

အန်တီက အခုဆို အိမ်ထဲမှာဘဲ နေနေတော့ စကားပြောဖော်ကမရှိ။ မမနီအမေက တရားသမားဆို သူ့ ဘုရားတရား ဝေယျာဝစ္စနဲ့နေတော့ အန်တီ့ကို အဖော်မဖြစ်ဘူးလေ။ အန်တီက မေမေရှိတုန်းမှာဆို မေမေ ရှာပေးသမျှ အေးအေးပျော်ရွှင်စွာ သုံးစွဲပြီး သူငယ်ချင်းတွေနှင့် ရုပ်ရှင်ကြည့် ပျော်ပျော် နေလာခဲ့တာ။ ခုချိန် ငွေလဲမရှိ ရောဂါလဲရနှင့် အိမ်ထဲနေရတော့ ပျော်မတဲ့လား…။

"နိုင် စိတ်အေးအေး နေချင်ပါတယ်…အထူးသဖြင့် အိမ်ထောင်ဖက်တွေနဲ့ စိတ်မရှုပ်ချင်တော့ဘူး…"

ကြုံခဲ့ဆုံခဲ့သမျှနှင့်ပင် ရှုပ်ထွေးနေပါပြီ။ ဘာနှင့်မှ စိတ်မရှုပ်ချင်တော့ပါဘူး။

* * *



တကယ်ဆို သူနှင့် ပြန်ဆုံရလို့ ခံစားရတဲ့အထဲမှာ ကြည်နူးမှု မပါဘူးလို့တော့ မညာချင်ပါဘူး။ သူနှင့် စကားတွေလည်း အများကြီး ပြောချင်တယ်။ အထူးသဖြင့် တစ်ယောက်တည်း ကျန်နေခဲ့တဲ့ သမီးလေးကို ဘယ်လို ကယ်တင်ယူနိုင်မလဲလို့လည်း မေးချင်တယ်။ ဒါပေမယ့် ကြုံရသမျှတွေကြောင့် နိုင်ဟာ ခံမှန်ဖူးတဲ့ တသူငယ်ထက် ကြောက်ရွံ့တတ်နေပါပြီ။

"နိုင်…နှင့်ချည်သည်"

"ဟင်…"

သူ လွယ်လွယ်နှင့် လက်လျှော့မှာ မဟုတ်ဘူးလို့တော့ နိုင်သိပါတယ်။ ဒါပေမယ့် ခုလောက်မြန်မြန် အလုပ်ထဲကို လိုက်လာမည် မထင်။ အိမ်လာလေဦးမလားတော့ တွေးမိသား…။

"မသက်ထားနိုင်လို့ပဲ ခေါ်ဆိုခေါ်ပါမယ်…ကျွန်တော့်ကိုတော့ စကားပြောပါ…ပြောစရာတွေမှ အများကြီးရှိလို့ပါ…"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်ချိန်မို့ မအားပါဘူး"

"ဒါဆို အလုပ်ဆင်းချိန် ရောက်တော့မှာဘဲ…စောင့်နေမယ်"

"ကျွန်မမှာ မင်းကို ပြောစရာမရှိပါဘူး…မင်းက နိုင့်ထက် အတော် အသက်ငယ်မှာပါ။ ဒါကြောင့် မမအရွယ်ဘဲလေ…"

တမင်ကို အသက်ကွာနေပြီဆိုတာ သိစေချင်မိပါတယ်။

"အသက်က သည်လောက်အရေးမကြီးပါဘူး"

"ဘယ့်နှယ့် အရေးမကြီးရမှာလဲ…"

"ကျွန်တော် စောင့်နေမယ်…"

ခက်တော့တာပါဘဲလား…။ နိုင့်ဘဝကိုက ဘာဖြစ်နေတာယ်မသိ။ မေမေဟိုးအရင်က လက်ထပ်စေချင်သူ အမျိုးကြီးနှင့် ကြုံစေခဲ့စေ ခဲ့ပါ တယ်။ နိုင် အမျိုးမျိုး ငြင်းဆန်ခဲ့သလို…ကိုကျော်စွာနှင့်မှစပြီး ဘာလို စိတ်အနှောင့်အယှက်တွေ ဖြစ်လာရတာယ်မသိ။

"နိုင်…အပြန်မမနီနဲ့ အတူပြန်မလား…အန်တီပြောလို့ သိရတယ်။ အဲဒီ နိုင့်အရင်ဘဝက…"

အန်တီကလည်းဗလေ။ မမနီတို့ကို သွားပြောပြပြန်ပြီ ထင်ပါရဲ့…။

"တချို့ကိစ္စတွေဆိုတာ ပြန်မမှတ်မိတာ ပိုကောင်းသလိုပါဘဲ။ မမနီ ပြန်မှတ်မိလာရင် အရင်ဘဝက ချစ်ခင်မှုတွေ ပြန်ရှုပ်ထွေးကုန်တယ်"

"အံ့သြစရာက နိုင်တို့နှစ်ယောက်လုံး မှတ်မိကြတယ်ဆိုတာပါ…ကောင် လေးက ချစ်စရာလေးပါ…နိုင်တို့ လိုက်ဖက်ပုံရတယ်"

"မဟုတ်တာ သူ အများကြီး ငယ်နေပြီ…"

"ဟုတ်တော့ ဟုတ်ပါတယ်…ယောကျ်ားလေးက ခြောက်နှစ် ခုနစ်နှစ် ငယ်ရင် အရမ်းကွာနေသလို ဖြစ်လာတာပေါ့လေ…အရင်ဘဝကလို မချစ်



နိုင်ရင်တောင် ခင်ခင်မင်မင်နေပေါ့ နိုင်ရဲ့…"

"အစထဲက မပတ်သက်တာ ပိုကောင်းမှာပါ…နိုင် နောင်တမရချင်ဘဲ နောင်တရနေတာ ကိုကျော်စွာနှင့် ပတ်သက်မိလို့…အဲလို မဖြစ်ချင်တော့ ဘူး…အစမရှိရင် အဆုံး မလာတော့ဘူးလေ…"

မမနီနှင့်လည်း အတူမပြန်ပါဘူး။ ရင်းရမယ့် ပြဿနာတစ်ခုက ရှောင်ထွက်ဖို့ မဖြစ်နိုင်ပါဘူး။ ရင်းကိုရင်းရမယ် မဟုတ်လား။ ဒါကြောင့် အပြန်မှာတော့ စောင့်နေတဲ့ သူနှင့် တွေ့လိုက်ရမှာပါ။

"ကျွန်တော်တို့ တစ်ခုခုစားရင်း စကားအေးဆေး ပြောရအောင်လား"

"အိမ်ပြန်ရောက်ရင် ထမင်းစားမှာမို့ ဘာမှ မစားချင်ပါဘူး။ စကားပြော မှာဆို ပြော…"

သူက စကား အေးအေးဆေးဆေး ပြောလို့ရမယ့် နေရာထိ ကားမောင်း လာခဲ့တယ်။ ထူးဆန်းလိုက်တာ။ နိုင့်ဘေးမှာ သူရှိနေတာဟာ နိုင့်အတွက် အရမ်းကို ပိုပြီးပြည့်စုံတာပါလား။ နိုင် ထကယ်ကြည်နူးရပါတယ်။

"အိပ်မက်ဆိုးတွေ မက်ပြီး ယောင်အော်နေတတ်ရာက ဖေဖေနဲ့ မေမေ ဟာ ကျွန်တော့်အရင်ဘဝကို သိလာခဲ့တယ်လေ…နောက်တော့ ကျွန်တော့်ကို ဆရာဝန်ပြကြတယ်…အိပ်မွေ့ချပြီးမေးတာမျိုး ခင် ကြုံဖူးလား…"

"ကြုံကြုံဖန်ဖန်…မကြုံဖူးပါဘူး…"

"ကျွန်တော်ကပြောသတဲ့…ဇနီးဖြစ်တဲ့ ခင်နဲ့ သမီးဖြစ်တဲ့ တူးမာလေး ကို အသည်းပေါက်မတတ် ချစ်သလို အတူတူနေလောင်တာ အချုပ်ဖြစ်နေသလို ထိတ်လန့်ခံစားရတာဘဲ…ဒါပေမယ့် ညောင်မှတ်ဆိတ်ပင်ကြီးမှာ နေတော့လဲ သုံးယောက်အတူမို့ ပျော်ရွှင်ခဲ့တာဘဲတဲ့လေ…ဘယ်အချိန်မှာ ပြန်ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသလဲဆို···မောင်တို့ သားအဖကို ခင် ထားရစ်ထွက်ခွာပြီးတဲ့ အချိန်မှာပါ···"

သူပြောသမျှတွေကို နိုင်လည်း အိပ်မက်မှာ ကြုံရခံစားရတာ ထပ်တူညီပါလား···။ နိုင်ကအရင် သူတို့သားအဖကို ထားရစ်ခဲ့သတဲ့။

"ခုချိန်···ခုချိန်···သမီးတစ်ယောက်ထဲ ကျန်ခဲ့ပြီ"

လွှတ်ခနဲ ရင်ထဲခံစားရသမျှ နိုင် ပြောမိတဲ့အခါ···။

"ဘာမှ မမှတ်မိတော့ဘူးဆို···ခင် ညာနေတာ မောင်သိပါတယ်··"

ဆိတ်ဆိတ်နေရင် ဝန်ခံမိပြီလား။

"ထားပါတော့···ဒါတွေက အရင်ဘဝကလို့ လက်ခံယုံကြည်ရင်လဲ အရင်ဘဝကို အရင်ဘဝမှာဘဲ ထားခဲ့ပါတော့···ခုဘဝမှာ နိုင်က သက်ထားနိုင်ပါ။ အသက်နှစ်ဆယ့်ရှစ်၊ ကျော်နေပါပြီ···မင်းက···"

"ကျွန်တော့်အသက် နှစ်ဆယ့်သုံးထဲမှာပါ···ဘာဖြစ်လဲ ငါးနှစ်လောက်ကွာတာများ···မောင်ကတော့ ဘဝတစ်ခုလုံး အဝေးမခံဘူး···အသက်လဲ ဂရုမစိုက်ဘူး ဘာမှလဲ ဂရုမစိုက်ဘူး···"

"မင်း ဂရုမစိုက်ပေမယ့် နိုင်က ဂရုစိုက်ရလိမ့်မယ်။ နိုင်တို့ ခုဘဝကို ခုဘဝလောက်ဘဲ လက်ခံကြပါစို့···"

"မရဘူး···မရဘူး···ဖေဖေနဲ့ မေမေခေါ်ပြီး ခင့်ကို လာတောင်းမယ်···ခင့်မှာ အိမ်ထောင်မရှိတာဘဲ ဝမ်းသာလှပါပြီ···"

သူ့ပုံစံက ကိုဇော်သက်နှင့် တူတယ်ဆိုပေမယ့် ခုချိန် နှပ်ျမှုတွေရဲ့ ဖွတ်တရွတ် ခေါ်မာမှုတွေကို တွေ့နေရသလိုပါလား။ နိုင်ကတော့ အားလုံးကို ထိတ်လန့် နေမိဆဲပါ···။



"သက်ထားနိုင်အဖြစ်ဘဲ သတ်မှတ်ထားလိုက်ပါတော့ မင်းလဲ ကိုဇော်သက်မှ မဟုတ်တာ"

"ကျွန်တော်က အခုလဲ ဇော်မော်သက်ပါဘဲ···"

ဇော်မော်သက်···သည်နာမည်ကို ကြားဖူးနေသလိုပါဘဲလေ။ ဘယ်မှာကြားဖူးတာလဲ စဉ်းစားမရပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ ထူးခြားအဆန်းကျယ်ဆုံးနှင့် မထင်မှတ်ဆုံးအရာတွေ ဖြစ်လာတဲ့ နေ့ကတော့ နိုင့်အိမ်ကို သူက အမေနှင့် အမေကိုပါခေါ်ပြီး ရောက်လာခဲ့တာပါဘဲလေ။ အန့်တီဆို အံ့ဩနေလိုက်တာ။ နိုင်ကတော့ အံ့ဩစွာညည်းပြီး မဖြစ်နိုင်တာတွေ ဘာလို့ဖြစ်ရလဲ ရှုပ်ထွေးစွာ ခံစားရတာပါ။

"သားပြောပြောပြတဲ့ ခင်ခင်လေ ဖေဖေ…မေမေက မယုံဘူးဆို… သားခွဲပြတဲ့ ပန်းချီကားထဲက ရုပ်ပဲမဟုတ်လား…"

"မင်းဘာလို့ လူကြီးတွေကို ဒုက္ခပေးရတာလဲ…ကျွန်မ အခု သက်ထားနိုင်ပါ…သူပြောသလို ခင်ခင့်လဲ မဟုတ်ပါဘူး…"

"နေပါဦး…မြင်ဖူးနေသလိုဘဲ…"

"ပန်းချီကားထဲမှာလေ မေမေ"

"မဟုတ်ဘူး…ဘယ်မှာပါလိမ့်…ဟင်…မင်းက သက်ထားနိုင်လား…သက်ထားနိုင် မဟုတ်လား…"



"ရှင်…နိုင့်ကို သိတယ်"

"မင်း…မင်း…မောင်ကျော်စွာနဲ့ လက်ထပ်မယ့် သက်ထားနိုင်…လားပါ…ပြန်စို့…ပြန်ရအောင် ကိုသက်လေး…"

"ကျွန်တော် မပြန်…"

သူ့အမေက သူ့လက်ကို အတင်းဆွဲခေါ်သလို အမေကပါ တွေတွေဝေဝေ ကြည့်နေပြီး…မင်းခဏ ပြန်လိုက်ခဲ့ပါဆို ခေါ်သွားပြီ။

"ဘာတွေလဲ နိုင်…ဘာတွေလဲဟယ်…"

"နိုင်က ပိုပြီး စိတ်ရှုပ်နေပါပြီ…"

သူ့အမေနှုတ်မှကတို ပြောသွားတာ။ မောင်ကျော်စွာနှင့် လက်ထပ်မယ့် သက်ထားနိုင်တဲ့လေ…။ ကိုကျော်စွာနှင့် ဘယ်လိုများ…။

"ဟင်…ဇော်မော်သက်…ဇော်မော်သက်…"

"နိုင်သိလား"

"သူ…သူ…ကိုကျော်စွာတူ ဇော်မော်သက်…ကိုသက်လေးဆိုတာ သူပါလား…"

ဘာလို့ သည်မျှတိုက်ဆိုင်စွာ ဆုံစည်းကြရတာပါလိမ့်…။ ကိုကျော်စွာ ဆွေမျိုးတွေက အများကြီး။ မောင်နှမဝမ်းကွဲတွေတောင် အများကြီးလို့ သိခဲ့တွေ့ခဲ့ပြီးသား။

"အဲဒါ ကိုကျော်စွာ အစ်ကိုအကြီးဆုံးဘဲ…သူတို့က အရင် နိုင်ငံခြားမှာ နေနေတာ…ကောင်းတယ်…ကောင်းပါတယ်…ပိုပြီး ပတ်သက်စရာ အကြောင်း မရှိတော့ဘူးပေါ့…"

"ဖြစ်ရလေ ဖြစ်ရလေဟယ်၊ အန့်တီမှာဖြင့် ရင်ထဲ ကြိတ်ဝမ်းသာမိ

www.burmeseclassic.com



တယ်…အရင်ဘဝက ခင်ပွန်းဆိုတဲ့ အသိနဲ့ နိုင့်ဘဝလေး သာယာတဲ့ အိမ်ထောင်ကလေး ထူထောင်ပျော်ရွှင်ရတော့ မလားလို့…"

"ဘာကိုမှ မမျှော်လင့်ပါနဲ့ အန်တီ…ကိုကျော်စွာတုန်းကလည်း အမျှော်လင့်ကြီး မျှော်လင့်ပြီး ဖြစ်မလာလို့ မေမေဘယ်လောက် ကြေကွဲထိခိုက်ခဲ့ရသလဲ…ကိုငံကျွတော့ရော…အန်တီမျှော်လင့်သလို ဖြစ်ခဲ့လား…နိုင့်ကြောင့်လို့ ခံစားတိုင်း နာကျင်ပြီးပါပြီ…ကိုသက်လေးဟာ ကိုကျော်စွာ သိပ်ချစ်တဲ့ ဟူကလေးပါ…နိုင်တို့ ပိုမဆုံနိုင်ပါဘူး…မေ့လိုက်ပါတော့"

အန်တီ့ကို ဖျောင်းဖျနေတဲ့ နိုင့်ရင်ထဲမှာ အများကြီးတောက်လောင်တုန်လှုပ်နေတာပါလား။ အသက်အရွယ်ကြောင့် မဖြစ်နိုင်ပါဘူး။ မဖြစ်နိုင်ပါဘူး။ ဘယ်လိုဆိုဆို…ကိုဇော်သက်ရဲ့ အပြုံး…နွေးထွေးသောအရိပ်က နိုင့်ကို စိုးမိုးကြည်နူးနေခဲ့ပါလေ…။

"နိုင်…မာမီ၊ မမကြီး။ သန္တာ၊ အန်တီမြမြစိုးတို့လို လူတွေနဲ့လဲ ပြန်စကားမပြောချင်တော့ဘူး…နိုင့်ကြောင့် ကိုကျော်စွာ သေရတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ နိုင် ပြောခဲ့ပြီးပါပြီ…။ ကိုသက်လေးနဲ့ ပတ်သက်ပြီး သည်လူတွေနဲ့ ပြန်ဆုံ ပြန်ပြောရရင် နိုင် ရူးလိမ့်မယ်အန်တီ…ဒါကြောင့် သူများ မတော်တဆ ရောက်လာရင်…လက်မခံပါနဲ့…"

အန်တီကတော့ ခေါင်းညိတ်ရုံသာပေါ့လေ။ နိုင်လည်း ပြောသာ ပြောနေရတာ…ကိုသက်လေး ရောက်လာပြန်ရင် နိုင် ရှင်းရခက်ဦးမယ်။ အင်းလေ နိုင်ဆိုတာ သူ့ဦးလေး ကိုကျော်စွာထွန်းနှင့် လက်ထပ်မယ့် မိန်းမလို့သိပြီးရင် သူလည်း ဘယ်လိုခံစားချက်တွေရှိရှိ လက်လျှော့သွားနိုင်ပါတယ်။

"နိုင် နိုင့်ဘဝက ထူးဆန်းလိုက်တာ…အမေလည်း အဲသည့်ကွက်လပ်ကြီးမှာ အရင်အိမ်တွေ မီးလောင်ဖူးတယ်ဘဲ၊ ကြားဖူးခဲ့တာ…အစွဲအလန်း



များ ကြောက်စရာပါလား…ဘဝခြားပြီး ချစ်နေကြတုန်း…"

မမနီ့ အမေကတောင် နိုင်တို့အကြောင်းကိုပြောရင်း စိတ်မကောင်းဖြစ်ပုံပါ။ နိုင့်နားထဲလဲ…တစ်ဘဝခြားပြီး ချစ်နေကြတုန်းဆိုတဲ့ စကားလေး အပေါ် ခံစားကြည်နူး နာကျင်ရတာပါလား…။

ချစ်နေကြဆဲ…။ ဟုတ်တယ်မဟုတ်လား…။

နိုင့်ရင်ထဲ ကိုသက်လေးကို ချစ်နေခဲ့လား။ ဝန်ခံပါတယ်။ နိုင့်တစ်သက် သည်သို့ ရင်ခုန်ကြည်နူးခံစားရတဲ့ လူဆိုတာ ကိုသက်လေး တစ်ယောက်ပါဘဲလေ…။

ဒါပေမယ့် နိုင်က သည်သို့ပြောလို့ ဘယ်လိုယုံကြည်ပေးရမှာလဲ…။

ကိုကျော်စွာနှင့် လက်ထပ်သဘောတူလိုက်ကတည်းက နိုင် ဦးနှောက်နှင့်ရွေးတာပါဆို ဘယ်လိုပြောကြမလဲ…။ ဘာကြောင့်ဖြစ်စေ သက်ထားနိုင်ဆိုတဲ့ မိန်းမဟာ ကိုကျော်စွာနှင့် လက်ထပ်ဖို့ အစစ စီစဉ်ခဲ့ဖူးသော မိန်းမဘဲ မဟုတ်လား။

"အန်တီလေ…အစက နိုင့်ကို အဲသည့်အပင်ကြီးက သရဲပူးနေတယ်ထင်တာ။ အခု ဟိုကောင်လေးပေါ်လာမှသာ ယုံကြည်သွားတာ…"

သူပေါ်မလာတာ ပိုကောင်းမှာ…နိုင့်စိတ် နိုင့်အာရုံ နိုင့်မျှော်လင့်ချက်က ကိုဇော်သက်နှင့် တွေ့ရတာက ပိုကြည်နူးရတယ်…အခု တွေ့တာက… ပိုစိတ်ရှုပ်ထွေးစရာတွေ များလွန်းပါတယ်…"

"ဟုတ်တော့ ဟုတ်တယ်…ဟိုဘက်ဘဝမှာနဲ့ သည်ဘက်ဘဝ သည်ဖက်ဘဝမှာနေ…ဒါဆို ရှင်းတယ်…အန်တီတို့လို လူတွေပေါ့… အရင်ဘဝ သိတောင်မသိဘူး…"

နိုင်လည်း အဲလို ဖြစ်ချင်တာပေါ့…။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် နိုင့်ဆီကိုမှ ရောက်ရှိလာတဲ့ အရင်ဘဝဟာ⋯နိုင့်ရဲ့စစ်မှန်တဲ့ အမြစ်အမျက်တွေ ဆိုတော့လည်း နိုင် မလိုချင်လဲမရ⋯မရှောင်ချင်လည်းမရတဲ့ အခြေအနေတွေထဲမှာ။ ဒါပေမယ့် ပြဿနာဆိုတာ ရှောင်ပြေးလို့လည်း မရလေတော့ စိတ်ဘယ်လောက် ရှုပ်ရှုပ် ရင်ဆိုင်ရဦးတော့မယ် ထင်ပါရဲ့⋯။

* * *



နိုင်ထင်နေတာက နိုင့်ဆီကို ကိုဇော်သက်ဝင်စားတဲ့ ကိုသက်လေးက အရင်ရောက်လာမလား မှတ်ထင်ပါတယ်။ တကယ်တမ်း အစောဆုံး ရောက်လာခဲ့တာကတော့ မမကြီးပါဘဲ။

"နိုင်⋯မမကြီး ရှည်ရှည်ဝေးဝေးလဲ မပြောချင်ပါဘူး သည်ထက် အခြေအနေတွေ ဆိုးဝါးလာရင် အန်တီမြတို့ သန္တာတို့ပါ ရှုပ်လာကြမှာ မို့တယ်⋯အခုဆို ကိုကိုကြီးမိန်းမ မမစီ ငိုပြီးရင်း ငိုနေပြီ⋯သည်ကိစ္စဟာ ဖြစ်သင့်သလားကွယ်⋯"

"နိုင်က နိုင့်ဘာသာနေတာပါ မမကြီး⋯ဘာလို့ နိုင့်ဆီကိုမှ နိုင် မပတ်သက်ချင်တာတွေက ရောက်လာတာလဲ⋯"

"အရင်ဘဝကို အရင်ဘဝမှာပဲထားခဲ့တာ ကောင်းပါတယ် နိုင်"

နိုင်ကတော့ အရင်ဘဝကို သည်ဘဝအဖြစ် အတင်းဆွဲယူနေလို့လား။ နိုင်က ပိုလို့တောင် စိတ်ရှုပ်ရပါတယ်။

"မာမီလဲ သိပ်စိတ်ထိခိုက်နေပြီ နိုင်သိတဲ့အတိုင်း မောင်လေးဆုံးသွားတာဟာ မမကြီးတို့ဘဝမှာ အကြေကွဲရဆုံး အထိခိုက်ရဆုံးပါ⋯"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်စွာ ဆုံးသွားရတာ နိုင်နှင့် ပတ်သက်လို့ပဲ ဟုတ်ဟုတ် မဟုတ်ဟုတ် နိုင်ကတော့ ပျော်ရွှင်မိလို့လား။ နိုင့်အနာဂတ်တစ်ခုလုံး ပြိုကွဲရတာပါ။ မေမေ့ကိုလည်း ဆုံးရှုံးရသေးတယ်…။

“မမကြီးတို့ ကိုကျော်စွာ့ကို ဆုံးရှုံးရသလို နိုင်လဲ မေမေ့ကို ဆုံးရှုံးရတာပါဘဲ…နိုင်လဲ စိတ်ထိခိုက်ရပါတယ်…”

“မောင်လေးတို့ဇွက ပြီးခဲ့ပါပြီ။ ထားလိုက်ပါတော့…ကိုသက်လေးနဲ့ တော့ ဆက်မပတ်သက်ပါနဲ့တော့ နိုင်…ကိုသက်ဟာ မမကြီးတို့ မိသားစုဝင်တွေထဲ အချစ်ခင်ရဆုံး ကလေးပါ…နိုင့်ကို မမကြီး တောင်းပန်ပါတယ်၊ နိုင်လဲသိတဲ့အတိုင်း နိုင့်ကို မမကြီးသာ တောင်းပန်နေတာ သူ့ဆ္ဆာတို့ဆို..”

မမကြီးက တောင်းပန်တာတဲ့၊ ဒါပေမယ့် သူ့ဆ္ဆာတို့ဆီရောက်ရင်လို့ရောဗြိမ်းခြောက်နေတာလား။ ဘယ်လိုဖြစ်ဖြစ် ဇော်မော်သက်နှင့် မပတ်သက်နှင့်ဆိုတဲ့ စကားဘဲ မဟုတ်ဘူးလား။

“မမကြီး…နိုင်လဲ မပတ်သက်ချင်ပါဘူး…အတိတ်ဆိုတာကို ပြန်ဆုတ်လို့ရရင်တောင် ကိုကျော်စွာနဲ့ ဝေးဝေးနေမှာပါ…အဲလောက်ကို မပတ်သက်ချင်တော့တာပါ…”

“ဒါဆို ကောင်းပါတယ်…ကိုသက်လေးကိုလဲ သူ့အဖေ အမေ နိုင်ငံခြားကို ပြန်ခေါ်သွားမှာပါ…ဒါပေမယ့် ခေါင်းမာမာ ကောင်းလေးကို ပြောမရမှာပူလို့ မမကြီးက နိုင့်ကို လာတောင်းပန်တာပါ…”

တောင်းပန်တဲ့စကားကို ထပ်ခါသုံးနေပေမယ့် သတိပေးနေတာလား။ သည့်ထက် ရှေ့ဆက်နှင့်လို့ ပြောနေတာနှင့် မထူးလှပါဘူး။ နိုင့်စိတ်ကလည်း ကိုဇော်သက်ကို ဘယ်လောက်ချစ်ချစ်…ဟိုဘဝကို ထားပစ်ခဲ့လိုက်တာ အကောင်းဆုံးပါဘဲ…။



“မမကြီး အကောင်းဆုံးကတော့ သူ့ကို နိုင်ငံခြားပြန်ပါသွားအောင် လုပ်လိုက်ပါ…နိုင့်နားပြန်ရောက်ပြီး တကိုကိုနဲ့ဆို နိုင့်မှာ ပြေးစရာ မြေမရှိပါဘူး…နိုင့်ဘဝတောင် မနည်းလှုပ်ရှား ရုန်းကန်နေရတာပါ…”

“ဟုတ်ပါပြီ…မမကြီး ကြိုးစားပါ့မယ်…”

မမကြီးပြန်သွားတော့ အန်တီက ပြောလာပါပြီ။ နိုင်…နင်မပြောနှင့်ငါတောင် စိတ်ရှုပ်လွန်းလာပြီတဲ့။ တကယ့်ကို ထွက်ပြေးစရာ နေရာလည်း မရှိပါဘူး။ ကိုင်ကို ဦးနောက်တွေနှင့်ရင်းပြီး လက်မထပ်ခဲ့ချင်လို့လည်း အိမ်ကို အဆုံးခံလို့ သည်အိမ်လေးကို ပြောင်းလာခဲ့ပြီးပြီ။ အခုအခါ ဇော်မော်သက်ကို ဘယ်လိုရှောင်ဖယ် ထွက်ပြေးမလဲ။

“ရှောင်ပြေးတယ်ဆိုတာလည်း အလုပ်မလုပ်ပါဘူး နိုင်ရယ်…ရင်ဆိုင်ဖြေရှင်းရမှာပါဘဲ…”

အန်တီကတောင် ရင်ဆိုင်ဖြေရှင်းတဲ့။ ဖြေရှင်းရတာလည်း မောလွန်းနေသလိုပါ။ ဒါကြောင့်လည်း မဖြစ်နိုင်မှန်းသိသိနှင့် အတိတ်ကိုတောင် မလိုချင်တော့ဘူးလေ။

* * *

www.burmeseclassic.com



ဝေ်မော်သက် ရက်အတော်ကြာ ရောက်မလာတာဟာ…နိုင်ငံခြားကို ပြန်ပါသွားပုံပါဘဲ…။ သည့်လိုဆိုလည်း ကောင်းပါတယ်။ နိုင် စိတ်မဖော ရတော့ဘူးပေါ့…။ အဖွားဒေါ်နှင်းမှုံကို မြင်ရရင်ဘဲ စိတ်ထဲမှာတော့ မကောင်း ပါဘူး…။ နိုင် သည့်ဘဝအထိ အတိတ်ဘဝကို ယူမလာချင်တော့ဘူးလေ။

"နိုင့်ကို သက်ထားနိုင်အဖြစ်ဘဲ မြင်ပါတော့လား အဖွား…နိုင်ပြန်ပြီး ဘဝဟောင်း မသွားချင်တော့ပါဘူး…"

"အဖွား နားလည်ပါတယ်…တစ်ခါတစ်ရံ သည့်လိုပဲ ဖြစ်တတ်ကြတာပဲ လေ…မောင်သက်လေးလဲ နိုင်ငံခြား ပြန်ပါသွားပုံပါဘဲ…ဝင်းခြံခတ်ပြီး အိမ်ဆောက်မယ်ဆိုတာ ပေါ်မှ မပေါ်လာတော့တာ…"

"အဲဒါကောင်းပါတယ် အဖွား…"

အဖွားဒေါ်နှင်းမှုံတို့ အိမ်ကအပြန် မိုးမိလာတယ်လေ။ ခုတလော မိုးရွာ နေပေမယ့် ထီးဖွင့်မဆောင်းမိလောက်အောင် စိတ်ရှုပ်ထွေးနေလိုက်တာ။ ခြေလှမ်းတွေလည်း ယောင်ချာချာနှင့်။



မိုးကလည်း သည်းလွန်းတယ်။

ညောင်မှတ်ဆိတ်ပင်ကြီးနားကို ဘယ်တုန်းက ရောက်နေတယ်မသိ။ ခြံစည်းရိုးကနေ ရပ်ကြည့်နေမိတယ်။

ဘယ်အကိုင်းမှာလဲ။ နိုင်တို့ပျော်ရွှင်စွာ နေခဲ့ကြတာ ဘယ်သစ်ကိုင်းမှာ ပါလိမ့်။

ညောင်ပင်ကြီးကို ပတ်ချာလည်လှည့်ပြီးလည်း ပြေးလွှားနေခဲ့တယ်။ သမီးကလေးရဲ့ နိုးနိုးခစ်ခစ် ရယ်သံကို အခုထိ ကြားယောင်နေသလိုပါလား။

အတိတ်က အတိတ်ဘဝဆို နိုင် မေ့လိုက်သင့်ပြီ။

ဒါပေမယ့် မမေ့နိုင်သေးတာလား။

မိုးလေတွေ အဝေ့မှာ ညောင်မှတ်ဆိတ်ကိုင်းတွေ တလှုပ်လှုပ်နှင့်… အိပ်မက်ထဲက အတိုင်းပါဘဲလား…။ သမီးကလေးတစ်ယောက်တည်း အားငယ်ကြောက်ရွံ့နေလေမလား…။ နိုင့်ပါးပြင်ပေါ်မှာ မိုးရေလား မျက်ရည် လား။

"နိုင်…ဟဲ့…မိုးရေထဲ ရပ်နေရလား…လာ ပြန်စို့"

မမနီအသံကြားမှ ပြန်လှည့်ခဲ့ရတာ။

"နိုင်ရယ်…မမနီ စာနာပါတယ်…ဒါပေမယ့် အတိတ်ဘဝကို ထားခဲ့ တော့နော်…နိုင် စိတ်ပင်ပန်းတာတွေ မကြည့်ရက်လို့ပါ…"

"နိုင် သိချင်နေတာတစ်ခုထဲ…ညောင်ပင်ကြီးမှာ သမီးလေးတစ်ယောက် ထဲ ရှိနေသေးတာလား…"

"နိုင်ပြုသမျှ ကုသိုလ်ကို အမျှဝေဝေပေးပေါ့…တစ်နေ့မဟုတ် တစ်နေ့ သူရသွားမှာပေါ့ကွယ်…"

www.burmeseclassic.com

www.burmeseclassic.com



နိုင်လေး…မမနီတို့ အန်တီတို့ကို အရင်ဘဝဆိုတာ ဘာမှမသတိတော့တဲ့ လူတွေလို အခု အားကျနေမိပြီလား။ နိုင့်အတွက်တော့ အရင်ဘဝနှင့် အတူ အရင်ဘဝက တွယ်တာမှုတွေကို ပြန်သတိရရတာဟာ မခွန့်လွှတ်နိုင်လေ ပင်ပန်းလေ ဖြစ်ပါလိမ့်မယ်။

"နွေးနွေးထွေးထွေးနေနော် နိုင်"

"ဟုတ်ကဲ့"

မိုးတွေ ရိုရွဲနေတဲ့ နိုင့်ကို အန်တီက ဆံပင်တွေ လာသုတ်ပေးနေပါတယ်။ နိုင့်ဖှာသာ သုတ်ပါမယ်ဆိုပေမယ့် အရမ်းချမ်းနေပြီလေ။ အန်တီကတော့ တဖျစ်တောက်တောက် စိတ်ပူနေတော့တာ။

"ဒါ အခု ဝိတ်ဆံမရှိလို့ ရှိရင် သည်နားမှာကို မနေဘူး။ ပြောင်းသွားတယ်…နင့်အတွက် သည်နေရာဟာ အပေါင်းတွေ အသစ်ဖြစ်တယ် ပြီးတော့ ဟိုကောင်လေးလဲ မတွေ့နိုင်တဲ့ နေရာပြောင်းကြတာ ကောင်းတယ်"

"အန်တီ…နိုင်တို့မှာ ပြေးစရာ မြေမရှိပါဘူး…အရမ်းကြိုးစားနေတဲ့ကြားက ဘာများပြည့်စုံလာလို့လဲ…ပြီးတော့…ပြီးတော့…နိုင် သည်နေရာက မခွာရက်ပါဘူး…နိုင် သည်နေရာကို ရောက်လာတာကိုက ရေစက်တစ်ခုကြောင့်ပါ…"

"နိုင် ခုလို စိတ်မောနေတာ…အန်တီက မမြင်ရက်တာပါ…ပြီးတော့ သန္တာတို့ မြမြစိုးတို့နဲ့များ မတော်တဆ ထိပ်တိုက်ရင်ဆိုင်ရရင်"

"ဖြစ်ကာမှဖြစ်ခါဘဲ အန်တီရယ်…နိုင် ကြိုတွေးပြီး မမောချင်ပါဘူး။ ကိုသက်လေး နိုင်ငံခြားပြန်သွားရင် ဝေးသွားမှာပါလေ…"

ပြောသာပြောရတယ်…။

ရင်ထဲမှာတော့ နာကျင်နေသလိုပါလား။



တကယ်ဆို ကိုဇော်သက်နှင့် ခက်ခက်ခဲခဲကို ပြန်ဆုံရတာလေ။ တခြားသူတွေလို အရင်ဘဝက ချစ်ရသူကို မသိရင်လည်း ကောင်းသား။ သိလည်းသိရတယ်။ ချစ်လည်းချစ်နေဆဲ…ပြန်လည်း ဆုံစည်းပါလျက်…။

အရင်ဘဝတုန်းကရော…နိုင်တို့ ဘယ်လို အခက်အခဲတွေများ ရှိခဲ့ပါလိမ့်…။ နိုင် အိပ်မက်တွေနှင့် သိခွင့်ရချိန်မှာ နိုင်တို့မိသားစုသုံးယောက် ပျော်ပျော်ပါးပါး ရှိခဲ့ကြတယ်။

"မမက ငါတို့ကို ပစ်ထားခဲ့သလိုပါပဲ။ မမရှိတုန်းက အာကုန်အာဆင်ပြေတယ်"

အန်တီကတော့ စိတ်ညစ်တိုင်း မေမေ့ကိုဘဲ တမ်းတတတ်တော့တာ။ ပြန်မရနိုင်သော အတိတ်တွေကိုတမ်းတရင် ကိုယ်ဘဲ မောတော့မှာပေါ့လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



အနိတ္တိအတွက် ဆေးဝယ်ရမှာမို့ နေ့ခင်းအလုပ်တည်းက အပြင်ခဏထွက်တာပါ။ အလုပ်ထဲ ပြန်အရောက် နိုင်စားပွဲဆီ မရောက်ခင်ထဲက မြင်ရပြီး ရင်မောလိုက်တာ။ ညစ်ညူးတဲ့စိတ်မှာ ဘာလို့ ရင်ခုန်လိုက်ဖို့ခြင်းက အတူရှိနေပါလိမ့်။

"ဘာမှ မစိုးရိမ်ပါနဲ့ ခင်ရဲ့ သူတို့က မောင်နိုင်ငံခြားကို ပြန်သွားပြီထင်နေတာပါ…သိလဲသိပေ့ါ…ခင့်ရှေ့က မောင် ရင်ဆိုင်ပေးပါမယ်…"

ကိုသက်လေးက စွန့်လွှတ်ထွက်ခွာသွားမလား မှတ်တာ။

အခု ဗိုလ်တောင် ဆုံးဖြတ်ချက် နိုင်မာလာပုံပါလား။ မမနီကတော့ နိုင့်ကို လှမ်းကြည့်ပါတယ်။ နိုင့်အတွက် သောကလူတွေကလည်း မနေရအောင် စိတ်မောနေရှာပြီ ထင်ပါရဲ့…။

"ခင်တော့ မသိဘူး။ မောင်ကတော့ ဟိုးအငယ်လေးထဲက ခင်မှခင်ပါတဲ့…မောင် စအိမ်မက်တော့လေ…ခင်ကလွဲပြီး ဘယ်သူ့မှ လက်မထပ်ဘူးလို့ကို ဆုံးဖြတ်ခဲ့တာ…"



"မောင်ဇော်မော်သက်…အမှန်ဆို မင်းနဲ့နိုင် ဘာမှမဆိုင်တော့ပါဘူး"

"ဘာလို့ မဆိုင်ရမှာလဲ…ခင်က မောင့်ဇနီးပဲဟာ…မောင်စာတွေကြိုးစားသင်ခဲ့တယ်။ အဲဒါမှ ခင်နဲ့ပြန်တွေ့ရင် ခင့်ကို တင့်တင့်တယ်တယ်ထားနိုင်ဖို့ လိုတယ်လေ။ ဖေဖေနဲ့ မေမေက အရင်က ခင့်ကို သိကြချစ်ကြပါတယ်။ သူတို့က လေးလေးကျော်ဇွာကြောင့် ခုလိုဖြစ်သွားကြတာ။ ဒါကလည်း ခဏပါ…သားရဲ့ချစ်သူဟာ သူတို့ ချစ်ကြရမှာပါသဲ…"

"မဖြစ်နိုင်ပါဘူး…ဘယ်နှစ်ခါပြောရမလဲ…"

"ဘာမှ မဖြစ်နိုင်စရာ မရှိဘူး။ မောင်ကတော့ ဘယ်သူ့မျက်မျက် မမျက်ဘူး…။ ခင်က မောင်နဲ့ လက်ထပ်ဖို့ စဉ်းစားဆုံးဖြတ်ထား…မောင်သည်မှာ အလုပ်တစ်ခုခု ရှာလိုက်ဦးမယ်။ အခု မေမေတို့က ခေါင်းမာနေသေးလို့ပါ အိမ်လဲ ဆောက်ရဦးမယ်၊ ပြီးရင် မောင်တို့ လက်ထပ်ကြတာပေ့ါ…ခင် အလုပ်လုပ်ရဦးမှာ မဟုတ်လား…လုပ်လေ မောင် ကားပေါ်က စောင့်မယ်…"

နိုင်တော့ စိတ်ညစ်ရတော့မယ် ထင်ပါရဲ့။ ကိုသက်လေး ဆွေမျိုးတွေက လွယ်မယ်မထင်။ အထူးသဖြင့် သန္တာတို့က အလုပ်ထဲထိများလာပြီး ရန်ဖြစ်ကြမှာလား။ မမကြီးကလည်း ချိုချိုသာသာနှင့် ခြိမ်းခြောက်သွားခဲ့ပြီ။

"နိုင် ဘယ်လိုလုပ်မလဲ…"

"မမနီ…နိုင် ဘာလုပ်ရမှန်းကို မသိတာ…ကိုသက်လေးက အရမ်းခေါင်းမာမှာ…သူတို့တွေနဲ့လဲ နိုင် မဆုံချင်ဘူး…"

"သူဟာ အရင်ဘဝက ခင်ပွန်းဆိုတာကိုကော နိုင် ယုံကြည်ရဲ့လား"

ဒါကတော့ အကြွင်းမဲ့ ယုံကြည်တာပါ။ ကိုဇော်သက် အပြုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



နိုင့်စိတ်မှာ စွဲလန်းနေဆဲ။ ကိုသက်လေးက ကိုဇော်သက်ပါလို့ နိုင်လုံးဝ ယုံကြည်ပါတယ်။

"နိုင်တို့ အရင်က တကယ်ပျော်ခဲ့တာ။ နေအတူ သေအတူ မကျွတ် မလွတ် ဘဝမှာတောင် အစက အတူတူပါ။ နိုင်က အရင်ထွက်လာခဲ့တာ..."

"ဒါဆိုလည်း ကျန်တဲ့ဘေးပြဿနာမှာ သိပ်ဂရုမစိုက်ပါနဲ့လား"

"နိုင်တို့ အသက်ကွာတယ်..."

"သည်အသက်လောက်က မခိုးပါဘူး။ မမနီ မြင်ဖူးတယ်။ အမျိုးသမီးက လေးဆယ်ကျော်ပြီး မုဆိုးမ ဖြစ်နေမှ အရင်ဘဝက ခင်ပွန်းဆိုတဲ့ နှစ်ဆယ်ကျော် ကောင်လေးလူပျိုက လက်ထပ်တာ...နိုင်တို့က သည်လောက်တောင် မခိုးဘူး။ နိုင်လဲ လူလွတ် သူ့ယဲလူလွတ် အသက်လေးငါးခြောက်နှစ် ခေါင်းထဲမထည့်နဲ့..."

အသက်လေးငါးခြောက်နှစ် ခေါင်းထဲမထည့်ရင် ဆွေမျိုးပြဿနာတွေ ထည့်ရမယ်...။ ကိုကျော်စွာ သေဆုံးရတာ နိုင့်ကြောင့်ပါဆို ဘယ်လိုမှ ကြည့်မရတော့တဲ့ ဟိုလူတွေကို ဆွေမျိုးပြန်စပ်ရမှာ။ မလွယ်လိုက်တာ..။

"နိုင်...မမနီစိတ်ဆို အဲသည့်ဆွေမျိုးတွေ ခေါင်းထဲကထုတ်ပြီး လက်ထပ်လိုက်...သူတို့ ပြောလှဆိုလှ ခဏပေါ့။ နိုင်တို့ သိပ်ချစ်ဖို့က အဓိက ပါဘဲ..."

မမနီတောင် အဲလိုတွေးနေပြီလား။ နိုင်ကဖြင့် ကိုသက်လေးကို လက်ထပ်ဖို့ မစဉ်းစားရဲလောက်အောင်ပါ။ နိုင်က မချစ်ဘူးလားမေးရင်...။ နိုင့်တစ်သက်မှာ သည်တစ်ခါဘဲ ရင်တွေ တလှိုက်လှိုက် ချစ်ရတာပါလေ။



"နိုင် သိပ်ငြင်းဆန်မနေနဲ့...တခြား အဆင်ပြေမယ့်နည်းလမ်းကိုတွေး။ တစ်ခါတလေ ဘဝအဆက်ဆက် ပေါင်းရပါလို့ ပြောလို့ ဆုတောင်းခဲ့ဖူးတာ လားမသိ..."

ဘဝအဆက်ဆက်တဲ့။

ဘယ်လိုဆုတွေ တောင်းခဲ့ဖူးတယ် မသိစေကာမူ နိုင်တို့ကတော့ အရင်ဘဝကလည်းဆုံ အခုဘဝလည်း ဆုံရပါပြီ။ ဝေးကြဖို့လို့ နိုင် ဆုံးဖြတ်ပေမယ့် ဘယ်လိုဆုတောင်းနှင့် ဘယ်လိုတွေများ ဖြစ်လာဦးမှာပါလိမ့်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ခင်…မောင့်ကို အချိန်ခဏလေးပေး…မောင် အလုပ်နဲ့ နေရာလေး အဆင်ပြေတာနဲ့ လက်ထပ်မယ်…"

ကိုသက်လေးကတော့ တကယ့်ကို ပျော်ရွှင်နေလိုက်တာ။ နိုင်ကတော့ ငြိမ်သက်အေးစက်လွှန်းနေပြီ ထင်ပါရဲ့။ ဟိုးအရှေ့က ရေပြင်ကျယ်မှာ နေရောင်ရဲ့ အရိပ်တွေရှိတယ်။ လေတိုက်တိုင်း လှိုင်းကြက်ခွပ်တွေ လှုပ်ခတ်နေပါလား။

"နိုင် မရှိတော့ မောင်တို့ သားအဖဘဲ ကျန်ခဲ့တာ…ဘယ်လောက် လွမ်းရတယ် သိရဲ့လား…သမီးကလည်း ငိုတယ်…"

"ဇော်မော်သက်…မင်းကို နိုင် တောင်းပန်ပါတယ်။ နိုင်တို့ အခု လက်ရှိဘဝမှာဘဲ နေကြရအောင်ပါ…"

"အခုလက်ရှိဘဝမှာ…ဒါဆို သက်ထားနိုင်နဲ့ ဇော်မော်သက်အဖြစ် နေမယ်ပေါ့…ရတယ်လေ…ချစ်နေတာက အဓိကပါဘဲ…"

"မဟုတ်ဘူးလေ…အခုဘဝမှာ ငါတို့က မချစ်သင့်တော့ဘူး"



"ဘာလို့ မချစ်သင့်ရမှာလဲ…မောင်ကလဲ ခင့်ကိုဘဲ ချစ်တယ်… ခင်ကလည်း မောင့်ကိုဘဲ ချစ်တယ်…"

"ဟင့်အင်း…ငါ မင်းကို မချစ်ပါဘူး…"

"မညာပါနဲ့ ခင်…မောင်တို့မှာ မောင်တို့ ရစေက်က မနည်းမနော ပါ…အခု ခင်နဲ့ပြန်ဆုံရတာ မောင် ဘယ်လောက်ပျော်တယ်မှတ်လဲ… ပြီးတော့ သမီးလေးကို စဉ်းစားပါခင်…သူ့ခမျာ မောင်တို့နှစ်ယောက် မရှိတော့ ငိုကျန်ခဲ့မှာ…"

"တော်ပါတော့ တော်ပါတော့ မပြောပါနဲ့…"

သမီးအကြောင်း ရောက်လာရင်ကို နိုဗ်ရင်တွေ ဆို့လာသလိုပါဘဲလား။ ငါးရာနှစ်ဆယ့်ရှစ် သံယောဇဉ်ကြိုးရဲ့ နိုင်မြဲရစ်ပတ်မှုက ဘယ်လောက်အထိ ဘဝများစွာ အဆက်ဆက်ထိများလားကွယ်…။

"မောင်တို့ လက်ထပ်ကြမယ်လေ…ဒါမှ သမီးကိုလဲ ပြန်ခေါ်လို့ရမှာ"

ဇော်မော်သက်ကို ဘယ်လိုမှ ပြောမရဘူးလား။ မမနီ ပြောသလို ဖြစ်ချင်ရာဖြစ် လက်တွဲလိုက်ရမှာလား။ နိုင် အစစ မဝံ့ရဲအောင် ဖြစ်နေဆဲပါလေ။

"သမီးက…သမီးက…အဲသည့်ညောင်ပင်မှာ ရှိနေတုန်း…"

"နိုင် သိတယ်လား…"

"အင်း…"

"ဒါတောင် မောင့်ကို မုန်းချင်နေသလား…"

"နိုင်…အားလုံးကို ကြောက်နေပါပြီ…ကိုကျော်စွာကို နိုင်…လက်ထပ်ဖို့ ခေါင်းညိတ်လိုက်တဲ့ အချိန်ကစ…"

အိပ်မက်များစွာမှာ မေမေနှင့် မေမေနဝ်ပဲ အတူနေပါလို့ ငိုကြွေးနေတယ် တဲ့ သမီးရဲ့ပုံရိပ်တွေ…။ နိုင် ခုထိ ကြေကွဲနေဆဲပါ။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်တို့…နိုင်တို့…"

"မငိုပါနဲ့ ခင်…ခင့်ရှေ့က ဟိုးတစ်ချိန်ကလို မောင် ရပ်တည်ပေးပါမယ်…လေးလေးကို ခင် မချစ်ပါဘဲ မိဘတွေ ဆန္ဒအရ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာလို့ မောင်သိပါတယ်…မောင်က ခွင့်လွှတ်ယုံကြည်ပေးနိုင်ပေမယ့်…ဖေဖေတို့ အဖွားတို့ အန်တီလေးတို့ကိုတော့ နားလည်ပေးလိုက်ပါ…"

"နိုင်တို့ ဆုံစည်းဖို့လဲ မလွယ်ပါဘူး…"

"ဘာလို့ မလွယ်ရမှာလဲ…မောင့်ကို ခင်ချစ်တယ်ဆို…"

"အရင်ဘဝမှာပဲ အဲဒီအချစ် ထားခဲ့ပါတော့…"

"ဘယ်ရမလဲ…အခုလဲ ဆက်ချစ်နေမယ်…"

နိုင့် နှလုံးသားက အချစ်ဆိုတာ ဘယ်သူပါလို့ သိနေခဲ့ပြီးသားပါ။ နိုင်ဟာ မိုက်မဲစွာဘဲ ရှေ့ကို ခြေလှမ်းတွေ တိုးနေမိပြန်ပြီလား။

"ခင့်ကို ချစ်တယ်…"

အဲသည့် ချစ်ခြင်းတွေမှာ နိုင် နူးညံ့တော့ အညွှဲခံလိုက်ပြန်ပြီလား။ နိုင် ရင်ဆိုင်ရသမျှတွေကို ရဲရဲဖို့ရော အချစ်က အစစ ရင်ဆိုင်ပေးမှာတဲ့လား။

"ခင်လိုဘဲ မောင်ခေါ်မယ် ဟုတ်လား…"

"အင်း…"

"မောင်တို့ အမြန်ဆုံး လက်ထပ်နိုင်အောင် မောင် ကြိုးစားပါ့မယ်"

"အိမ်နဲ့လဲ သိပ်အတိုက်အခံ မလုပ်ပါနဲ့လား။ အားလုံး စိတ်ညစ်ကုန်ရင် မကောင်းပါဘူး…နိုင့်ကြောင့်…"

"ခင့်ကြောင့် မဟုတ်ပါဘူး…မောင်တို့က ဘယ်သူဖျက်ဖျက် မပျက်ပါဘူးလို့ အရင်ဘဝထဲက သစ္စာဆိုထားခဲ့တာ…"



"ဟင်…"

အမှန်ဆို ကိုသက်လေး ပြောပြတာက ပိုစုံလင်ပါတယ်။ သူ့ရဲ့ အိပ်မက်ရှည်တွေက နိုင့်ထက်တောင်ပိုပြီး တိကျပြည့်စုံသလိုပါဘဲ။ နိုင်ကတော့ သူနှင့် မိသားစုသုံးယောက် အတူနေခဲ့ရတာလေးတွေဘဲ အိပ်မက်မှာ သိခဲ့တာ။

"အိပ်မက်က စုံပါတယ်…နောက်ဆုံး မီးတွေလောင်တာမှာ အဆုံးသတ်တိုင်း မောင် အရမ်းမောတယ်…ခင်နဲ့ သမီးလေးကို လွှတ်စေချင်လို့ မောင် အမျိုးမျိုး ကြိုးစားခဲ့တာ…မောင်တို့သုံးယောက်လဲ သေဆုံးရပြီဆိုတဲ့ အသိနဲ့ ထိတ်လန့်စွာ အော်ဟစ်လန့်နိုးမြဲဆိုတော့…အဲဒါကြောင့် အိပ်မက်ဆိုးလို့ ဖေဖေနဲ့ မေမေက တွက်ဆခဲ့တယ်"

"နိုင် စာနာပါတယ်"

"နိုင်လည်း အဲလိုအိပ်မက်မှာ ဘယ်လောက် ပင်ပန်းခဲ့လဲ။

"ညောင်မှတ်ဆိတ်ပင်ကြီးမှာ နိုင်တို့နေကြတာ မှတ်မိလားဟင်"

"မှတ်မိတယ်…ဒါကြောင့်လဲ အဲသည့်အပင်ကြီးကို မောင် မရရအောင် ရှာခဲ့တာ…မောင်က တစ်ခု ပိုထူးဆန်းစွာ ခံစားရတာ။ မညီနဲ့ ကိုကိုမိုးတို့အိမ်ကို မှတ်မိနေတာ…အိမ်ဘေးက တံတားနဲ့ ဈေးကိုပါ မက်မက်နေတော့ ရှာရ ပိုလွယ်လာတယ်…"

"ထူးဆန်းတဲ့ အိပ်မက်တွေကို နိုင်တို့ အခု မမက်ကြပြန်ဘူး…"

"မောင်တို့ ပြန်ဆုံရလို့ မမက်တော့တာလို့ ထင်တာဘဲ…တစ်ခုဘဲရှိတယ်။ မောင်နဲ့ခင် ပြန်ဆုံရပြီ…သမီးကို ထားရစ်လို့ မဖြစ်ဘူးသော်"

"သမီးက အခုထိ ဂါဝန်အနီလေးနဲ့ ပြေးလွှားနေတုန်းတဲ့…"

နိုင် ငိုရပြန်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နိုင်ဟာ သူ့ရှေ့မှာ ခင့်ရဲ့ ခံစားမှုကို မဖျောက်ဖျက်နိုင်ပြန်ပါလား။ သူ့ကို ယုံကြည်အားကိုး ချစ်ခင်တွယ်တာစိတ်ဟာ ခုဘဝအထိ နိုင့်ရင်မှာ အမြစ်တွယ်နေဆဲ ထင်ပါရဲ့။

"တိတ်ပါကွာ…မောင်တို့ သမီးကို ပြန်ခေါ်လို့ရအောင် အလျှော်တစ်ခုခု ဖြစ်ဖြစ် လုပ်ကြည့်ရမှာပေါ့…ဒါကြောင့် အဲသည့်ခြံကို ပြန်ဝယ်ထားတာ…အိမ်ပြန်ဆောက်ရအောင်…"

"အဲသည့်ညောင်ကိုင်းမှာ…"

"မောင်တို့လို သရဲတွေမှ အများကြီးပေ…"

ကိုသက်လေးက အဲလိုပြောပြီး ရယ်နေတယ်။ သရဲဆိုတာလည်း သူဘဝ သူ ပျော်နေတာပါလားလို့လဲ ပြောသေး။ နိုင်ကတော့ ပျော်နေတယ်ဆိုဆို မကောင်းမွန်သော ဘဝပဲလို့ ခံစားရတယ်။

"အိမ်ဆောက်ဖို့ပြင်မယ်…အိမ်ပြီးရင် မောင်တို့ လက်ထပ်ကြမယ်။ အဲသည့် ရည်ရွယ်ချက်နဲ့ မောင် ငွေတွေစုထားခဲ့တာ။"

အိပ်မက်တွေကနေ နိုင်နှင့် သမီးလေးကို ပြန်တွေ့ရင် သုံးဖို့ဆို သူ့ငွေတွေ စုထားခဲ့တာတဲ့။ တစ်ဖက်ဘဝထိ ဆက်ချစ်ပြီး စောင့်ရှောက်ပေးဖို့ အနိုင် တစ်ခုကို သူကြိုတင်ပြင်ဆင်ခဲ့တယ်တဲ့လား။

* * *



"ဘာလို့လဲ မသိဘူး။ သူက နိုင့်ထက်ငယ်တယ်ဆိုတာ သိသိချည်းနဲ့ သူ့အပေါ် အားကိုးတွယ်တာ လေးစားစိတ်ဟာ အရင်အတိုင်းပဲ ရှိနေဆဲ ဖဲ…မဖြစ်နိုင်ဘူးဆိုတာ ဦးနှောက်အသိပါပဲ။ နိုင့်နှလုံးသားကတော့ ချစ်နေ ဆဲပါပဲ အနတ်ိ…"

မြင်တင်းက ကြည့်ရင်း မိုးတိမ်အနည်းငယ်ရှိသော ကောင်းကင်ကို ပိပြင်ပြင် တွေ့နေရပါတယ်။ လပြည့်ကျော် တစ်ရက်ရှိတော့ လမင်းရဲ့ အလင်းရောင်ကို ပိပိပြင်ပြင် မြင်နေရပါတယ်။ ဒါပေမယ့် လှပသော လ ရောင်ဟာ ကြာရှည်ခံနိုင်ပါ့မလား။ မိုးတိမ်အနည်းငယ်ဟာ လေနှင့်အတူ ရွေ့လျားနေလေရဲ့။

"အနတ်ိက နိုင့်ကို သဘောမတူတာက မြမြစိုးတို့နဲ့ ပြန်ပတ်သက်နေ မှာ စိုးရိမ်လို့ပါ…သူတို့က နိုင့်အပေါ် တလွဲထင်ပြီးတော့ အမုန်းတွေ ပွားနေတာ…အိမ်ထောင်ပြုပြီးရင် ခင်ပွန်းရဲ့ အမျိုးတွေနဲ့က ပတ်သက်ရ

www.burmeseclassic.com



တော့မှာလေ…ယောကျ်ားတစ်ယောက်ကိုဘဲ ချစ်ခင်ပေါင်းသင်းလို့ မရဘူး…"

"နိုင်လဲ အန့်တီ့အတွေးတွေလိုပါဘဲ…ကိုသက်လေးကို ကိုဇော်သက်အဖြစ် ချစ်ခင်နေစေဦး…အန့်တီမြမြမိုးတို့ သမီးတို့နဲ့ မတွေ့ချင် မဆုံချင်တော့ပါဘူး…ဒါပေမယ့်…"

"သူ့ဆွေမျိုးတွေ သူ့ ရင်းပါစေဆိုလဲ ရပါတယ်လေ…"

နိုင်သာ သတ္တိရှိရှိ ရင်ဆိုင်ရဲရင်ပေါ့…မဖြစ်သေးပါဘူး။ အိမ်ထောင်မှုဘုရားတည်ဆိုတာလည်း…ပြင်ဆင်ဖို့ မလွယ်ပါဘူး။ မေ့လိုက်လို့ရရင် မေ့လိုက်ပါ…

"နိုင်တို့မှာ သမီးရှိတယ်…သမီးက နိုင်တို့နှစ်ယောက်ကို ပြန်ဆုံစေချင်တယ်…"

"ဟဲ့…ခုချိန်…အဲဒီကလေးမလေးက ရှိပါဦးမလား…"

"ရှိနိုင်ပါတယ်…"

ညောင်မှတ်ဆိတ်ပင်ကြီး အနားရောက်ရင် နိုင့်စိတ်တွေမှာ သမီးရှိနေသလို ထင်တာပါဘဲ…။ နိုင်တို့ ဘယ်လိုဆုံးဖြတ်မလဲ။ ကိုသက်လေးနင့် နိုင့်ဆီကိုသာ သမီးလာချင်တယ်လို့ ပြောခဲ့ဖူးတယ်လေ။

"နိုင်…အိပ်ပြီလား…"

"မမနီ…မအိပ်သေးပါဘူး…လာလေ…"

"အမေက ကန်စွန်းဥပြုတ်လို့ အန့်တီနဲ့ နိုင့်ဖို့ ပေးလိုက်တယ်။ ဆီလေးဘာလေးနဲ့ တို့စားကြမယ်လေ"

"ကောင်းတာပေါ့…မမနီ…"

မမနီပါ အတူရောက်လာခဲ့ပြီ။



မိုးလေကြောင့် ခန်းဆီးစတွေ ဖျတ်ဖျတ်ခါနေကြပြီ။ ခထာနေရင် ရွာတော့မယ်လား…။ မိုးရွာရင် ညောင်မှတ်ဆိတ်ပင်ကြီးမှာ သမီးတစ်ယောက်တည်းလို့ တွေးမိရင် မောမှာ နာကျင်သွားသလိုပါ…။ မျက်ဝန်းတွေက ချက်ချင်း ပူလောင်လာသလို။ သံယောဇဉ်ကြီးဆိုတာ ဘဝတစ်ခုခြားပြီးတောင် သယ်ဆောင်ရောက်လာတာ ပြင်းထန်လွန်းပါလား…။

နိုင်တို့နှစ်ယောက် လက်ထပ်ပြီးမှ သူ့ ကျွတ်လွတ်သွားမှာလားဆိုတဲ့ အတွေးကြောင့် နိုင် ဘာကိုဆုံးဖြတ်ရမှန်း မသိအောင်ပါဘဲ…။

"နိုင်တို့ လွယ်လွယ်နဲ့တော့ ဆုံနိုင်မယ်လို့ အန့်တီမထင်ဘူး…နိုင်ဖြစ်နိုင်ရင် မဆုံကြတာ ပိုကောင်းမယ်…လက်ထပ်ပြီးလဲ စိတ်ရှုပ်စရာတွေထပ်ဖြစ်နေရင် ပိုစိတ်ညစ်ရမယ်…"

"ကိုဇော်သက်ကြောင့် နိုင်…ဘယ်တော့မှ စိတ်ညစ်ရမယ် မထင်ပါဘူး…"

"မထင်နဲ့နိုင်…ချစ်ရလေ စိတ်ညစ်ရလေပါဘဲ…"

"နိုင်တို့တွေ အတူသေခဲ့ပြီးပါပြီ…သည့်ထက်ပို စိတ်ညစ်စရာရှိမယ် မထင်တော့ပါဘူး…"

"ဆုံးဖြတ်ချက် နိုင်မာကြံနိုင်မယ်ဆိုရင်တော့ နိုင်ရှေ့ဆက်တိုးမှာလား"

"နိုင် ဘာကိုမှ တိတိကျကျ စိတ်ပိုင်းဖြတ်လို့ မရသေးပါဘူး။ ကိုဇော်သက်ကို ချစ်တယ်ဆိုတဲ့ ခံစားချက်တစ်ခုဘဲ တိကျသေချာပါတယ်…"

မိုးပေါက်ကျသံတွေ အတော်ပြင်းထန်လာပါပြီ။ မမနီကတောင် အဲ့ဒီမှာတစ်ယောက်တည်းပြန်မယ်ဆို တစ်ဖက်ခန်း ပြန်ကူးသွားပါပြီ။ အန့်တီကလည်း အိပ်တော့မယ်တဲ့။ တစ်ယောက်တည်း ကျန်နေခဲ့တာ ပိုမှန်းစရာ ကောင်းသလိုပါ။ အတွေးတွေ များလွန်းတာကိုး…။

www.burmeseclassic.com

www.burmeseclassic.com



မေမေ…ဖေဖေနှင့်ဘဲ နေပါနော်…။

သမီးတို့ သုံးယောက်အတူ နေကြမယ်ဆိုတဲ့ ကလေး။

အခုတော့ မိုးထဲလေထဲမှာ တစ်ယောက်တည်းလား။

နိုင်တို့နှစ်ယောက် လက်ထပ်ဖို့ကို စောင့်နေရတာများလား မသိ။ နိုင် ဘာတွေ လုပ်ရမလဲ။ ရှေ့ ဘယ်လိုဆက်ရမယ်တောင် မတွေးတတ်တော့ပါဘူး။

"ဟဲ့…နိုင် အိပ်တော့လေ။ မီးဖွင့်ထားတော့ အန်တီမအိပ်နိုင်ဘူး"

ဒါကြောင့် မီးတွေမှိတ်ပြီး အိပ်ရာပေါ် ငြိမ်ငြိမ်လေး အိပ်နေလိုက်မိပြီး လေတွေက ပိုပြင်းလာသလိုဘဲ…ပြီးတော့ မိုးစက်ကျသံ ပြင်းထန်လိုက်တာ။

တအီအီ ရှိုက်နေသံကို ကြားရတယ်။

ငိုရှိုက်သံလေးက တိုးတိုးသဲ့သဲ့လေး…

တစစပိုပြီး ကျယ်လာသလိုပါဘဲလေ။ နိုင် ဟိုသည်လိုက်ရှာမိပါပြီ။

ဟင်…မိုးတွေရွာလို့…မိုးတွေက ရွာနေတယ်။ ဂါဝန်အနီလေးက စိုကပ်ပြီး ကြွက်စုတ်ကလေးတစ်ယောက်လို ဖြစ်နေလိုက်တာ။

"သမီးလေး…"

"မေမေ…မေမေ…"

"သမီးလေး…"

တွေးမွေ့ဖို့ လက်တွေကို ရင်ပွင့်ကမ်းခဲ့တယ်။ သမီးလေးကတော့ ရင်ခွင်ထဲ ပြေးဝင်လာပြီ။ ဒါပေမယ့် သည်မှုန်းကပ်နေတဲ့ သမီးနဲ့ နိုင့်ကြားမှာ မမြင်နိုင်တဲ့ အင်အားတစ်ခုက ခံနေသလိုပါဘဲ။

နိုင့်ဆီ ပြေးဝင်လာနေကဲ့…သမီးလေးဟာ နီးသွားရမယ့်အစား ဝေးဝေးသွားသလိုပါလား…။



"မေမေ…မေမေ…"

"သမီးလေး…လာလေ…လာ…"

ဘယ်လိုခေါ်ခေါ် နိုင့်ရင်ခွင်ထဲ မရောက်ပါလား…။ တဖြည်းဖြည်း ပိုလို့ ဝေးကွာသွားကြသလိုပါပဲလေ။ နိုင့်ရင်ထဲ နာကျင်ရခြင်းကို နိုင်ဘဲ သိပါတယ်။ နိုင်က တွေးမွေ့ပေးချင်ပါလျက်…ဘာလို့ မနီးစပ်နိုင်ပါလိမ့်။

"မေမေ…လာခေါ်ပါ လာခေါ်ပါ…ဖေဖေ လာခေါ်ပါ…ဖေဖေနဲ့ မေမေ လာခေါ်ပါ…"

"လာမယ် လာခေါ်မယ် သမီး…သမီး…ဟင်…"

အသိစိတ်မှာတော့ သွပ်ခေါင်မိုးပေါ် မိုးပေါက်ကျသံ ပြင်းပြင်းတွေမှလွဲပြီး ဘာမှမရှိတော့ပါလား။ စိတ်စွဲလန်းလွန်းလို့လား။ တကယ်ဘဲ သမီးက နိုင်တို့ အလာကို စောင့်နေတာများလား။

* * *

www.burmeseclassic.com



နိုင့်ဆီကို အန်တီမြမြဝိုး ရောက်လာတဲ့နေ့ကတော့ စိတ်ပျက်စရာအကောင်းဆုံးလိုပါဘဲ။ အန်တီမြမြဝိုးနှင့်အတူ ကိုသက်လေးရဲ့ အမေပါ ပါလာပါတယ်။ ကိုသက်လေးကို သည်ဘဝအတွက်ပါ ဆက်လက်ချစ်နေခဲ့ဆိုရင်တော့ သည်ခွေမျိုးတွေနှင့်က ဝေးကွာသွားဖို့ မလွယ်နိုင်ပါဘူး။ ခွေမျိုးအရင်း ကြီးတွေဆိုတာက မခေါ်လို့သာ ရချင်ရမယ် မတော်လို့က မရတော့ ပတ်သက် နေရဦးမှာပါ။

"နိုင်···လူဆိုတာက ကိုယ့်အကြောင်းကိုယ်သိတာ အကောင်းဆုံးပါဘဲ··နိုင်က ကံကောင်းတဲ့လူ မဟုတ်ဘူးလေ··အထူးသဖြင့် အိမ်ထောင်ရေးကံမကောင်းဘူးဆိုတာ နိုင့်ကိုယ်နိုင် သိသင့်တယ်···မောင်ကျော်စွာဆိုလဲ အသက်ဆုံး၊ မောင်ဇံဆိုလဲ ဒုက္ခိတဖြစ်···အခု···"

"ဟုတ်တယ်···မင်းကိုသားနဲ့ ဘယ်လိုမှ သဘောမတူနိုင်ပါဘူးကွယ်။ ဒါကြောင့် မင်းထက် အသက်အများကြီးငယ်တာ ကိုယ့်မောင်လေးလို သဘောထားပြီး သားရဲ့လွဲမှားတဲ့ အတွေးတွေကို ဖြောင့်မတ်ပေးစေချင်တယ်···



ကိုသက်လေးအမေက လေသံပျော့မလိုနှင့် သဘောမတူကြောင်းကတော့ ပါတာပါဘဲ။ ဖြစ်နိုင်ရင် အဲသည့်ခွေမျိုးတွေနဲ့ မပတ်သက်ချင်ပါဘူး။ ဝေးလေကောင်းလေလို့တောင် ထင်မိပါလျက်···။

"နိုင့်ကြောင့် ကံမကောင်းဘူး ဟုတ်လား···"

"အင်းအေ···မင်းကိုယ်မင်း သိသင့်ပါတယ်···မင်းကြောင့်···"

"နိုင့်ကြောင့်···"

နိုင့်ကြောင့် ကိုကျော်စွာတို့ ကိုဇံတို့ ဒုက္ခရောက်ကြရသတဲ့။ နိုင့်ကိုယ်နိုင်တောင်မှ သည်သို့ ခံစားခဲ့တာပါ။ ဒါနှင့်ဘဲ နိုင်က ကံမကောင်းတော့ဘူးတဲ့လား···။

ကိုဇော်သက်နှင့်ခင့်တို့ဘဝမှာ အချစ်ကြီး ချစ်ခဲ့ပြီး သေအတူ ရှင်မကွာနေခဲ့ကြပြီးတဲ့နောက်···အခုလို ပြန်ခုံဖို့က လွယ်မှာတဲ့လား···။ နိုင်အချစ်ကို တွေ့ရပြီးမှ စွန့်လွှတ်ရတော့မှာတဲ့လား···။

ကိုဇော်သက်ကို ချစ်တဲ့ အချစ်ကို အိပ်မက်နှင့် တွေ့ပြီးတည်းကအဲသည့် အချစ်မှလွဲပြီး ဘယ်အရာကိုမှ မလိုချင်တော့ဘူးလေ။

"မင်းကို ပြောမရရင်တော့ ကိုသက်လေးကို အိမ်ထောင်ချပေးရလိမ့်မယ်···"

ရင်ထဲ ထိတ်သွားသလိုပါဘဲ···။

တကယ်ဘဲ အဲလိုမျိုးလည်း ဝေးသွားနိုင်တာမျိုးတွေ ရှိပါလား။

တကယ်ပါဘဲလေ···။

အရင်ဘဝက သက်ွကွဲပြီးကြပြီ။

အခုဘဝရော···ရင်ကွဲ ကွဲကြရဦးမလား···။ နိုင် ဝန်ခံပါတယ်။ ကိုဇော်သက်ကို ချစ်တဲ့အချစ်က ရင်ထဲကို ပါလာခဲ့ပြီးသားပါ···။ နိုင်တို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ခွဲခွာနိုင်မလဲ...။

"ရှေ့တော့ မဆက်ပါနဲ့ နိုင်...နောက်မှ အနှတ်တို့အဆိုး မဆိုနဲ့..."

သည်သို့ပြောပြီး ပြန်သွားကြတယ်။ လူကြီးတွေက သည်လောက် ပြောကြရင် သန္တာသာ လာပြောမယ်ဆို...။ အတော်ကြီး စိတ်ပျက်ရဦးတော့ မှာလား။ နိုင့်အတွက် အချစ်က အဲလောက်တောင် ခက်ခဲတာလား...။

စိတ်က ခုတလော ရှုပ်ထွေးနေတာများနေပြီလေ။

အိမ်အပြန်မှာ အဖွားဒေါ်နှင်းမွှေးဆီ ဝင်ခဲ့တယ်။

အဖွားကတော့ နိုင့်အတွက် ရင်ဖွင့်ဖော်ပဲ မဟုတ်လား..."

"နိုင်တို့ တကယ်ချစ်ခဲ့ကြတာပါ...အဖွားရယ်..."

"သိပါတယ်...အဖွားတို့ သိခဲ့တာ ခင်ခင်တို့ မိသားစုလေးလောက် ချစ်ခင်ပျော်ရွှင်အေးချမ်းတဲ့ မိသားစု မရှိပါဘူး...သူတို့တွေ ဆုံးပါးသွားတော့ အဖွား အရမ်းငိုခဲ့ရတယ်...ဒါပေမယ့်...ဘာတွေများ ဆုတောင်းခဲ့ပါလိမ့် ခင်ခင်တို့ နှစ်ယောက်ဟာ သည်ဖက်ဘဝထိ ဆက်ချစ်ခင်နေကြတာပါလား..."

"ဘယ်လိုချစ်ပါစေ...ဆုံစည်းဖို့က ဖြစ်ချင်မှ ဖြစ်လာမှာပါ အဖွားရယ်..."

"ဘယ့်နှယ် မဖြစ်နိုင်ရမှာလဲ ... ခုလို ပြန်ဆုံတယ်ဆိုထဲက ရောက်ရှိနေပါပြီ...အခက်အခဲတွေတော့ ရှိမှာပေါ့...အဖွား သိပါတယ်...အရင်ဘဝတုန်းက မောင်ဇော်သက်တို့က သိပ်အဆင်မပြေဘူး...ခင်ခင်တို့က အရမ်းအဆင်ပြေတာ..."

"ဟုတ်လား..."

အဖွားက ပြောပါတယ်။ ထူးဆန်းအံ့သြဖွယ်ရာပါဘဲ။ အရင်ဘဝက



ခင်ခင်ဆိုတဲ့ ကောင်မလေးက ချမ်းသာသတဲ့...။ ကိုဇော်သက်ဆိုတဲ့ ကောင်လေးက မပြေလည်လှဘူး ဆိုပါတယ်။ ချမ်းသာတဲ့ ခင်ခင့် အသိုင်းအဝန်းက ကိုဇော်သက်နှင့် သဘောမကျလို့ ဝိုင်းဖျက်ခဲ့ကြသတဲ့လား။

"အဲသည့် ဘဝတုန်းက ခင်ခင့်ဆွေမျိုးတွေကြောင့် မောင်ဇော်သက် စိတ်မကောင်းဖြစ်ခဲ့ရတယ်..."

အဲသည့်အချိန်က ခံစားချက်တွေ...အခုတော့ ပြောင်းပြန် ဖြစ်နေပါရော...ကိုသက်လေး ဆွေမျိုးတွေနှင့် နိုင် ဘယ်လိုများ...တွေ့ရ ဆုံရ စိတ်မောရဦးမယ် မသိ...။

"ဘယ်သူတွေ သဘောမတူစေကာမူ သူတို့ လက်ထပ်ခဲ့ကြတယ်...ပျော်ရွှင်တဲ့ မိသားစုအစုလေးမှာတော့ မောင်ဇော်သက်က တာဝန်ကျေပြွန်တဲ့ အိမ်ထောင်ဦးစီးကောင်း တစ်ယောက်ပါ..."

အဖွားပြောတာ မှန်တယ်ဆိုတာ နိုင်လည်း ယုံကြည်တာပါဘဲ။ အိမ်ထောင်များစွာမှာ နိုင်တို့ မိသားစုသုံးယောက် ပျော်ရွှင်ခဲ့ကြတယ်လေ။

"အဖွား...နိုင်...အတိတ်ဘဝကို ပြန်သတိရတဲ့အခါ...ပျော်စရာတွေ စိတ်ညစ်စရာတွေကို ပြန်တွေ့ရသလိုမို့...တစ်ခါတလေ ခုလို သိရတာ မကောင်းသလို ကောင်းသလိုနဲ့..."

ဒါကြောင့်မို့ နိုင့် အိပ်မက်တွေမှာ မတွေ့ရတဲ့ ခင်ခင့် ငယ်ဘဝတွေကို ဆွေမျိုးတွေကို သိပ်ချစ်မိလို့ အဖွားပဲလားလို့ မေးကြည့်မိတဲ့ အခါမှာတော့...။

"အဖွားတို့ ခင်ခင့်ကို မြင်ဖူးတဲ့အချိန်မှာ...သူတို့ သမီးလေးတောင် နှစ်နှစ်လောက်ရှိနေပြီ...ဆွေမျိုးတွေမလာလို့ မေးကြည့်တော့မှ သူတို့ နှစ်ယောက် အိမ်ထောင်ပြုလိုက်လို့ ဖြစ်သွားတာတဲ့...အဖွားလဲ မမြင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး···ခင်ခင်ဆုံးတော့မှ အစ်မကြီးဆိုတာလာတယ်···မိဘတွေက ခင်ခင့်စိတ်နဲ့ ဆုံးကြသတဲ့···"

"မိဘတွေက ခင်ခင့်စိတ်နဲ့ ဆုံးသွားတယ်···"

သူတို့ဘယ်လောက်တောင် စိတ်ထိခိုက် ကြေကွဲကြလို့ပါလိမ့်။ အိပ်မက် တစ်ခုတလေတောင်မှ သူတို့ မပါခဲ့ပါလား။ ခင်ခင်ဆိုတဲ့ မိန်းကလေးက ဘာတွေကို ဘယ်လိုများ စွဲလန်းခဲ့တာပါလိမ့်။ တချို့သော လူဝင်စားတွေက မိဘဆွေမျိုးနေခဲ့တဲ့ အိမ်အားလုံး မှတ်မိတယ်ဆို···။ ခင်ခင်ကတော့ ဆွေမျိုးအားလုံးကိုများ နာကျည်းမေ့ပျောက် ထားခဲ့တာများလား။

ကိုသက်လေးက နိုင့်ထက်ပိုပြီး အိပ်မက်တွေကို မက်စေသတဲ့··· နိုင်···နိုင်တို့ ဘယ်လိုလက်ထပ်ခဲ့ရပါလိမ့်···။

ကိုသက်လေးဆိုမှ သည်ရက်ပိုင်းတွေမှာ···သူ့အိမ်နှင့်သူ့ ဘာတွေဖြစ်နေမလဲ။ နိုင့်ဆီကို ရောက်မလာတာလဲ···နှစ်ရက် သုံးရက် ရှိပြေ···။ ကိုသက်လေး အမေကတော့ နိုင်နှင့် သဘောမတူလို့ အခြားမိန်းကလေးနှင့် လက်ထပ်ပေးမယ်တဲ့။

"နိုင်တို့က သည်ဘဝမှာတော့ ဆုံစည်းဖို့ မလွယ်နိုင်တော့ပါဘူး···"

"သည်လိုလဲ မဟုတ်ပါဘူး···စိတ်ကို အေးအေးထား ဆုံးဖြတ်ပေါ့။ အဖွားသဘောကတော့ မိဘတွေကို နားလည်အောင် ရှင်းပြပါ···"

နားလည်အောင်တဲ့လား···။ သက်ထားနိုင်ကို ကိုကျော်စွာဆွေမျိုး တွေက ဘယ်လို နားလည်ပေးမှာတဲ့လဲ။ နိုင်တို့ နီးနိုင်ပါ့မလား ဝေးသွားကြမယ် ထင်ပါရဲ့···။

* * *



"မောင်···အရမ်းလွမ်းနေတာ···"

ကိုသက်လေးကို တွေ့ရတဲ့အခါမှာတော့ ထွက်ခွာသွားရင် ဖြစ်မှာပါလို့ ...င်တဲ့ နို့ဝို့ခြေလှမ်းတွေက တစ်လှမ်းမလှမ်းနိုင်လောက်အောင် ကြိုး ...တစ်ချောင်းက မြဲမြဲတုတ်နှောင်ထားသလိုပါဘဲလား။ အရင်ဘဝကို ထားရစ်ခဲ့ ...ပါလို့ မပြောနိုင်···။

"ကိုသက်လေးရဲ့ အိပ်မက်မှာရော နိုင့်အရင်က အဖေ အမေကို မြင် ...းလား···"

"ဟင့်အင်း···"

"အဖွားပြောတယ် အရင်က ခင်ခင့်မိဘတွေက ကိုဇော်သက်နဲ့ သူ့ဝ ...သမီးကို သဘောမတူကြဘူးတဲ့···"

"ဟုတ်လား···အခု မောင်တို့က ပြောင်းပြန်ဖြစ်နေတာပါလား·· မောင့်ဘက်က သဘောမတူကြတာ···ဘယ်ဘက်ကဘဲ သဘောမတူကြ...

www.burmeseclassic.com

www.burmeseclassic.com



စေ… မောင်တို့နှစ်ယောက် ဖူးစာက ခုလိုဆုံကြဖို့ ဖြစ်လာတာ… ဘဝတွေ ဆက်တွေ့ဆုံဖို့ လွယ်တာ မဟုတ်ပါဘူး။ သည်ရေစက်ကို မောင်တို့ တန်ဖိုး ထားရလိမ့်မယ်…"

"ခင်ခင့်မိဘတွေက သဘောမတူကြဘဲ ဆွေခန်းမျိုးခန်း ဖြတ်လိုက်တော့ မောင် ဘယ်လိုခံစားရလဲဟင်…"

"အဲ့လောက်ထိ မောင် ဘယ်မှတ်မိပါ့မလဲ… မောင်မှတ်မိတာ ခင်နဲ့ သမီးနဲ့ ပျော်ရွှင်စွာ နေခဲ့ကြတယ်၊ သေဆုံးတော့ ထိခိုက်ကြေကွဲတယ်။ မကျွတ်တဲ့ဘဝမှာလဲ သုံးယောက်အတူ ပျော်တယ်… အခုလည်း သမီးကို ပြန်ခေါ်ရမယ့် တာဝန်ရှိနေသလို ခံစားရတယ်…"

"နိုင်တို့… ဆုံနိုင်ပါ့မလား…"

ဘာလုပ်ရမည်ပင် မသိတော့။ မောင့်ကိုတော့ ချစ်နေဆဲပါ။ ငယ်ရွယ်တဲ့ ကောင်လေးတစ်ယောက်လို့ကို မမြင်ဘဲ ကိုဇော်သက်ကို ချစ်ခင်အားကိုး နေစဉ်ကအတိုင်း ခံစားရတာပါ။ ဒါပေမယ့်… ရင်မဆိုင်ချင်တော့တဲ့ ကိုကျော်စွာဆွေမျိုးတွေ…။ အချစ်စစ်ဆိုတာ ခက်ခဲသတဲ့။ ဒါကိုဘဲ ခေါ်တာလေလား။ အန်တီ့ကို နှုတ်ဆွေးတို့ဆီ ပို့လိုက်ပြီး နိုင်တစ်နေရာကို ပြေးထွက်သွားရမလား။ နိုင် ဘာလုပ်ရမလဲ…။

"ကိုသက်လေးကို ချစ်ရတာထက် ကိုဇော်သက်ကို ချစ်ရတဲ့ ခံစားမှုက ပိုသလိုပါဘဲ…"

"မောင်က ကိုဇော်သက်ပဲဟာ… အတူတူပါဘဲ…"

နိုင်ရှေ့ကို ဘယ်လိုဆက်ရမလဲ…။ နိုင်လေ သန္တာတို့ရဲ့ ကြမ်းတမ်းစွာ ဆက်ဆံလာမှာတွေကို ကြောက်တယ်…။



"ခုလိုမှန်းသိရင်… နိုင်လေ ကိုကျော်စွာကိုလဲ ဟိုးအရင်ကလို ငြင်းခဲ့တယ်… ကိုကျော်စွာလဲ ခုလိုအဖြစ်မျိုးနဲ့ တိုးချင်မှ တိုးလိမ့်မယ်… ကိုကျော်စွာတို့ ကိုငံတို့ကို သမီးလေးက လိုက်ပြောချင်ပုံရတယ်… သူ့အမေနဲ့ မဆုံဆည်းချင်ဘူး ထင်တယ်…"

"သူတို့ရဲ့ အကြောင်းတွေနဲ့ ဖြစ်ကြရတာပါ ခင်ရယ်… ဖြစ်ခဲ့သမျှတွေ အပေါ် ပြန်မခံစားပါနဲ့တော့… မောင်တို့ ပြန်ဆုံကြပြီ။ ဘယ်သူဖျက်ဖျက် မပျက်စေြး… မောင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်လား… ဒါမှ သမီးကိုပါ ပြန်ခေါ်မယ်၊ အတူပြန်နေကြမယ်လေ…"

ကိုသက်လေးကတော့ တက်ကြွရွှင်လန်းစွာကို သေချာပြောနေတာ။ နိုင်ကဖြင့် သူ့လောက် မပျော်လင့်နိုင်ပါဘူး။ အတွေးသဖြင့် နိုင်ရင်ဆိုင်ရမယ့် ကိုသက်လေးရဲ့ ဆွေမျိုးတွေ။

"ခင် မျက်နှာမကောင်းပါလား… ဘာလို့လဲ… ဖေဖေ မေမေတို့ကြောင့်လား… ဖေဖေက ခုတလော သိပ်မပြောပါဘူး…။ မောင့်ခံစားမှုကို နားလည်တဲ့ ပုံပါဘဲ… ဟိုတစ်နေ့ကဆို မေမေ့ကိုတောင် ဖေဖေက ပြောနေတယ်…။ လေးလေးကျော်စွာနဲ့လဲ လက်ထပ်ဖြစ်တာမှ မဟုတ်ဘဲ… သားသည်လောက်ချစ်နေတာ ပေးစားလိုက်ပါတဲ့…"

"ဟုတ်လား…"

"မေမေကတော့ ပြောမရသေးဘူး… ဒါပေမဲ့လေ… ဖွားစိုးတို့ကလည်း ခင်မကောင်းကြောင်း ကောင်းကောင်းပြောထားတော့ မေမေလန့်မှာပေါ့။ ခင်က အိမ်ထောင်ရေး မကောင်းဘူး။ ခင်နဲ့ လက်ထပ်မယ်ဆို မကောင်းတာတွေ ဖြစ်မယ်ဆို အပိုတွေ ပြောထားတာ…"

www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ မဟုတ်ပါဘဲ…တကယ်ဘဲ နိုင်က ကံမကောင်းတဲ့လူ… ကိုသက်လေးပါ တစ်ခုခုဖြစ်မယ်ဆို…ဟုတ်တယ်…ဟုတ်တယ်… ကိုသက်လေးကိုတော့ နိုင် ဘာမှ မဖြစ်စေချင်ပါဘူး…နိုင်တို့ လမ်းခွဲကြပါစို့…"

"ပြောမိတာတောင် မှားပါတယ်…အရင်က ဘာဖြစ်ခဲ့ ဖြစ်ခဲ့… မောင်က ကိုဇော်သက်လို့တော့ နိုင်ယုံတယ်လေ…နိုင်ကလည်း ခင်ခင်ပါ။ ဘာလဲ မောင့်ကို လမ်းခွဲချင်တယ်ဆိုတော့ မချစ်တော့ဘူးလား…"

"မဟုတ်ပါဘူးကွယ်…မောင့်ကို အရင်လို ချစ်နေဆဲပါ…"

နိုင်တို့ အရင်ဘဝကနေ…ဘယ်သို့ခုလို လူ့ဘဝဆီ ပြန်ရောက်လာခဲ့တယ်ဆိုတာတော့ မမှတ်မိပြန်ပါဘူး။ နိုင့်စိတ်ထဲမှာတော့ သည်နေရာနဲ့ အနီးဆုံးမှာ နေမယ်။ ဒါမှ သမီးနင့်လည်း ပြန်ဆုံဖို့ ဖြစ်မယ်လို့ ထင်တာ။

စိတ်တွေက အမျိုးမျိုးပါဘဲ။

မောင်နှင့်လည်း ပြန်နေချင်တယ်။ သမီးကိုပါ အတူရှိပြီး သုံးယောက်အတူ ဟိုးအရင်ကလို သေအတူရှင်မကွာလေ။ ဖြစ်နိုင်ပါတော့မလား…။

* * *

ခန့်ချိန်ထိ ကြေကွဲထိခိုက်ဆဲ…

ရင်ထဲလည်း မကောင်းဘူး…။

သန္တာကို မြင်လိုက်ရတည်းက သိပါတယ်။ ဒါပေမယ့်…ရင်ဆိုင်ရမှာပဲ မဟုတ်လား…။ နိုင်က ကိုသက်လေးကို မစွန့်လွှတ်နိုင်ရင် သူတို့နှင့် ပြန်ရင်ဆိုင်ရဦးတော့မှာပါ…။ ကိုသက်လေးကို ကိုကျော်စွာတောင်မှ ချစ်လွန်းလို့ တမွှမွှ ပြောနေခဲ့သေးတာ။ သန္တာတို့ကရော မချစ်ဘဲ နေမှာတဲ့လား။ ကိုကျော်စွာ ပြောပြလို့ သူတို့မောင်နှမတွေ သိပ်ချစ်ခင်ကြတာ သိနေခဲ့တာပဲဟာ။

"နိုင်…"

"မမနီ…ဒါတွေကို နိုင် ကြိုမြင်ပါတယ်…"

တစ်နေ့နေ့ သန္တာရဲ့ ကြမ်းတမ်းတဲ့…စကားလုံးတွေကို ကြားရမှာလို့ သိပြီးသားပါ…ဒါပေမယ့် မမနီရယ်…နိုင် ရက်နေမိပါတယ်…နိုင်က ကိုသက်လေးကို ဘယ်လိုမှ မစွဲခေါင်နိုင်ခဲ့ပါဘူး…နိုင့်ဖာသာ နေခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ပါ…နိုင်တို့ ပြန်ဆုံကြရတာကလဲ အိပ်မက်တွေအရသိရင်း အမှတ်မထင်ဆုံတာပါ…။

"သည်လောက်ထိတော့ မပြောသင့်ပါဘူး…"

"ပြောမှာပေါ့ မမနီ…ပြောမှာပေါ့…နိုင့်ကြောင့် ကိုကျော်စွာ ဆုံးရတာပါလို့ ခံစားပြီးထဲက သူတို့ဆီမှာ နိုင့်ကိုမုန်းတဲ့ အမုန်းတွေဘဲ ရှိတာပါ…နိုင်တောင်မှ တစ်ခါတစ်ခါ ကိုကျော်စွာတို့ ကိုဇံတို့ဟာ နိုင်နဲ့များ ဆုံစည်းရလို့ ကံဆိုးကုန်ကြသလားတောင် ထင်မိတယ်…။ သူတို့က သိပ်ချစ်ပြီး သိပ်လိမ္မာတဲ့ အစ်ကိုကို ဆုံးရှုံးရတာ။ နိုင် ခွင့်လွှတ်ပါတယ်။ နိုင်လေ ကိုသက်လေးကို မြင်ရင်ကို ငယ်တဲ့အရွယ်လို့ မခံစားရဘဲ ကိုဇော်သက်ကို တွေ့သလို ခံစားရလေတော့…။

"မမနီ နိုင့်ကို နားလည်ပေးလို့ရပါတယ်…တကယ့်ကို စာနာပါတယ်။ မမနီလဲ ခပ်ငယ်ငယ်က ခုလိုဘဲ ခံစားရဖူးတယ်။ ချစ်သူကို သဘောမတူတော့ ကြေကွဲလိုက်ရတာ။ သူ့အစ်မ ညီမတွေက ခုထက်ဆိုးတယ်။ မမနီကို မတွေ့နဲ့ တွေ့တာနဲ့…တစ်ခါတလေ အိမ်ရှေ့မှာ လာကြိမ်းတာလဲရှိတာပေါ့…နောက်တော့ ရင်အကွဲခံ စွန့်လွှတ်လိုက်တယ်…ရင်ထဲကြေကွဲနေပေမယ့် အပြင်ကတော့ အခြေအနေ ချက်ချင်းအေးသွားတယ်…"

ဟုတ်မှာပါ။

နိုင်လည်း…ခုနေ ကိုသက်လေးနဲ့ အပြီးတိုင် ခွဲခွာပေးလိုက်မယ်ဆိုရင်ထဲ ဘယ်မျှ ကြေကွဲနေပါစေ…မမနီပြောသလို အပြင်မှာတော့ အေးချမ်းငြိမ်သက်သွားမယ် ထင်ပါရဲ့လေ…။

"ကိုသက်လေးနဲ့ လမ်းခွဲလိုက်ချင်ပါတယ်…အဲသည်လို စဉ်းစားသမျှ သူ့ကိုမြင်ရင် လမ်းမခွဲနိုင်ပြန်ဘူး…တစ်ဘဝအချစ် မဟုတ်ပါဘူး မမနီ



နိုင် ခံစားလို့ ရသမျှတော့ အရင်ဘဝကလည်း တအားချစ်တယ်။ အခုဘဝလဲ အဲသည့်အချစ်ကို ခံစားနေရဆဲ နိုင် ရင်ကွဲရမှာ…"

နိုင့်မှာ ထွက်သွားစရာ နေရာမရှိသလို သမီးကို ထားပစ်ခဲ့ရမှာလားလို့ တွေးရင် မသွားနိုင်တော့ပြန်ပါဘူး…။ ကိုသက်လေးက နိုင်ငံခြားထွက်သွားမယ်ဆိုတာတောင် သမီးကျွန်ခဲ့မလားဆို မသွားနိုင်…။

"မမနီ…လူတွေက အခုတစ်ဘဝလေးဘဲ သိတာတောင် ချစ်ရမုန်းရပျော်ရ စိတ်ညစ်ရနဲ့ ဖြစ်နေကြတာ…နှစ်ဘဝလဲ မှတ်မိရော…နှစ်ဘဝစာ ရှုပ်ကုန်ရော…တော်သေးတာ နိုင်ကလဲ ခုဘဝ လက်ထပ်ပြီးပြီ နောက်ဘဝက ချစ်သူနဲ့ တွေ့တာမျိုး မဟုတ်လို့…"

နိုင်ဖြင့် ရှေ့ကို ဘယ်လိုဆက်ရမည် မသိတော့သလိုပါလား။ ခုလို အခြေအနေနှင့် ဘယ်လိုမျိုး လက်ထပ်ရမလဲ။ ကိုသက်လေးပြောသလို သိပ်မကြာခင် သူ့အမေ သဘောတူတာတောင် ပြောပြီးတာနှင့် လက်ထပ်မယ်တဲ့လား။

"နိုင် ပီပီပြင်ပြင် ဆုံးဖြတ်ပေါ့။ လက်ထပ်မယ်ဆိုလည်း ဘယ်သူ သဘောတူတူ မတူတူ လက်ထပ်လိုက်…လမ်းခွဲမယ်ဆိုရင် သိပ်မခံစားရလွန်းခင် လမ်းခွဲ…"

"ဟုတ်တယ် မမနီ…ဒါပေမယ့်…လမ်းမခွဲနိုင်…လက်ထပ်ဖို့ကလဲ ကြောက်…"

တကယ်ဆို နိုင်က အဲလိုမျိုး။ မဝံ့မရဲ သတ္တိနည်းတဲ့လူ ထင်ပါရဲ့။ မခွဲခွာချင်ဘူး မောင်…။ ဘယ်လို အခက်အခဲရှိရှိ လက်ထပ်လိုက်ချင်ပါတယ်။

"လက်ထပ်ရဲ လက်ထပ်ကြည့်…ကိုသက်လေး တစ်ခုခုဖြစ်လို့ကတော့ ရှင်နဲ့အတူ သူသေကိုယ်သေဘဲ…သည်တစ်ခါတော့ ခွင့်လွှတ်လိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com



ခထင်နဲ့…မယုံရင် ရှာကြည့်လိုက်…တစ်ခါဘဲရမယ် သက်ထားနိုင်…"

ဘာကိုမှ ပြောမရတဲ့ မနက်ဖြန်တွေ…။

သည်လိုနှင့် သမီးလေးကလည်း တစ်ယောက်ထဲ နိုယ်ရိုင်း ညောင်ကိုင်းလေးမှာ နေနေရဆဲများလား။ သမီးလေးအကြောင်း တွေးရင်ကို ငိုချင်လာသလိုပါဘဲ။ သုံးယောက်အတူ ရှိနေခဲ့ရာက အခုဆို သူတစ်ယောက်တည်း။ ကိုသက်နှင့် ဆုံဖို့ဆိုတာကလည်း ဝေးပါပြီလေ…။

* * *



စိတ်ထဲမှာ မပြတ်မသားနှင့်။

မောင့်ကို ခွဲခွာမည်ကြံလိုက်…အမြန်ဆုံး အတူနေမည်ဆုံးဖြတ်လိုက်နိုင် မပြတ်သားနိုင်ပါလား။ ခွဲခွာမှုပါလို့…စဉ်းစားပြန်တဲ့အခါ သမီးတစ်ယောက်တည်း ကျန်နေခဲ့ပြီဆိုတဲ့ အတွေးစကြောင့် မဆုံးဖြတ်နိုင်ပြန်။ သနွာတို့ရဲ့ ကြမ်းရိုင်းသော အပြုအမူကိုလည်း မတွေ့ချင်တော့ပါဘူး…။

"အန်တီ့ကို ဘာလို့ နတ္တေးတို့ဆီ ခထသွားနိုင်းတာလဲ နိုင်…။ အန်တီက မသွားခင်နေ့မှာ ငိုတယ်…။ မမနီ စိတ်တောင်မကောင်းဘူး နိုင်…"

"အန်တီရှိနေတော့ နိုင် တစ်ခုခုကို ဆုံးဖြတ်ရတာ ခက်ခဲလို့ပါ…။ နတ္တေးတို့က သိပ်သဘောကောင်းပါတယ်…။ နိုင်ကလည်း အန်တီ့အတွက် စားစရိတ် ပို့ပေးမှာပါ…"

"အန်တီက နိုင်နဲ့နေချင်ပုံပါပဲ…"

www.burmeseclassic.com

www.burmeseclassic.com



"မေမေရှိတုန်းကတော့ မပူမပင် အတူနေခဲ့ကြတာကိုး…။ အခု နိုင်တစ်ခုကို အမြန်ဆုံး ဆုံးဖြတ်ရတော့မှာ မမနီ…အန်တီ့ကို ငဲ့ကွက်နေလို့ မရဘူးလေ…။ မောင့်ကို ခွဲခွာချင်လို့ တစ်နေရာရာပြန်ရင် အန်တီ့ကို ဘယ်မှာထားခဲ့မလဲ…။ ဒါမှမဟုတ် ဖွတ်လက်ထပ်ပြန်ရင်ကော…"

အန်တီက နွေးတို့နှင့် ချစ်ကြတယ်ဆိုပေမယ့် တစ်သက်လုံး အတူနေလာတာ မဟုတ်လေတော့ မနေချင်ရှာဘူးပေါ့လေ။ အန်တီ့အပေါ် ရက်စက်သလိုဖြစ်တယ်ဆိုတာ သိပါတယ်။ နိုင့်ရဲ့ မပြတ်မသား စိတ်တွေက ခုချိန်ထိ ဘာဆုံးဖြတ်ရမည်တောင် မသိ။

"နိုင်…မမနီ စျေးခဏဝင်မလို့…နိုင်တစ်ယောက်ထဲ ပြန်ရမှာ…ညောင်ပင်ကြီးနားမှာ ရပ်မနေနဲ့နိုင်…အစွဲအလန်းတွေ လျော့တော့ နိုင်စိတ်ကို သိပ်အလိုမလိုက်နဲ့ ဟုတ်လား…"

မမနီကျန်ခဲ့ပြီး တစ်ယောက်တည်းရှိနေတော့ အဲသည့်နားရောက်ရင်ကို ရပ်မနေနဲ့ဦးဆိုလို့ ရပ်မနေစေဦးတော့…ညောင်ပင်ကိုင်းတွေကို မော့ကြည့်မိစမြဲ…။

သမီးလေး…ရှိနေဆဲလား…အိပ်မက်တွေထဲလည်း ခုတစ်လော…မတွေ့ရပြန်ပါဘူး။ စိတ်က အလိုလိုက်နေတယ် ဆိုဆို ကြေကွဲဝမ်းနည်းခြင်းကို ထိန်းလို့မရပြန်ပါဘူး။

"နိုင်"

"ကိုဝ်"

မမျှော်လင့်ပါဘဲ ကားပေါ်ကနေ ဆင်းလာတဲ့ ကိုဝ်ကို မြင်လိုက်တော့ နိုင် အံ့သြရပါပြီကော။ ဆေးရုံကဆင်းပြီးစ ကိုဝ်ကို တွေ့ရတာနှင့်တော့



တခြားစီပါပဲလေ…။ ကိုဝ် ပြန်နေကောင်းသွားပြီဘဲ။ လမ်းလျှောက်တာက လည်း ကြည့်ကောင်းသွားပါပြီ။

"ကိုဝ် နေကောင်းသွားပြီပဲ…ခုလိုမြင်ရတော့ နိုင် ဝမ်းသာရပါတယ်။ နိုင့်စိတ်မှာ နိုင့်ကြောင့် ကိုဝ်ခုလိုဖြစ်ရတယ်လို့ ခံစားပြီး စိတ်ထိခိုက်ခဲ့ရတယ်…"

"မဟုတ်တာ နိုင်ရယ်…မစွဲလန်းသင့်တာ ကိုဝ့်အကြောင်းနဲ့ ကိုဝ်ဖြစ်ရတာပါ…အန်တီရော နေကောင်းလား…အိမ်လိုက်ခဲ့မယ် စကားတွေအများကြီး ပြောချင်လို့…"

ကိုဝ်ကတော့ ဟိုအရင်ကအတိုင်း ရွှင်လန်းတက်ကြွစွာ ရှိနေဆဲပါပဲလေ။ နိုင်တို့အိမ်ရောက်တော့မှ အန်တီမရှိဘဲ နွေးတို့ဆီ ခဏတစ်ဖြုတ်သွားလည်တာ ပြောပြရတယ်…။

"နိုင့်မေမေ့ အိမ်လေးမရှိတော့တာ ကိုယ်တောင်းပန်ပါတယ် နိုင်…ကိုယ်နေမကောင်းနေတုန်း အန်တီသန်း ရောင်းပစ်လိုက်လို့ အရမ်းစိတ်ဆိုးရတယ်…နိုင့်အတွက်ကိုယ် အဲသည့်အကြွေး ပြန်ဆပ်ပေးချင်ပါတယ်…နိုင့်ကို တစ်နေရာရာမှာ အရင်လို ပန်းပင်လေးတွေနဲ့ လှတဲ့အိမ်ကလေး တစ်လုံး ကိုယ်စီစဉ်ပေးမယ်…"

"မဟုတ်တာ ကိုဝ်ရယ်…နိုင်တို့အဆင်မပြေလို့ အဲသည့်အိမ်ကို ရောင်းလိုက်တာ…ကိုဝ်ဘာလို့ အကြွေးတင်ရမှာလည်း…မဝယ်ရပါဘူး။ နိုင်တစ်ယောက်ထဲအတွက် သည်နေရာလေးရှိတာ အဆင်ပြေနေပါပြီ…"

ကိုဝ့်ကို အခုလို ပြန်လည်တက်ကြွလန်းရွှင်စွာ မြင်ရတာကိုပဲ နိုင် စိတ်ချမ်းသာလှပါပြီ…ဒါပေမယ့် ကိုဝ် ခုလိုမျိုး ရှေ့ဆိုဆက် လာလည်နေမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆို ဖြစ်နိုင်မည်မထင်။

"ကိုဝံ"

"ဟင်"

"နိုင်တို့ အရင်ကလိုပဲ မတွေ့ကြ မခင်ကြတဲ့ သူစိမ်းတွေလိုဘဲ နေရအောင်လား ကိုဝံ…"

"ဘာလို့လဲ…ကိုယ်ပြန်ရောက်တာ သုံးလေးရက်ဘဲ ရှိသေးတာပါ။ သည်အတောအတွင်း မယုံနိုင်စရာကောင်းအောင် ဇော်မော်သက်နဲ့ နိုင့်အကြောင်းလဲ ကြားခဲ့ရပါတယ်…နိုင့်ကို ကိုယ်ဘက်လောက်ကြာကြာစောင့်နေမယ်လို့ ပြောပြီးသားဘဲ…နိုင်က ဇော်မော်သက်ကိုမှ ချစ်တယ်…အဲလိုလား ဟင်"

နိုင့်ရင်ထဲရှိသလို ပြောရရင် နိုင့်စိတ်တွေက ကိုဇော်သက်ကို ချစ်တဲ့အချစ်က ပိုပြင်းထန်သလိုပါဘဲ။ ကိုသက်လေးကိုတွေ့ရင် နယ်ပိုင်ငယ်ရွယ်နေတဲ့ ကောင်လေးတစ်ယောက်လို့ ဘယ်လိုသိပါစေ မြင်ပါစေ နိုင့်အချစ်က ကိုဇော်သက်ကို ချစ်ရသလို ချစ်ခင်လေးစား အားကိုးခြင်းများက အပြည့်ပါဘဲ။

"ကိုဝံ့ကို ခင် ခင်မင်ရုံပါဘဲ…အတူ ခဏခဏ တွေ့နေပြန်ရင် အန်တီသန်းတို့ကိုလဲ လန့်တယ်…နိုင်အခုလေ ကိုသက်လေးကြောင့် သန္တာတို့ မမကြီးတို့နဲ့ ရင်ဆိုင်နေရတာကို မောလှပါပြီ…"

"ကိုယ့်ကို ခင်မင်တယ်ဆိုလို့ ဝမ်းသာလှပါပြီ…ကိုယ့်အချစ်ကတော့ ထာဝရပါ နိုင်…"

"နိုင်နဲ့ မပတ်သက်ချင်ပါနဲ့တော့ ကိုဝံ…နိုင့်ကြောင့် ကိုဝံ စိတ်ရှုပ်စရာတွေဘဲ တွေ့ရမှာပါ"

"မဟုတ်တာ…ကိုယ်သည်လို မယုံကြည်ပါဘူး…ကိုယ့်မှာ မိဘ



မောင်နှမ ရှိတာမှမဟုတ်ဘဲ…အန်တီသန်းလို အဒေါ်တွေကလဲ သွေးဝေးပါတယ်…နိုင့်ကို လက်ထပ်ဖို့ သူတို့ ပြင်းပြင်းထန်ထန် ကန့်ကွက်စရာအကြောင်းကို မရှိပါဘူး…ကိုယ် ဖုန်းဆက်မယ် လာခဲ့ဦးမှာဘဲ…"

ကိုဝံပြန်သွားတော့ တစ်ယောက်တည်း စိတ်ပူနေမိပြန်တယ်။ ကိုဝံကို လမ်းထိပ်အထိ လိုက်ပို့လိုက်ရကောင်းသား…။ အင်းလေ…ကိုဝံက အခုသူ့ ကားမမောင်းတော့တာလို့ စိတ်ကိုဖြေလိုက်ပါတယ်။

"နိုင်…မောင်တစ်ကိုယ်ပင် ရှိလင့်ကစား ခင်ပွန်းမရှိရင် မတင့်တယ်ဘူးတဲ့…အမေကတော့ နိုင့်ဘဝလေး အေးချမ်းပြီး အားကိုးရတဲ့ ခင်ပွန်းမျိုးနဲ့ ပျော်ပျော်ရွှင်ရွှင် မြင်ချင်တာ…အိမ်ထောင်ရေးဆိုတော့ ဦးနှောက်များများနှလုံးသားနည်းနည်းနဲ့ဆို ပိုအဆင်ပြေလိမ့်မယ်…"

မမနီအမေက နိုင့်ကို ချစ်ခင်တယ်ဆိုတာ နိုင် ယုံကြည်ပါတယ်။ ဦးနှောက်များများဆို…ကိုသက်လေးကို ချစ်ရတဲ့ အချစ်မှာကတော့ နှလုံးသားတစ်ခုလုံးဘဲ အပြည့်အသိပ်ရှိနေတာ မဟုတ်လား။

* * *

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်စရာ အကောင်းဆုံးနေ့ကတော့ အိမ်ကို မာမီ မမကြီးနှင့် ကိုသက်လေးမေမေ ရောက်လာတဲ့ ညနေပါဘဲ။ နိုင်တစ်ယောက်တည်းမို့ မမနီက ထမင်းဟင်းချက်မနေနှင့် မမနီတို့ ထောပတ်ထမင်းချက်မှာ နိုင်ဖို့ပါ ပို့ချက်မယ်ဆိုလို့ အချိန်ရတာနှင့် အလုပ်ကယူလာတဲ့ အလုပ်တစ်ခု လုပ်နေတာပါ။

"အမုန်ဆို လာလဲမလာချင် ပြောလဲမပြောချင်ဘူး နိုင်…မာမီ့စိတ်ထဲမှာ နိုင့်ကိုမြင်ရင် သားကို သတိရစိတ်နဲ့ ထိခိုက်နေခဲ့ပါဘဲ…မာမီတို့ကမြင့် ခုချိန်ထိ သားကို မမေ့နိုင်သလို နိုင့်ကိုလည်း သားနဲ့ လက်မထပ်ဖြစ်ခဲ့တဲ့ သူအဖြစ် မြင်နေခဲ့အချိန်မှာ…နိုင်ကတော့ ဘာမှမဆုံးဖြတ်နိုင်သေးတဲ့ ကလေးတစ်ယောက်ကို လက်ထပ်ရမယ်လို့…"

သူတို့အမြင်က ကိုသက်လေးဆိုတာ ဘာမှမဆုံးဖြတ်နိုင်သေးတဲ့ ကလေး တစ်ယောက်တဲ့။ ကိုသက်လေးက ဘွဲ့လဲရပြီးပြီ သူ့ဖာသာလည်း ဝင်ငွေရအောင် ရှာနိုင်တဲ့ အရွယ်ပါ…။ ကိုကျော်စွာနှင့် နိုင့်ကို အတူယှဉ်မြင်နေခဲ့



မို့တဲ့လား…။

"နိုင့်မှာ ငွေကြေးအခက်အခဲ ဖြစ်နေမယ်ဆိုတာ မမကြီးတို့ နားလည်ပါတယ်…သည်တော့ ကိုသက်လေးဘက်က ဘယ်လိုဘဲ သည်းသည်းလှုပ်ဖြစ်နေပါစေ နိုင့်ဘက်က ဆင်ခြင်ပြီး ထွက်ခွာပေးစေချင်ပါတယ်…နိုင် ပြောင်းရွှေ့သောက်အောင် မမကြီးတို့ ကူညီမှာပါ…"

ခုချိန် နိုင် မပြည့်စုံဘူးဆိုတာနှင့်ဘဲ ငွေပေးပြီး အဝေးကို ထွက်ခွာနိုင်းတော့မှာလား။ ဒါကြောင့်မို့ နိုင့်မှာ ငွေမလိုပါဘူးလို့ ပြောလိုက်တယ်လေ။ ကိုသက်လေး မေမေကိုတော့ နိုင် စိတ်မကောင်းပါဘူး။ မျက်ရည်လေး တဝဲဝဲနဲ့ မာမီတို့ မမကြီးတို့ ပြောသမျှမှာ ဘာမှလည်း ဝင်မပါပါဘူး။

"မာမီတို့ ပေးတဲ့ငွေကို နိုင်မယူပါဘူး…ဒါကြောင့် မပေးပါနဲ့… ကိုသက်လေးကိုလဲ နိုင်က အရင်ဘဝ သံယောဇဉ်ကြောင့် မပြတ်သားနိုင်သလို ခံစားရလို့ မခွဲခွာနိုင်ပါဘူး ဆိုပေမယ်…နိုင် ပြန်စဉ်းစားနေပါတယ်။ တစ်ခုတော့ မာမီနဲ့ မမကြီးကို နိုင်ပြောပါရစေ…နိုင့်ဆီကို သန္တာနောက်ထပ် ရောက်မလာပါစေနဲ့…နိုင့်ကို သည်ထက်နစ်နာစေမယ်ဆိုရင် နိုင် မျက်စိစုံမှိတ်ပြီး ကိုသက်လေးကို လက်ထပ်ပစ်လိုက်မယ်…မဟုတ်ရင်တော့ နိုင် ပြန်စဉ်းစားပေးပါမယ်…"

နိုင့်စိတ်မှာ ခုချိန် ကိုသက်လေးမေမေရဲ့ မျက်ရည်တစ်ခုကိုဘဲ ခံစားလို့ရပါတယ်။ ဒါကြောင့်လည်း နိုင် ပြန်စဉ်းစားပေးပါမယ်လို့ ပြောခဲ့တာပါ။ သူတို့ ပြန်သွားပြီးတဲ့အခါ စိတ်ဓာတ် ညစ်ထေးနောက်ကျိစွာနဲ့ နိုင် ထွက်လာ မိခဲ့တာကတော့ ညောင်မှတ်ဆိတ်ပင်ကြီးနားကိုပါဘဲ။

"သမီးလေး…ရှိနေသေးလားတော့ မသိဘူး…ဒါပေမယ့်…အရင်

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အရင်ဘဝမှာဘဲ ထားခဲ့လိုက်တာ ကောင်းမှာပါ ကလေးရယ်··· အရင်ဘဝနှင့် အခုဘဝတွေ ရှုပ်ထွေးရင်း မေမေလည်း မောလှပါပြီ။ ဒါကြောင့် သမီးလေးကို မေမေနှင့် မေမေ့ ဘဝထဲ မခေါ်နိုင်တော့ဘူးဆိုရင် ခွင့်လွှတ်ပါ"

"ခင်ခင်···သံညှိမှာ ဘာလုပ်နေလည်း···မိုးရွာနေပြီလေ···"

ဟုတ်တာပါလား။

မိုးရွာလာတာကိုပင် နိုင် မသိနိုင်တော့ပါလား။ စိတ်ဆိုတာ သတိမရှိတဲ့ အခါ ဘာမှလည်း မမြင်တော့ဘူး ထင်ပါရဲ့။ အဖွားကတော့ ဒုက္ခ ဒုက္ခနှင့် ညည်းတွားရင်း သူ့အိမ်လိုက်ခဲ့ဆို ခေါ်လာပါတယ်။

"အရင်ဘဝက ချစ်ခြင်းကို အရင်ဘဝမှာဘဲ အဆုံးသတ်လိုက်တာ အကောင်းဆုံးနေမှာပါ အဖွား···နိုင့်ကြောင့် ဟိုလူ့ဇိုရ သည်လူ့စိတ်ညစ်ရနဲ့ နိုင် စိတ်ပျက်လှပါပြီ···နိုင်တို့နှစ်ယောက် ချစ်ရတာ အရင်ဘဝကလဲ ပင်ပန်း အခုဘဝလည်း ပင်ပန်း···"

"အချစ်စစ အချစ်မှန်ဘဲ ခင်ခင်ရယ်···အခက်အခဲတော့ရှိမှာပေါ့·· အားမလျော့နဲ့လေကွယ်···အဖွားအမြင်တော့ ဟိုးအရင်လဲ ခင်ခင့်မိဘ ဆွေမျိုးတွေကြောင့် ခုလိုအခက်အခဲ တွေ့ကြုံပေမယ့် မင်းတို့ပေါင်းရတာပဲ မဟုတ်လား···"

အဲသည့်ဘဝက စိတ်ဆင်းရဲမှုတိုင်းကိုလည်း မမှတ်မိလေတော့···ကို ဇော်သက်ကိုချစ်တဲ့ အချစ်ကလွဲပြီး သိပ်လည်း မသိလှတော့ပါဘူး။

"နိုင်ကိုယ်တိုင် အတိတ်ဘဝမှာ မွေ့ပျော်သွားခဲ့မိတာပါ··နိုင် အိပ်ရာက နိုးထသင့်ပါပြီ··ကိုသက်လေးကို မတွေ့ရတော့လဲ နိုင့်စိတ် နိုင့် နှလုံးသားမှာ ကိုဇော်သက် ရှိနေမယ်ဆိုရင် နိုင်နေလို့ရမှာပါလေ···"



နိုင် ခုရက်ပိုင်းတော့ အဝေးကြီးကို ထွက်သွားချင်စိတ်တွေဘဲ များနေမိ ပါပြီ။ သမီးလေးအပေါ် ထားနေမိတဲ့ နောက်ဆုံးလက်ကျန် သံယောဇဉ်ကို တောင် မရရအောင် ဖြတ်ရတော့မှာပါလား။

"ကိုသက်လေးများ အဖွားဆီကိုလာခဲ့ရင်···နိုင်တို့ရဲ့ သမီးလေးကို တတ်နိုင်သရွေ့ ကယ်တင်ဖို့ဘဲ ပြောပေးပါလား အဖွား···"

"ခင်ခင်ကရော···ခင်ခင်က ဘယ်သွားမှာမို့လဲ"

"ဘာကိုမှ မဆုံးဖြတ်နိုင်သေးပါဘူး အဖွားရယ်"

"ပြဿနာတစ်ခုဆိုတာ··ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံးဘဲ။ ထွက်ပြေးရှောင်ပုန်းမယ်ဆိုတာ··အဲသည့် ပြဿနာကို ဖြေရှင်းရာမရောက် ဘူး···"

နိုင်ကတော့ ပျော့ညံ့နေခဲ့ပြီဘဲ ဆိုပါတော့။

နိုင်···ရင်မဆိုင်ချင်တော့ပါဘူး။

နိုင့်ရွေးချယ်မှုက မှားယွင်းသည်ဘဲဆိုဆို···။

ခုရက်ပိုင်း နေလို့မရတာက ကိုသက်လေး မေမေရဲ့ မျက်ရည်တွေပါဘဲ လေ။ နိုင်တောင်မှ အိပ်မက်ထဲက သိရုံသိခဲ့ရသော သမီးလေးတူးမာကို တအားချစ်ပါလျှင်···။ ကိုသက်လေးမေမေက ကိုသက်လေးကို သိပ်ချစ်မယ် ဆိုတာ···နိုင် တွေးကြည့်တတ်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…နှိုင်…"

နှိုင့်ကို မမျှော်လင့်ဘဲ တွေ့ရတယ်ဆိုရင်ဘဲ ကိုဝံအရမ်းအံ့ဩတယ်ဆိုတာ သိပါတယ်။ နှိုင်က ကိုဝံချစ်သင့်တဲ့လူ မဟုတ်ပါဘူး။ ကူညီသင့်တဲ့လူလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ခုချိန်မှာတော့ နှိုင် ပြေးစရာ နေရာမှမရှိမရှိတာ။

"အဲလိုမျိုး နှိုင်က အရှုံးပေးရှောင်ထွက်သင့်လို့လား နှိုင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်သင့်တာ…ကိုသက်ကို နှိုင်တကယ်ချစ်တယ်ဆိုရင် လက်ထပ်လိုက်ပါ"

"ဟင့်အင်း…ကိုဝံ…အိပ်မက်ကပြောသလိုဆို အရင်က နှိုင်တို့ မိဘတွေကို ဆန့်ကျင်ပြီး လက်ထပ်ခဲ့တာတဲ့…အဲဒါကြောင့်လည်း မိဘမျက်ရည်စက်တွေနဲ့ တည်ဆောက်ရလို့လား…နှိုင်တို့ မိသားစုသုံးယောက် သေဆုံးခဲ့ရတယ်…မကျွတ်မလွတ်ဘဝနဲ့ နေခဲ့ရတယ်…နှိုင်…အခု အချိန် အဲလိုမျိုး…မိဘမျက်ရည်စက်တွေနဲ့ မတည်ဆောက်ချင်တော့ပါဘူး…ကိုဝံ ကူညီနိုင် မကူညီနိုင်ဘဲ သိပါရစေ…"



"နှိုင့်ကို တာဝရချစ်မယ့်လူပါလို့ ပြောပြီးပြီဘဲ၊ သည်လောက် အခက်အခဲလေးကို ကူညီနိုင်ပါတယ်…နှိုင်နဲ့ကိုယ် လက်ထပ်တော့မယ်လို့ ကိုသက်တို့ကို ပြောပေးပါမယ်…ပြီးတော့…နှိုင့်ကို ကိုယ်ဝယ်ထားတဲ့ ပဲခူးနားက ခြံမှာ အစစ နေစရာ စီစဉ်ပေးပါမယ်…"

နှိုင်က ညှို့မှိုင်းသွားပါ။

နှိုင့်နောက်ကို နှိုင့်ဟာသာတောင် ရင်မဆိုင်ရဲပါဘဲ…ကိုဝံကိုသာ ဒုက္ခတွေ မျှဝေပေးနေမိပါတယ်။ နှိုင်တစ်ယောက်တည်းက ဟင့်အင်း ကိုသက်လေးကို လက်မထပ်နိုင်ပါဘူးဆို ကိုသက်လေးကလည်း လက်ခံမယ် မထင်ဘူးလေ။

"နှိုင်…ခြံထဲကို ဘယ်နေ့သွားနေချင်လဲ…ကိုယ် လိုက်ပို့ပေးပါမယ်။ ခြံထဲမှာ ကိုယ့်အဒေါ်ဝမ်းကွဲနဲ့ ဦးလေးတို့ လင်မယားလဲ ရှိပါတယ်…အန်တီသန်းတို့ကိုလဲ စိတ်မပူပါနဲ့…ခွေးမျိုးတွေက ဟိုဘက်အမျိုး သည်ဖက်အမျိုးမို့ ခြံထဲကို အန်တီသန်းတောင် တစ်ခါမှ မရောက်ဖူးပါဘူး…"

"နှိုင် ဖြစ်နိုင်ရင် မီနေ့ဘဲ သွားချင်ပါတယ် ကိုဝံ…အခု အပြန်မှာ နှိုင့်ပစ္စည်းတွေသိမ်းမယ်…မမနီကို အကျိုးအကြောင်း ပြောပြပြီး နှိုင်တို့ သွားကြမယ်လေ…"

နှိုင် သည်လို ဆုံးဖြတ်ခဲ့ပါပြီ။

မောင်…ခင် သည်လိုဆုံးဖြတ်လိုက်ပါရစေ…။

ကိုသက်လေး မေမေရဲ့ မျက်ရည်စက်တွေကို လျစ်လျူရှုပြီး နှိုင် မပျော်ရွှင်ချင်ပါဘူး။ အဲလိုဆိုရင်လည်း ပျော်ရွှင်မှုရလိမ့်မယ်လို့ နှိုင်မထင်…ဲ

"နှိုင်…အလုပ်ဘာလို့ ထွက်မလဲ…ခွင့်ယူလိုက်…တော်ကြာ နှိုင် အလုပ်ပြန်ရှာရ ခက်နေမယ်…ပြီးတော့ မမနီတို့ အတူပြန်နေချင်သေးတယ်…"

www.burmeseclassic.com



"အလုပ်ခွင့်ယူထားတယ်ဆို ကိုသက်လေးကလဲ နိုင်ပြန်လာဦးမယ် မျှော်လင့်နေမှာပေါ့ မမနီ… နိုင်လုံးဝ ပြန်မလာတော့ဘူးလို့ သိရအောင် အပြီးထွက်သွားမယ်… နိုင်သင်ခဲ့တဲ့ ပညာတွေက နောက်လဲ အလုပ်ရှာရလွယ်မှာပါ… အခြေအနေအရပေါ့ မမနီရယ်…"

ပန္နည်းနည်းနည်းသိမ်းပြီး ကျန်တာတွေ မမနီကိုပြောပြီး သော့ခတ်ထားခဲ့တော့မယ်။ နိုင် ဘယ်တော့မှ ပြန်လာနိုင်မယ် မသိပါဘူးလို့… မမနီအမေနှင့် မမနီကို ကန်တော့တဲ့အခါ သူတို့ မျက်ရည်ကျရတယ်။

ဒံယောဇဉ်ကြောင့် ကျရတဲ့မျက်ရည်တွေကလည်း များလှပါပေါ့လား။ ဒါကြောင့်မို့ တစ်ရက်ရက်မှာတော့ မမနီတို့ဆီ နိုင် ပြန်လာပါဦးမယ်လို့ နှုတ်ဆက်ရတယ်။

ကိုသက်လေးလာရင် ပေးလိုက်ပါဆိုတဲ့ စာတိုလေးတစ်စောင်ကိုလည်း မမနီဆီ ထားရစ်ခဲ့ပါပြီ။

ကိုဖုံကားနှင့် လိုက်လာခဲ့ရင်း ညောင်မှတ်ဆိပ်ပင်ကြီးနားက ကားအပြတ်မှာ သမီးလေးရှိနေဦးမယ်ဆိုလည်း ခွင့်လွှတ်ရင်း နေခဲ့ပါတော့လို့ နှုတ်ဆက်ခဲ့ပါပေါ့။

မေမေနှင့် မေမေနင့်မှ အတူနေချင်ပါတယ်ဆိုတဲ့… သမီးလေး ဆန္ဒကို မဖြည့်ဆည်းနိုင်တော့ပါဘူး… ဖြစ်ချင်တာတွေကို ငွတ်လုပ်ရဲ့တဲ့ဆန္ဒ မေမေ့မှာ မရှိလို့ပါ…

ဖြစ်သင့်တာတွေကိုသာ လက်ခံပေးရမှာပါဘဲ။

"နိုင် စိတ်ချမ်းသာမယ်ဆို ကိုယ်အပြီး ကူညီမှာပါ… အဲသည့်အတွက် နိုင့်ဖက်က ဘာမှ ပြန်ပေးဆပ်စရာ မလိုပါဘူး…"



နိုင့်ကြောင့် ကိုဝလည်း အခက်အခဲတွေ ဒုက္ခတွေ ကြုံခဲ့ရပြီးပြီကိုး။ ခုလည်း နောက်တစ်ခါ ဒုက္ခတွေပေးနေမိပြန်ပြီလား မသိပါ။ အန်တီ့ဆီကိုလည်း ရုတ်တရက် ပြန်မလာပါဘဲ နတွေးတို့နင့်ဘဲ နေပါဦးလို့ စာရေးထားပါတယ်။

ရှေ့ကို ဘာတွေ ဖြစ်လာဦးမယ်လို့ကို မျှော်မှန်းမရလောက်အောင်ပါ။ တွေးရင်း ရင်မောရမည်ဆို နိုင်မောလို့ကို ပြီးမယ်မထင်။ တစ်ခုထူးဆန်းနေတာက နိုင် စိတ်ယတိပြတ် ဆုံးဖြတ်ခဲ့ပြီးလို့ ထင်ပါရဲ့။ ရင်ထဲ ရှင်းလင်းနေသလိုပါဘဲလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"နိုင့်စာကို မမနီဆီကရပြီးတော့ ကိုသက်လေး လာရှာတယ်…ကိုယ်လဲ နိုင်ပြောနိုင်းတဲ့ အတိုင်းပါဘဲ…စာထဲမှာ သူ ရေးထားခဲ့တဲ့ အတိုင်းပါဘဲလို့ ပြောလိုက်တယ်…အမှန်ဆို နိုင် ဘာတွေရေးထားမှန်းတောင် ကိုယ်မသိပါဘူး…"

ကိုင်ရောက်လာတော့ ခြံထဲလမ်းလျှောက်ရင်း စကားပြောမိကြတာပါ။ နိုင့်စာထဲမှာ ထွေထွေထူးထူး ရှည်ရှည်ဝေးဝေး ရေးထားတာ မဟုတ်ပါဘူး။

ကိုသက်လေး မေမေမျက်ရည်စမှာ နိုင်မပျော်နိုင်ပါဘူး…ဒါကြောင့် အရင်ဘဝမှာ ပျော်မွေ့သွားတဲ့စိတ်တွေကို ပြုပြင်ပြီး ခုဘဝ ခုအချိန် အခြေအနေအရ မဖြစ်နိုင်တော့ပါဘူး…နိုင့်စကားကို နားမထောင်ခဲ့ရင်…ကိုင်ကို နိုင် လက်ထပ်လိုက်ပြီး အခု ပစ္စုပ္ပန်မှာ လက်ခံနိုင်တဲ့ အခြေအနေကိုပဲ ရွေးလိုက်မယ်လို့ပါ…။

"ကိုသက်ကို စိတ်မကောင်းပါဘူး…အရမ်းထိနိုက် ခံစားနေရမှန်းသိတယ်…ကိုယ် ပြောမထွက်အောင်ပါဘဲ…သူက စာအရဆို နိုင်ဘယ်မှာ



ရှိတယ် ကိုယ်သိတယ်ပေါ့လေ…နိုင်နဲ့ တွေ့ချင်တယ်တဲ့…ဒါကြောင့် နိုင်က မတွေ့ချင်ဘူး…လာတွေ့မယ်ဆို ကိုယ်နဲ့ ချက်ချင်းလက်ထပ်မယ် ပြောတယ်ဆို…စာပေးပေးပါတဲ့…ကိုယ်မယူလိုက်ဘူး…မင်းနဲ့ပတ်သက်တာ ဘာမှမယူခဲ့ရဘူးလို့ ပြောထားတယ်လို့ ပြောလိုက်ရတယ်"

စိတ်မကောင်းပါဘူး။

ရင်ထဲ တအားနာကျင် ခံစားရပါတယ်။ အချစ်ဆိုတာကို တော်သက်ပါပဲလို့ သိချိန်ကစ တစ်ယောက်တည်းချစ်ခဲ့ရတာပါ ကိုသက်လေးရယ်…။ ဘယ်လိုခွဲချင်ပါ့မလဲ။

ဒါပေမယ့် မီးတွေထဲမှာ ပြေးလွှားနေချိန်က ခံစားမှုကိုလည်း နိုင် မမေ့နိုင်ဘူးလေ။ နိုင်တို့ ဟိုအရင်ဘဝက မိဘတွေ မျက်ရည်ကျပြီး အိမ်ကလေး တစ်အိမ် တည်ဆောက်ခဲ့လို့မှား…မိသားစုသုံးယောက် သေကွဲ ကွဲလိုက်ဘဝချင်းကွဲလိုက်နှင့်…တော်ပါပြီ…အခုအချိန်မှာတော့ ဘယ်လောက်ချစ်ချစ် မိဘမျက်ရည်စက်နှင့်တော့ အတူမနေတော့ဘူး…။

"ကိုင့်ကိုဘဲ နိုင် ဒုက္ခတွေပေးနေမိတယ်…"

"ဒုက္ခလို့ နိုင်ထင်နေတာပါ…ကိုယ့်အတွက်တော့ အနားမှာ နိုင်ရှိရင် ဒုက္ခလို့ကို မထင်ပါဘူး…"

မာလကာပင်အရိပ်မှာ ခုံတန်းလေးတစ်ခုရှိတယ် အတူထိုင်ရင်း စကားတွေ ပြောနေမိတာပေါ့…။ နိုင့်ဆီမှာ ပျော်ရွှင်ခြင်းရယ်လို့ မရှိတော့မှ ကြာရင် နိုင် နေတတ်သွားမှာပါ…။

"ဒေါ်လေးဝေတို့က ခင်မင်တတ်တယ် မဟုတ်လား နိုင်…"

"ဟုတ်ကဲ့…သဘောကောင်းကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သိပ်မချမ်းသာပေမယ့် စိတ်သဘော ကောင်းပါတယ်။ အန်တီ သန်းတို့ကြတော့ ငွေရှိပြီး စိတ်ဓာတ်က မာနများတယ်…နိုင်လဲ ကြုံဖူး နေတာဘဲလေ…သည့်ခြံက ကိုယ်လက်ထပ်ပြီးရင် လာနေမယ်လို့ ဝယ် ထားတာပါ…ကိုယ်က ခုလိုမျိုး တိတ်ဆိတ်အေးချမ်းတဲ့ နေရာကိုဘဲ နှစ် သက်တယ်…"

"ဟုတ်တယ်နော်…သည်နေရာလေးက အေးချမ်းတယ်…သစ်ပင် သီးနှံတွေလဲ အများကြီး…"

နိုင်လည်း ပျော်ပါတယ်လို့တော့ မဟုတ်ဘဲ မပြောပါရစေနဲ့၊ နိုင့်ဆီမှာ ပျော်ရွှင်မှု မရှိတော့သလိုပါလား။ ခုရက်ပိုင်းတွေမှာ အန်တီ့ကို နိုင်ပို၍ စာနာမိသလိုပါဘဲ။ မေမေရှိစဉ်က ဘာမှ အပူအပင်မရှိ ပျော်ရွှင်နေတာတွေ ပျောက်ဆုံးသွားချိန် အန်တီ အရမ်းတမ်းတ ကြေကွဲရတယ်လေ။ နိုင်လည်း ခုချိန်အဲလိုမျိုးဘဲ ခံစားရပါတယ်…။

"မမနီပြောတော့ ကိုသက်က ခြံထဲမှာ တိုက်ကလေးတစ်တိုက်ဆောက် ဖို့ ပြင်ဆင်နေပြီတဲ့…အိမ်အုတ်မြစ်ချတဲ့နေ့မှာလည်း ဘုန်းကြီးတွေပင့် ဆွမ်းကျွေးပြီး မြေသန့်အောင်လုပ်မှာ…တူမကိုလည်း အမျှဝေပေးမယ် ပြောတယ်…"

"တူမလေးဆိုတာ ဘယ်သူလဲ…"

ကျေးဇူးတင်ပါတယ် ကိုသက်လေး…နိုင်တို့နှစ်ယောက် မဆုံစည်းကြ ကာမှနေ သမီးလေးတစ်ယောက်တည်း ဒုက္ခရောက်နေမှာကိုတော့ နိုင် လုံးဝ မလိုလားပါဘူး…။ ခုလိုမျိုး သမီးကို သတိတရနှင့် ကောင်းမှုကုသိုလ် လုပ်ပေးမယ်ဆိုလို့ ကျေးဇူးပါ ကိုသက်လေးရယ်…။

"နိုင်တို့ သမီးလေးပါ…"



"ကိုသိကြားရတာတော့ တစ်မျိုးပါဘဲ…ကိုသက်လေးအကြောင်း ကို ကျော်စွာဆီက ကြားဘူးတယ်…အတိတ်ဘဝအကြောင်း အိပ်မက်တွေမက် ပြီး လန့်အော်လွန်းလို့ ဆေးကုရတာတဲ့…"

"နိုင်လဲ…သူလိုဘဲ အိပ်မက်တွေကို မက်ရင်းက ရင်ထဲခံစားချက်တွေ ဖြစ်လာရတာပါ…အဲဒါက အရင်ဘဝလို့ ခံစားရရင် အမှန်ကတော့ အရင် ဘဝကို အရင်ဘဝမှာ ထားခဲ့ရမှာ…"

ဒါဆိုရင် ခုလိုမျိုး မဖြစ်နိုင်သော ချစ်ခြင်းတွေနှင့် မရှုပ်ထွေးရတော့ဘူး ပေါ့။

"နောက်ဆုံးတော့ ထူးဆန်းတာတစ်ခုလဲ နိုင့်ကို ပြောပြရဦးမယ်…"

"ပြောပါဦး…ဘာအကြောင်းလဲ…"

"ကျော်စွာတို့ ဝမ်းကွဲညီမ သီတာအေးကိုသိလား…"

"သီတာအေး…ဒေါက်တာသီတာအေးဆိုတာလား…တစ်ခါလားတော့ မြင်ဘူးတယ် သူက နယ်မှာဆို…"

"အခု ရန်ကုန်ပြန်ပြောင်းလာပြီ … သီတာအေးကို ကျော်စွာက အိပ်မက်ပေးတယ်တဲ့…နင်နဲ့ငါ လာနေမယ်ဆိုပြီး သီတာအေးမှာ ကိုယ်ဝန် ရှိလာလို့ မာမီတို့ မမကြီးတို့တွေ အခု ကျော်စွာဝင်စားတယ်ဆိုတဲ့ အကြောင်း ဆီ စိတ်ရောက်နေကြလို့ ကိုသက်လေးကို ခဏမေ့နေကြပြန်ပြီထင်တယ်"

ဩော်…ကိုကျော်စွာတောင်မှ ပြန်ဝင်စားတော့မယ်တဲ့လား။ နုးလည် နိုင်ဖွင့်ခက်သော သည်လိုအကြောင်းတွေက ပြောရခက်ပါဘိ။ ဘာပဲပြော ပြော ကိုကျော်စွာကို လွမ်းဆွတ်နေကြသော သူတို့မိသားစုတွေအတွက် စိတ်ဖြေရာ ပျော်ရွှင်စရာအကြောင်းလေး တစ်ခုတော့ ဖြစ်မှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com



"အဲသည့်ကလေးလေး မွေးပြီးရင် နိုင် သွားချီကြည့်ပေါ့"

"တော်ကြာ ခုချိန်ထိ လာရှုပ်နေတုန်းလားဆို ရိုက်လွှတ်မှဖြင့်..."

နိုင့်ကို သူတို့မုန်းနေကြတာဘဲ။

နိုင့်ဖက်က ဘယ်လိုပင် နားလည်ပေးပါစေ...အဲသည့်ဝန်းကျင်ကို နိုင် ပြန်မတွေ့ခဲ့ချင်တော့ပါဘူး...မိုးတွေရွာလာမှ နိုင်တို့ အိမ်ဆီ ပြန်လာခဲ့ကြတာပါ...။ မနက်ဖြန်လို့ကို မတွေးရဲအောင်ပါဘဲလေ...။

* * *



သွပ်မိုးပေါ် မိုးပေါက်ကျသံက ပျင်းရိစရာလိုပါ။

မိုးက ရွာနေလိုက်တာ။ နိုင် ခုလိုမျိုး မနက်ဖြန်မရှိပါဘဲ နေနေရတာကို မနှစ်သက်ပြန်ပါဘူး။ နိုင် ဆုံးဖြတ်ချက် တစ်ခုခုတော့ ချမှာပါ။ ကိုင်းကိုလည်း ရေရှည်နှိပ်စက်နေသလို ဖြစ်မလား။

ချမ်းနိုင်သည်လည်း မဟုတ်...လက်ထပ်နိုင်သည်လည်း မဟုတ်ပါဘဲ။ နိုင်ခုလိုသာ စဉ်းစားနေမိတာ ပြေးစရာ မြေမရှိလို့ကို...။

"မေမေ...မေမေ..."

ချက်ချင်းသိလိုက်တယ်။

ဒါက သမီးလေးအသံပါဘဲ။ ရင်ထဲ ပျော်ရွှင်ခြင်းနှင့် ကြေကွဲခြင်းတို့ တစ်ချိန်တည်း တစ်ပြိုင်တည်းပေးနိုင် စွမ်းအားအပြည့်နှင့် ချစ်ခြင်းမေတ္တာ။

သမီးလေးက ခုတစ်ခါတော့ ငိုမနေတော့ပါဘူး။ ပျော်ရွှင်နေပုံပါလား။ နိုင့်ကို ပတ်ပတ်လည်လှည့်ပြီး ပြေးနေတယ်။ ပြေးနေတဲ့အခါမှာ အရိပ်တွေက တရိပ်ရိပ် လျှင်မြန်လွန်းသလိုပါလား။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး..နေပါဦးသမီးလေးရဲ့ တအားပြေးနေတော့ မေမေ ဘာမှလဲ မမြင်ရသလို ခေါင်းမူးလာပြီ..."

သမီးလေးရဲ့ ရယ်သံက ပျော်ရွှင်နေမှန်း သိသာလှပါတယ်။ ဝမ်းသာပါတယ်...သမီးလေး ငိုနေတာကိုသာ နိုင် မမြင်ချင်တာပါ။

"မေမေ နောက်ဆို သမီးတစ်ယောက်ထဲ မနေရတော့ဘူး...ဖေဖေက သမီးနဲ့ လာနေပေးမယ်..."

"ဟာ...ဘယ်လို..."

"ဖေဖေလေ...ဖေဖေ့ကို ခေါ်ထားမယ်...ဖေဖေက သမီးနဲ့ လာနေပေးမှာပါ...မေမေရော...မေမေလဲ သမီးဆီ ပြန်လာခဲ့ပါလား...ဖေဖေ့ကို သမီးသွားခေါ်မယ်...ဖေဖေရှိတုန်းက မေမေမရှိပေမယ့် ပျော်တယ်...အခုအတော်ပါဘဲ ဖေဖေ့ကို ခေါ်ထားမယ်..."

"ဖေဖေ့ကို ခေါ်ထားမယ်..."

ကိုသက်လေးကို ခေါ်ထားမယ်ဆိုပါလား။ ဘာလို့ခေါ်ထားရမှာလဲ။ မဟုတ်တာ ကိုသက်လေးက ဘာလို့ လိုက်နေရမှာလဲ။

"ဖေဖေ့ကို ခေါ်မထားရပါဘူး...ဖေဖေ့ကို ခေါ်မထားပါနဲ့ သမီးလေး။ သမီးလေးသာ ပြန်လာဖို့ ကြိုးစားပါ...ဘာလို့ ဖေဖေ့ကို ခေါ်မှာလဲ..."

"ဖေဖေက သမီးနဲ့ နေချင်နေပြီလေ...ပြောလိုက်လေ ဖေဖေ...ဖေဖေနဲ့သမီး အတူပြန်နေတော့မှာလို့ မေမေ့ကို ပြောလိုက်ပါ..."

ကိုသက်လေးပါလား...ခုမှ တွေ့မိတယ်။ နိုင်ရင်တွေ ဆတ်ဆတ်တုန်ရင်လို့ ကိုသက်လေးလက်ကို မလွှတ်တမ်း ဆွဲထားမိပါတယ်။ မခွဲနိုင်ပါဘူး...မခွဲနိုင်ပါဘူးကွယ်...။ နိုင်တို့တွဲထားတဲ့လက်ကို ပြန်မလွှတ်နိုင်



ပါဘူး...သမီးလေး အဲလိုမျိုး တစ်ဖက်ကနေ အတင်းမဆွဲပါနဲ့။ ဖေဖေ့ကို ဆွဲမထားပါနဲ့ လွှတ်လိုက်ပါ...။

"ကိုသက်လေး...ကိုသက်လေး...မနေခဲ့ရဘူး...သမီးနဲ့ မနေခဲ့ရဘူး..."

"နိုင်...နိုင်...သတိရပြီလား...သတိရပြီလား..."

"တော်ပါသေးရဲ့..သတိရလာလို့ မောင်ငံရယ်...တစ်ညလုံး ဖျားနေတာ...ခေါင်းလေးလည်း တတ်သရွေ့ မှတ်သရွေ့ ပြုစုနေတာပါဘဲ..."

"နိုင် ဆေးသောက်ရအောင်....ခေါင်းလေးပွေ့ထူပေးပါ...ကျွန်တော် ဆေးတိုက်မယ်...မိုးရွာနေတာကို ဘာလို့ အအေးမိခံရတာလဲ..."

"ကိုငံ..."

"ဟင်"

"ကိုသက်လေး နေကောင်းရဲ့လား...ကိုသက်လေး နေကောင်းမကောင်း ကြည့်ပေးပါဦး...သူ နေမကောင်းဘူးထင်တယ်...သူ့ကို သမီးက ပြန်ခေါ်သွားမှာလား...နိုင် အတင်းတော့ ဆွဲခေါ်ခဲ့တာပါဘဲ..."

"ဘာကိုမှ မစဉ်းစားဘဲ နိုင် အားရှိအောင် နားလိုက်ပါ...ကိုသက် နေကောင်းမှာပါ နိုင်ရဲ့..နိုင်ဖျားလွန်းလို့ အားနည်းပြီး ကယောင်ချောက်ချား အိပ်မက်တွေ မက်တာပါ..."

"မဟုတ်ဘူး ကိုငံ...နိုင်သိတယ် ကိုသက်ကို ဂရုစိုက်လိုက်ပါဦး.."

ပြောသာ ပြောနေရတာ၊ နိုင့်တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲပြီး နည်းနည်းလေးမှ မလှုပ်နိုင်။ စိတ်ကတော့ ပင်ပန်းလွန်းတဲ့ကြားက ကိုသက်ဆီဘဲ ပြေးလွှားသွားနေဘိပါပေါ့။ မဆိုးပါနဲ့လား သမီးလေးရယ်...။ သမီး

www.burmeseclassic.com

www.burmeseclassic.com



လေး ပြန်ရောက်လာဖို့ မနည်းကြိုးစားနေတဲ့ကြားက ဘာလို့များ မေမေ့ကို ပြန်ခေါ်သွားချင်ရတာလဲ...”

“နှိုင်း တစ်ရေးလောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ပါ...ဘာမှတွေးပြီး စိတ်မဆင်းရဲပါနဲ့...နှိုင်း ဖြစ်ချင်တာအားလုံးကို ကိုင်း ဆောင်ရွက်ပေးပါမယ်”

နှိုင်းကိုယ်တိုင် မျက်လုံးတွေလည်း မဖွင့်နိုင်တော့အောင်ပါဘဲလေ။ ခေါ်မသွားရဘူး ခေါ်မသွားရဘူးနော်...သမီးလေးနှင့် ပြန်လိုက်မသွားရဘူး ကိုသက်လေးရယ်လို့ ရင်ထဲက တတွတ်တွတ်ရွတ်နေမိဆဲ။

နှိုင်းတို့ သုံးယောက် အတူနေမှာလေ...ဘယ် ခုလိုလုပ်လို့ ဖြစ်ပါ့မလဲ၊ မလိုက်သွားရပါဘူး။

* * *



ခေါ်လေးမြှုတ်ပေးတဲ့ ဆန်ပြုတ်လေးတစ်ခွက်လောက် သောက်နိုင်မယ့် စိတ်ကြောင့် ထင်ပါရဲ့...နှိုင်း နေမကောင်းလှသေးပါဘူး။ ကိုသက်လေး ဘာဖြစ်နေလဲ ကိုင်းလို့ မေးနေမိတယ်။ ကိုင်းကတော့ သူ့ဆီမှာ သူ့ဓာတ်ပုံ နံပါတ်ရှိတာမို့ မေးပေးပေမယ့် ကိုသက်လေးက အခု သူ့အမေအိမ်မှာ နေသတဲ့လေ...။

“နှိုင်းဘာလို့ သည်လောက် စိတ်ပူနေရတာလဲ...နှိုင်း အအေးမိပြီး ဖျားနေတယ်လေ...ဖျားနေတုန်း ကယောင်ချောက်ချားမက်တဲ့ အိပ်မက်တွေကို မစွဲလန်းပါနဲ့လား နှိုင်း...”

“နှိုင်းတို့မက်တဲ့ အိပ်မက်တွေရဲ့အကြောင်း နှိုင်းတို့လို ဘယ်သူမှ မသိနိုင်ပါဘူး ကိုင်း...ကိုသက်လေးကို တွေ့ရမှဖြစ်မယ်...”

“နှိုင်း...ကိုသက်လေးကို နှိုင်း သိပ်ချစ်တာပဲလား...”

ဟုတ်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



နိုင့်ဇာ ဘွက်တော့ တစ်ယောက်တည်းကို ချစ်ရတာပါ။ ကိုဇော်သက်ကို ချစ်ရတဲ့အချစ်၊ အခုလည်း ကိုသက်လေးအဖြစ် ချစ်ရတဲ့အချစ် အချစ်ဆုံး လို့ဘဲ ပြောရမှာပါလေ…။

"နိုင်…ငိုနေတာလား…"

"ကိုသက်လေးကို သမီးပြန်ခေါ်သွားရင် နိုင်…နိုင်တစ်ယောက်ထဲ ကျန်ခဲ့ရတော့မှာ…"

"မဟုတ်တာနိုင် မဟုတ်တာတွေ လျှောက်မတွေးလန်းပါနဲ့လား…"

"တစ်ခါလောက်ဖြစ်ဖြစ် ကိုသက်လေးနဲ့ တွေ့ချင်မိတယ်…"

"နိုင်သည်လောက် ဖြစ်နေရင် ကိုယ်သွားခေါ်ပေးမယ်…တစ်ခါတလေ တော့လည်း တခြားလူတွေကို ငဲ့ညှာနေမဲ့အစား…ကိုယ့်စိတ်ချမ်းသာမှုကို လည်း ထည့်စဉ်းစားရမှာပေါ့…"

တခြားသူတွေကို ငဲ့ညှာနေမယ့်အစား…

အင်းလေ…အန်တီမြမြစိုးတို့ သန္တာတို့ မမကြီးတို့ကိုဆို နိုင် မငဲ့ညှာ ချင်ပါဘူး…။ အခုကတော့ ကိုသက်လေးမေမေရဲ့ မျက်ရည်…။ နိုင် ဘယ်လိုမှ ဥပေက္ခာ မပြုရက်ဘူးလေ…။

"ကိုသက်လေးကို ကိုယ်ခေါ်လာပေးမယ်…"

"ဟင့်အင်း…ဟင့်အင်း…နေပါစေတော့ သည်လိုမျိုး…တစ်ခါ တစ်ခါနဲ့ ကိုသက်လေးကို တွေ့နေရရင် နိုင်တို့ ခွဲခွာနိုင်ဖို့ မဖြစ်နိုင်တော့ပါ ဘူးလေ…ကိုသက်လေး နေကောင်းမကောင်းဘဲ နိုင့်ကို စုံစမ်းပေးပါနော်"

"ကိုယ်…စုံစမ်းပေးပါ့မယ် နိုင်…"

"နိုင်…အန်တီတို့ရှိတဲ့ဆီကိုဘဲ သွားနေရမလား မသိပါဘူး…"

"ဘာလို့လဲ သည်ခြံမှာနေရတာ ဘာများမကောင်းတာရှိလဲ…"



"ကိုဇံကို နိုင် ခုလိုမျိုး ဒုက္ခပေးနေလို့ မကောင်းပါဘူးလေ…ဒေါ်လေး တို့ကိုလဲ နိုင် အားနာနေပါပြီ…နိုင် တကယ့်ကို ကိုသက်လေးနဲ့ဝေးတဲ့ဆီ ပြေးချင်မိခဲ့လို့ပါ…"

"ကိုသက် နေကောင်းမကောင်း ကိုယ် စုံစမ်းပေးပါ့မယ်…နိုင်သာ ကိုယ့်ကိုယ်ကို နေကောင်းအောင် ဂရုစိုက်…"

ကိုဇံပြန်သွားပြီးတော့ ဒေါ်လေးက ကော်ဖီတစ်ခွက်နှင့် ဆေးတိုက်ပါ တယ်။ မေမေ့ကို သတိရလိုက်တာ…မေမေရှိတုန်းက တကယ့်ကို အပူအပင် ကင်းတာ။ ဒါကြောင့်လည်း မေမေ့ကို အန်တီ အရမ်းသတိရပြီး တမ်းတခဲ့ တာနေမှာ…။

"နိုင် တစ်ရေးလောက်အိပ်လိုက်…ဒေါ်လေးလဲရှိနေတာ ဘာမှမတွေးဘဲ အိပ်…"

အိပ်ရမှာလား…

လူကပင်ပန်း နုံးချိနေသလိုနှင့် အိပ်ချင်နေပါတယ်။

ဒါပေမယ့် အိပ်ရမှာလည်း ကြောက်ရွံ့နေမိတာလား…။

အိပ်မက်ထဲမှာ…သမီးနှင့်တွေ့တာကတော့ ပျော်စရာပါ။ ဒါပေမယ့် သမီးဆီက ကိုသက်လေးကို ပြန်ခေါ်သွားမယ်ဆိုတော့ ကြေကွဲဝမ်းနည်းရ တယ်။ အဲလို အိပ်မက်ကိုလည်း မမက်ချင်တော့ပြန်ပါဘူး…။

နိုင် စိတ်ကူးလှလှလေးထဲမှာ ကိုသက်နှင့်အတူ သမီးလည်းရှိတယ်။ တကယ့်ပျော်ရွှင်စွာနေကြတဲ့ အိမ်ကလေးတစ်အိမ်ပါ။ ဒါပေမယ့် အခု အဲဒီလို ဖြစ်မလာပါလား။

ဖြစ်ချင်တာများက ဘယ်တုန်းက ဖြစ်လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ဘဝတုန်းကရောဖြစ်လား…။ အိပ်လေ…အိပ်ချင်နေပြီဘဲ။ အိပ်ရမှာ ကြောက်နေပေမယ့် မျက်လုံးတွေကို မဖွင့်ချင်…။ အိပ်မက်လို့ ချက်ချင်းသတိထားတဲ့ကြားက…ဘာလို့များ အိပ်ပျော်လိုက်ရင်ကို အဲသည့် အကြောင်းတွေဆီဘဲ ရောက်သွားရတယ်။

ဂါဝန်အနီလေးက ပြေးလွှန်းလွှားလွှန်း တရိပ်ရိပ်နှင့်ဆိုတော့ ခေါင်းတွေ တောင် မူးလာပြီ။

"ရပ်ပါဦး…ရပ်ပါဦး သမီးလေးရဲ့ ဘာလို့ သည်လောက်ပြေးနေရတာလဲ"

"ပျော်လို့ပေါ့ မေမေ…ပျော်လို့ပေါ့…"

"သမီးက ပျော်တယ် ဘာလို့လဲ…"

"ပျော်တာပေါ့…ဖေဖေနဲ့အတူ နေရတော့မယ်…"

"ဟင်"

"မေမေကရော သမီးတို့နဲ့အတူ မနေချင်ဘူးလား…ဟိုးအရင်တုန်းက သုံးယောက်အတူနေရသလို ဘယ်လောက်ပျော်ဖို့ကောင်းလဲ…အခုလည်း အတူနေကြမယ်လေ…"

"ဟင့်အင်း…မဟုတ်တာ ဖေဖေမေမေတို့ရှိရာ သမီးလာရမှာလေ။ ဘာလို့ဖေဖေ့ကို ပြန်ခေါ်ရမှာလည်း…မခေါ်ရပါဘူး…"

"ဖေဖေနဲ့ မေမေကကော သမီးကို ခေါ်လို့လား…သမီးတစ်ယောက်ထဲ ထားခဲ့ပြီးတော့ အခု သမီးတစ်ယောက်ထဲ မနေနိုင်ဘူး…မေမေလာမနေရင် ဖေဖေ့ကိုဘဲခေါ်မယ်…ဖေဖေကပြောတယ်…သမီးနဲ့ အတူနေမယ်တဲ့"

"မဟုတ်တာ…မဟုတ်တာ…ဖေဖေ့ကို မခေါ်ရဘူး…မခေါ်ရဘူး နော်…သမီးလေး…"

"ခေါ်မယ်…ခေါ်မယ်…"



"မခေါ်ရဘူး…မခေါ်ရဘူး…"

"ခေါ်မယ်…ခေါ်မယ်…"

"မခေါ်ရဘူး…မခေါ်ရဘူး…"

"ဟဲ့…ဟဲ့…နိုင် ကလေးမ…နိုင် သည်ကလေး ဘာလို့ အိပ်မက်ဆိုးတွေ မက်နေပါလိမ့်…"

အိပ်မက်ဆိုးတွေတဲ့…။

အိပ်မက်ဆိုးတွေ ဟုတ်လို့လား…။ တစ်ချိန်က အဲသည့် အိပ်မက်တွေဘဲ နိုင်မက်ချင်မိတယ်။ အိပ်မက်ထဲမှာ ကိုဇော်သက်ကို တွေ့ရတာ သမီးကိုတွေ့ရတာ အရမ်းပျော်ရွှင်ရတယ်။ အခုအချိန်ကြတော့လည်း အိပ်မက်ကို ကြောက်တယ်။

အိပ်မက်ထဲမှာများ သမီးနှင့်အတူ ကိုသက်လေးကို တွေ့လိုက်ရရင် နိုင် ဘယ်လောက် ကြေကွဲထိနိုက်ရမလဲ။

နိုင် အိပ်မက် မမက်ချင်တော့ဘူး…။

အဲသည့်အိပ်မက်တွေနှင့် အပြီးတိုင် ခွဲခွာချင်နေပါပြီ။ နိုင်ဘယ်ကိုသွားမှ အိပ်မက်တွေနှင့် ဝေးမှာလည်း။ မအိပ်ဘဲနေလို့ ရရင်တော့ ကောင်းသားလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



"နိုင်…အိပ်နေတာလား…ကလေး…နေမကောင်းဘူးလား…"

ဒေါ်လေးခေါ်သံ ကြားပါတယ်။ မအိပ်ပါဘူး။ ခုချိန်အိပ်ရမှာကို နိုင်ကြောက်လွန်းလို့ပါ။ အန်တီ့ဆီကို ဖုန်းဆက်ကြည့်တော့ နေ့ထွေးတို့အမေနှင့် ရိပ်သာဝင်နေတယ်တဲ့လေ…။ ကောင်းပါတယ်။ အန်တီလည်း သူ့ဘဝလေးမှာ သူနေတတ်ဖို့လိုပြီ…။

"နိုင်…နိုင့်ကိုတွေ့ချင်လို့တဲ့…နိုင်က နေမကောင်းဘူးလို့ မောင်ဝံ မပြောဘူးလားဟင်…"

နိုင့်ကိုတွေ့ချင်တာ ဘယ်သူလည်း။

အန်တီမြမြစိုးတို့ သမီးတို့များလား။

မတွေ့ချင်တော့ပါဘူး…စိတ်ရှုပ်စရာတွေကို နိုင် နောက်ထပ်မတွေ့ချင်တော့သလိုပါဘဲလေ…

"နိုင်…"

"ဟင်"



နိုင် မမျှော်လင့်ပါဘဲ ကိုသက်လေးမေမေကို တွေ့လိုက်ရတယ်ဆိုရင် အံ့သြရလွန်းပါပြီ။

"ဘာဖြစ်လို့လဲ…ဘာဖြစ်လို့လဲ…ကိုသက်လေး တစ်ခုခုဖြစ်နေတယ် မဟုတ်လား…ဘာဖြစ်လို့လဲ…"

"ကိုသက်လေး နေမကောင်းဘူး သက်ထားနိုင်…"

"နေမကောင်းဘူး"

နေမကောင်းဘူး နေမကောင်းဘူးတဲ့။ သမီးလေးရှိရာကို ကိုသက်ပြန်သွားတော့မှာလား။ သည်လိုလည်း မဖြစ်စေချင်ပါဘူး။ မေမေနဲ့အတူ နေရတော့မယ့် ပျော်တယ်ဆိုတဲ့ သမီးရဲ့ အိပ်မက်ထဲကစကားကို ပြန်လည်ကြားယောင်တော့ ရင်ထိတ်ပြီး နိုင် အရမ်းစိုးရိမ်မိပေါ့။ သမီးခေါ်ပေမယ့် ပြန်လိုက်မသွားပါနှင့်လား…။

"သား နေမကောင်းတော့မှ အန်တီ စိတ်ထိနိုက်ရတယ်…တကယ်တော့ သားကို အန်တီ တန်ဖိုးထား နားလည်ပေးရမှာ အန်တီ့အတွက် သားဟာ တစ်ဦးတည်းသော သား…သား ဘာမှမဖြစ်စေချင်ပါဘူး… သားစိတ်ချမ်းသာပြီး သားရှိနေမှ ဖြစ်မယ်ဆိုတာ အန်တီ သဘောပေါက်လာတယ်…ဒါကြောင့် သက်ထားနိုင်ကို လာခေါ်တာပါ…"

နိုင်လည်း ကိုသက်လေးကို သိပ်ပြီး တွေ့ချင်ပါတယ်။

ဒါပေမယ့် မခွဲခွာနိုင်လောက်အောင် ချစ်နေမိတာတွေ ပြန်ရင်လည်း ခွဲခွာနိုင်တော့မှာ မဟုတ်ပါဘူး။ ကိုသက်လေး မေမေ့ မျက်ရည်စက်ကို နိုင်လန့်တယ်။

"အန်တီ့ကို မငိုစေချင်လို့ လမ်းခွဲပေးခဲ့တဲ့ သက်ထားနိုင်တကို ဖတ်ရပါတယ်…အန်တီ စိတ်မကောင်းပါဘူး…သားကိုလည်း မောင်ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



လိုမျိုး နုက္ခဖြစ်သွားလေမလားလို့ စိတ်ပူမိလို့ပါ…ဒါပေမယ့် ဒါတွေက ကံတရားတွေပဲ…”

ကိုသက်လေး မေမေက နိုင့်ကို ခုလိုမျိုး ကြည်ဖြူလက်ခံပေးလိမ့်မယ်လို့ နိုင် မမျှော်လင့်ပါဘူး…။ စိတ်ထဲ ပျော်ရွှင်ရပေမယ့် ကြည်နူးမှုအပြည့်ကတော့ မရှိနိုင်သေးပါဘူးလေ။ ကိုသက်လေးများ တစ်ခုခု ဖြစ်သွားမလားဆိုတဲ့ ကြောက်ရွံ့စိတ်က ကြီးစိုးနေဆဲ။

“နိုင်လိုက်ခဲ့မယ်”

“နိုင် နေမကောင်းဘူးလေ”

“နိုင် နေကောင်းပါတယ် ဒေါ်လေး…ကိုသက်လေးရင်သာ နိုင့်ကို အနှောင့်အယှက်စီ လာခေါ်သွားတယ်လို့သာ ပြောပေးပါ”

ခုချိန် နိုင့်အတွက်နိုင် အရေးမကြီးတော့ပါဘူး။ ကိုသက်လေးနှင့်တွေ့ချင်တယ်။ နိုင်တို့ကသာ သမီးကို ကောင်းမွန်ရာနေရာ တစ်နေရာဆီ ခေါ်ယူရမှာပါ။ နိုင်တို့က ပြန်လိုက်သွားဖို့ဆိုတာ ဘယ်လိုမှ အဓိပ္ပာယ် မရှိဘူးလို့ပေါ့။

အရမ်းတွေချင်နေမိတယ်…။

ကိုသက်ကို တအားလွမ်းတာဘဲ…။

“ကိုသက်က ဘယ်မှာနေလို့လည်း…”

“သူနေမကောင်းမဖြစ်ခင် အမြန်ဆောက်လိုက်တဲ့ အိမ်မှာနေတယ်”

“ဟင်…သည်နေရာ…”

ကိုသက်မေမေ လိုက်ပို့ပေးတဲ့နေရာ…။ သည်နေရာပါလား။ နိုင် ထွက်လာတုန်းက မြေကွက်လပ်အဖြစ် ရှိနေခဲ့နေရာမှာ ဘယ်လိုများ ခုလို လှပပြီး ချစ်စဖွယ် အိမ်လေးတစ်အိမ်ကို ဆောက်လိုက်ပါလိမ့်…။



ညောင်မှတ်ဆိတ်ပင်ကြီးကလည်း ခြံထောင့်မှာ ခုလိုကြတော့ ငြိမ်ငြိမ်သက်သက်…။ မိုးလေတွေ မိုးမှုန်တွေ ရောက်လာရင်တော့ ပါးပျဉ်းနဲ့မြွေတွေ လှုပ်လှုပ်ခတ်ခတ်နှင့် ခုလို မတည်ငြိမ်တော့ပြန်ပါဘူး။

“ဟင်”

သည်အိမ်ကလေး…သည်အိမ်ကလေး…

ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း၊ ပြီးတော့ ပြီးတော့ နိုင့်မျက်ဝန်းများ ရွှေလျားနေတဲ့ အရိပ်တွေ…ဟိုးတစ်ချိန်ကအတိုင်း ရှိနေတဲ့ အပြင်အဆင်တွေ…။

“ကိုသက်လေး…ကိုသက်လေး…”

တွေ့ရပါပြီ…။

နိုင့်အတွက် တစ်သက်တစ်ချစ်လို့တောင် ပြောလို့ရမလား…

ဘယ်နှစ်သက်မှ များ တစ်ချစ်တည်း ချစ်ခဲ့ရတာပါလိမ့်…

“ခင်”

“ကိုသက်လေး…ကိုသက်လေး…နိုင်တို့ကသာ သမီးကို ပြန်ခေါ်သင့်တာလေ…နိုင်တို့က သမီးဆီကို ဘာမှ သွားစရာမရှိဘူး…”

“ခင်ဘာလို့ ထားရစ်ပြီး ထွက်သွားလဲ…ခင်မရှိရင် မောင်က တစ်ယောက်ထဲ နေရမလား…မနေချင်ပါဘူး…မောင့်ဘဝမှာ ခင်နဲ့သမီး ရှိနေစေချင်တာ ဟိုတုန်းကလိုပေါ့…ခင်တို့ရှေ့မှာ အမြဲရှိနေပေးချင်တယ်…ပြီးတော့ အဲသည့်အချစ်နဲ့ဘဲ မောင်တို့ သေအတူရှင်မကွာ နေခဲ့ကြတယ်မဟုတ်လေ…”

“အခု နိုင်ရှိနေပြီဘဲ…ရှိနေပြီလေ…”

“ထားပစ်ရက်တယ်…”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ . . . နိုင်တို့ ကိုသက်လေးမေမေ့ကို ရက်စက်လို့မှ မဖြစ်တာ . . ."

နိုင့်ကို ထားရစ်ခဲ့ရက်တယ်လို့ ကိုသက်လေး စိတ်ဆိုးနေတာလား။ နိုင်အတွေးခေါင်တာ မဟုတ်ဘူး . . . ဟိုးအရင်က အိမ်မက်တွေက သိခဲ့သလို နိုင်တို့မိဘတွေ မျက်ရည်စက်နှင့် တည်ဆောက်ခဲ့တဲ့ အိမ်ကလေးမှ နိုင်တို့ ပျော်ရွှင်သင့်သလောက် မပျော်ရွှင်ခဲ့ရတာလို့ ထင်နေတာကို။

"နိုင်လေ . . . ကိုသက်လေးနဲ့ ဟိုးအရင်ကလိုဘဲ အိမ်ကလေးတစ်အိမ်မှာ . . . သမီးလေးနဲ့အတူ ပျော်ရွှင်စွာ နေချင်ပါတယ်။ အဲဒီအိမ်ကလေးကို မိဘမျက်ရည်နဲ့တော့ မတည်ဆောက်ရဲတော့ဘူး . . . ဒါကြောင့်ပါ . . . ကိုသက်လေးကို မချစ်လို့ မဟုတ်ပါဘူး . . . ချစ်ပါတယ် . . . ဘဝအဆက်ဆက် တစ်ချစ်ဘဲ ချစ်တယ်လို့ဘဲ ယုံကြည်ပါတယ် . . ."

"တကယ်ချစ်တာလား . . ."

"တကယ်"

မဟုတ်လို့လား။ နှလုံးသားတွေက ကိုဇော်သက်ကို အမြင်မှာမှ လှပ်ရှားယိမ်းထိုးရင်း နိုင်ချစ်တတ်ခဲ့တာပါ . . .။ အိမ်ကလေးရဲ့ ဘယ်နေရာကို ကြည့်ကြည့် . . . နိုင်နေခဲ့ဘူးတဲ့ အိမ်ကလေးအစစ်လိုပါဘဲ . . .။

ပြူပေါင်းပေါက်ကကြည့်မှ မိုးတွေရွာလာတာပါလား . . .။ နိုင်ကြည့်မိတော့ မှန်ပြူတင်းမှ အပြင်ကို ပီပြင်စွာ မြင်ရတာပါ။ ညောင်မှတ်ဆိတ်ပင်ရဲ့ အမြစ်ပါးပျဉ်းတွေ ယိမ်းထိုးနေပြီ။

"နိုင်တို့ ဘယ်အကိုင်းမှာ နေခဲ့ကြသလဲ . . ."

"အဲလောက်ထိတော့ မောင်လဲ မမှတ်မိပါဘူး . . . ဒါပေမယ့် မောင်သိတတ်တဲ့ အအိပ်မက်တွေမှာတော့ အိမ်၊ သည်နေရာအားလုံးဟာ အခု



အတိုင်းပါဘဲလေ . . . ကိုယ့်ဆောင်းမှာလေ ခင်ရှိနေဖို့ အမြဲတွေးထားတာ . . ."

"ဟိုးရှေ့ကို အနားမှာအမြဲရှိပေးပါမယ် . . ."

ကိုသက်လေး ပြုံးနေလိုက်တာ . . . ငါ့နယ်နေ့ဝ် . . . ဘာလို့များ သူ့ရဲ့ နဖူးငယ်ရှယ်တဲ့ အလှကို မမြင်နိုင်ပါဘဲ ကိုဇော်သက်ကိုဘဲ မြင်နေရသလို ဘာလို့ ခံစားရပါလိမ့်။ သေချာတာ တစ်ခုကတော့ မာအမြဲအတူ ရှိနေကြမယ် လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းတွေ တိုက်နေတာပါလား။

မိုးတွေကလည်း သည်းလွန်းတယ်… မှိုင်းပြီးတော့ အလင်းရောင်လည်း မရှိပါလား… မိုးတွေကြောင့် ခံစားချက်ကလည်း ပြင်းထန်လွန်းသလို ချမ်းစိမ့်လွန်းနေတယ်…။ မြေကြီးလွှားကြီးနှင့် အရိပ်တွေက ဟိုသည် လှုးလာခေါက်တုံ့နှင်။

"ဖေဖေ…ဖေဖေ…သမီးနဲ့ နေပါဦး…"

"ဟင်…သမီးလေး"

ဂါဝန်အနီလေးကိုတောင် အရိပ်ကလေးတစ်ခုလို မြင်နေရတာပါလား။ ဒါပေမယ့် သေချာမြင်ရတယ်…။ ကိုသက်လေးလက်ကို အတင်းဆွဲခေါ်နေပြီ။ မရဘူးလေ…ပြောထားပြီးသားပါ…ပြန်မသွားရဘူး…ဒီသည်လို နေရတာ မကောင်းဘူး မပြန်ရဘူးလို့။

"ကိုသက်လေး မလိုက်ရဘူး…ခိုင်နဲ့ဘဲ နေရမှာလေ…"



ကိုသက်လေးလက်ကို ခိုင်ဆွဲထားမိပြီ…။ မသွားရပါဘူး ကိုသက်လေးရယ်…ခိုင်တို့ မခွဲမခွာ အတူနေမယ်လို့ ပြောပြီးပြီလေ။

"သမီး…ဖေဖေ့ကို ပြန်ခေါ်သွားလို့ မရဘူး…လာပါ…အရင်ကလိုဘဲ သုံးယောက်အတူ ပြန်နေကြမယ်…ဟိုးအရင်ကလိုလေ…"

"မနေဘူး…မနေဘူး…နေလို့မှမရတာ၊ ဖေဖေနဲ့ မေမေဘဲ ပြန်လာနေ…"

အနီရောင် အရိပ်ကလေးကို မမြင်ရတော့ပါဘူး။ ဝေပြီ…သမီးလေးနင်ဝေပြီ။ သမီးလေးက ဘယ်ကမ္ဘာဆီထိ ရောက်သွားပါလိမ့်။ ခိုင်တအားကို အကျယ်ကြီး အော်ငိုမိပါပေါ့။

"ခိုင်…ခိုင်…နိုးလာ။ ဘာလို့ငိုနေတာလဲ ဇော်မော်သက်လဲ သက်သာပါတယ်…ဘာလို့လဲ…ဘာလဲ အိပ်မက်တွေ မက်ပြန်ပြီလား…"

"မမနီ…ခိုင့်ကို သမီးလေးက မုန်းသွားပြီ…ပြီးတော့ ဘယ်ရောက်သွားပြီလဲ မသိဘူး…ခိုင်တို့ဆီကို ပြန်မလာနိုင်တော့ဘူး ထင်ပါတယ်…"

အပြင်မှာတော့ လေတိုက်နေသလိုဘဲလား။

မိုးပေါက်ကျသံက အနည်းငယ်ဘဲရှိပါတယ်။

"ခုနကလေ လေတွေမိုးတွေ အရမ်းကျတာဘဲ ခိုင်…မုန်တိုင်းရှိတယ် ထင်တယ်…ခိုင်မနိုးခင်ကဆို သွပ်မိုးတွေတောင် ခါနေတယ်…"

"ကိုသက်လေး နေကောင်းရဲ့လား…"

ဒါပေမယ့် ခိုင် သိနေခဲ့ပြီးသားဘဲလေ…

သမီးအတွက် စိတ်ထိခိုက် ကြေကွဲရတာကတခြား ကိုသက်လေးကို ခိုင်အတင်းဆွဲခေါ်ထားနိုင်ခဲ့လို့ စိတ်ချမ်းသာရတာက တစ်ပိုင်းဘဲ မဟုတ်လား…။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရဲ့ အနီရောင်အရိပ်ကလေးက အဝေးကြီးကို လွင့်သွားပြီး နိုင်တို့ဆီ ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးလား မသိ။ နိုင့်ကို မှန်းတယ်တဲ့။ နိုင့်ကိုမုန်းလို့များ အဝေးကြီးကို ထွက်ခွာသွားတာ ထင်ပါရဲ့လေ။

* * *

BURMESE CLASSIC .com



မှန်တိုင်းရဲ့ အရှိန်နှင့် သစ်ကိုင်းတွေ ကျိုးကျနေသလို ညောင်ကိုင်းကြီး တစ်ကိုင်း ပြုတ်ကျနေတာကို တွေ့ရတဲ့အခါ ကိုသက်လေး မမြင်ရအောင် နိုင် သက်ပြင်းချမိပါတယ်။ စိတ်မကောင်းစရာတွေကို နိုင့်ရင်ထဲမှာ ထားလိုက်ပါတော့မယ်။

"ဟိုးအဝေးကြီးကို ထွက်သွားပြီဆိုပေမယ့် တစ်နေ့တော့ မောင်တို့ဆီ ပြန်ရောက်လာနိုင်ဦးမှာပါ...စိတ်မကောင်း မဖြစ်ပါနဲ့..."

"ဟင်"

နိုင့်ရင်ထဲက စိတ်ထိခိုက်ကြေကွဲရခြင်းကို ကိုသက်လေးသိတယ်လား။ နိုင်တို့နှစ်ယောက်က မပြောဘဲလည်း ရင်ထဲဘာဖြစ်ကြတယ်ဆိုတာ သိကြတယ်လား။ နိုင်တို့ရဲ့ အိမ်ကလေးက ခုတော့ အေးချမ်းနေသလိုပါဘဲ...။ ခြံလေးထဲမှာတော့ သစ်ရွက်ကြွေ သစ်ကိုင်းကျိုးတွေနှင့် အနည်းငယ် ရှုပ်ပွနေပါတယ်။

"ကိုသက်လေး နိုင်တို့ ဟိုးတစ်ချိန်ကလို မကောင်းတဲ့ဘဝထဲ ပြန်မသွား

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ကြိုးစားကြမယ်နော်…”

“အင်းပေါ့…”

“ပြီးတော့ ဘယ်ရောက်သွားမှန်းမသိတဲ့ သမီးလေးကိုလည်း ကောင်းတဲ့ ဆီရောက်အောင် ကုသိုလ်တွေ အများကြီး ပြုပေးရဦးမှာ…”

“မောင့်ဘဝထဲ ခင်ပြန်ရောက်လာလို့ သိပ်ဝမ်းသာပါတယ်…”

“နှင့်ကို နှင်လို့ဘဲ ခေါ်ပါလား… အိပ်မက်ထဲက ဘဝတစ်ခုကို သင်ခန်းစာယူရုံ သတိတရဖြစ်ပြီးရင် နှင်တို့ လက်ရှိကြိုးစားရမှာ အခုပစ္စုပ္ပန်ဘဲလေ မောင်နဲ့နှင် အခုပစ္စုပ္ပန်မှာဘဲ ကောင်းတာတွေအများကြီးဖြစ်အောင် ကြိုးစာနေရမှာ…”

နှင်တို့တွေက အစွဲအလန်းထဲကတော့ ရုတ်တရက် ဘယ်ရုန်းထွက်နိုင်ပါဦးမလဲ။ ဒါကြောင့်လည်း အခုနေရာလေးကိုတောင် ပြန်ရောက်ခဲ့တာလေ။ အိပ်မက်ကတစ်ဆင့် မက်မောတွယ်တာနေဆဲ ဖြစ်ခဲ့ကြတာ။

“အခု မောင့်ကို လက်ထပ်မှာပေါ့ ဟုတ်လား…”

“ဒါပေါ့… အမေ့မျက်ရည်စက်မပါတဲ့ အိမ်ကလေးတစ်အိမ်မှသာ ပျော်ရွှင်ချမ်းမြေ့မှု အတိရမယ်လို့ နှင် ယုံကြည်တာကိုး…”

ကိုသက်လေး နေကောင်းသွားပြီမို့ နှင်တို့ကို လက်ထပ်ခွင့်ပေးလိုက်ပြီလေ။ ကိုငံကတော့ နှင်ပျော်ရွှင်ရင် သူပျော်ရွှင်တာပါဘဲတဲ့။ နှင့်ဘဝမှာ အဲလိုမျိုး ကျေးဇူးတင်ရကောင်းတဲ့ မိတ်ဆွေစစ်တွေလည်း ရှိခဲ့တာပါလား။

“ကိုသက်ရဲ့ ဆွေမျိုးတွေကကော နှင်တို့လက်ထပ်မယ်ဆို… စိတ်ဆိုးမယ် ထင်ပါရဲ့…”

“အစကတော့ စိတ်ဆိုးချင် ဆိုးမှာပေါ့… ဒါပေမယ့် ဖေဖေနဲ့ မေမေက ရှင်းပြပေးလိမ့်မယ်လေ… မေမေကတော့ ပြောပါတယ်… ခုဘလေးနေရာတဲ့



ဘဝရဲ့ အချိန်ပိုင်းလေးအတွင်း စိတ်ချမ်းသာအောင်နေတဲ့ မိသားစုဆိုတာ တစ်ယောက်စိတ်ဆင်းရဲနေရင် ကျန်တဲ့လူတွေလဲ မပျော်ရွှင်နိုင်တော့ဘူး တဲ့…”

နှင်တို့ သိပ်မကြာခင် လက်ထပ်ကြတော့မယ်လေ။ ကိုသက်လေးကတော့ ခုနေတဲ့နေရာလေးမှာ တစ်ခါတလေနေပြီး တစ်ခါတစ်ရံမှာတော့ သူ့ဖေဖေနှင့် အလုပ်သွားလုပ်သင့် လုပ်ရမှာတဲ့။ နှင်ကလည်း ကိုသက်ရှိတဲ့နေရာမှာ ပျော်ရွှင်ချမ်းမြေ့သာယာစွာ ရှိနေပေးရမှာပါဘဲ။

“အိမ်တက်ခွင်းကျွေးတဲ့နေက ညောင်ပင်ကြီးမှာရှိတဲ့ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကုသိုလ်ကောင်းမှုအတွက် အမျှဝေပေးခဲ့တယ်။ ဒါကြောင့်လည်း သူတို့သွားနိုင်တဲ့ နေရာတွေကို သွားကြရတာ ထင်ပါရဲ့…”

“သူတို့ အကောင်းဆုံးဘဝကို ရစေချင်တယ်…”

“ဒါကတော့ သူတို့ရဲ့ ကံအတိုင်းပေါ့လေ…။ ကိုယ်က ပေးချင်တိုင်းလဲ ရချင်မှ ရကြတာ… ကိုယ်ပြုတဲ့ကံဘဲ ကိုယ်ရကြတာ မဟုတ်လား”

ခုချိန်တော့ မိုးရိပ်လည်းမရှိ နေခြည်နုနုလေးပဲ ရှိပါတယ်။ လေကလည်း လေပြည်လေးပဲ ရှိနေတယ်လေ။

“ညကတော့ တအားမိုးရွာ တအားလေပြင်းခဲ့တာ၊ ခုတော့လည်း သူ မဟုတ်တဲ့ အတိုင်း…”

“အဲဒါလဲ ဘဝနဲ့တူတာဘဲပေါ့… ဆင်းရဲပင်ပန်းခြင်းနဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်းက အမြဲနှန်တွဲနေဦးမှာဘဲလေ… ဘဝမှာ ဘယ်လိုအခြေအနေတွေ့တွေ့ ပေးမရင်ဆိုင်ကြရမှာ…”

နှစ်ယောက်စလုံးက တခြားစကားတွေ ဟိုပြောဒီပြော ပြောနေပေမယ့် သမီးလေးအကြောင်းတော့ မပြောမိအောင် နေခဲ့ကြတယ်။ ပြောမိရင် စိတ်မ

www.burmeseclassic.com



နိုက်ရခြင်းတွေက ရင်နှင့်အပြည့်ရှိနေတာ။ ပြန်ဆုံဖို့ဆိုတာ လွယ်ကူတဲ့ အလုပ်မှ မဟုတ်တဲ့။

“ကိုသက်လေး နိုင်တို့ အမြဲသတိရရမှာက ခုလိုမျိုးချစ်ရလို့ မလွယ်ဘူး လေ။ ဒါကြောင့် တစ်ယောက်တစ်ယောက် ပေးမယုံကြည်ရင်း ချစ်နိုင်သည် ထက် ပိုချစ်မယ်...”

ချက်ချင်းလိုလို နေခြည်နုနုကွယ်ပျောက်ပြီး မိုးတွေ ပြန်အုံ့လာပြန်တယ်။ အပြောင်းအလဲတွေက ခုလိုမျိုး ပြင်းထန်လွန်းတဲ့ ဘဝခရီးရှည်ကြီးဘဲ မဟုတ်လား...။ လေခပ်ပြင်းပြင်းမှာ ကြွေကျပြီးတဲ့ ညောင်ရွက်ကြွေတွေက ဟိုသည်ရွေ့လျားသွားတယ်...။ ဒါပေမယ့် ရေစိုနေတဲ့ မြေပြင်ကြောင့် ဝေးဝေးလည်း မလွင့်သွားနိုင်ပါဘူး။

“နောင်ဘဝ နောင်ဘဝတွေမှာလဲ နိုင်နဲ့ဘဲ မောင် ဆုံစည်းချင်ပါတယ်”

“နှစ်ယောက်အတူတူ ကုသိုလ်ကောင်းမှုတွေလုပ်ရင် ဆုံရဦးမယ်ဆိုတာ နိုင် ယုံကြည်ပြီးသားပါ...ဒါပေမယ့် နိုင် အမှန်အတိုင်းပြောရရင် ကျန်ခဲ့တဲ့ ဘဝကို သတိမရချင်တော့ဘူး...ခုဘဝမှာတောင် တွယ်တာရတဲ့ သံယောဇဉ် က များရတဲ့အထဲ နောက်ဘဝပါ မှတ်မိတဲ့လူဆိုတာ သံယောဇဉ်နွံမှာ ပိုနစ် ရသလိုပါဘဲ...”

ဟုတ်တယ် မဟုတ်လား။

နိုင့်လို သံယောဇဉ်ကြီးတဲ့လူ။ တကယ်ပိုမောရပါတယ်။ ကိုသက်လေး ကတော့ ပြောပြန်တယ်။ သူကတော့ အဲလိုမျိုး သတိရတာကို ပိုကြိုက်တယ် တဲ့။ သည်နေရာမှာတော့ နိုင်နှင့်သူ အတွေးမတူကြပါလား။

“သမီးလေးကို မှတ်မိလို့လည်း သူ့အတွက် ကုသိုလ်ကောင်းမှုတွေ ပိုလုပ်ပေးနိုင်တယ်...နောက်ဆုံး အဲသည့် ညောင်ပင်ကိုင်းတွေမှာနေတဲ့



ဘဝကို မှတ်မိလို့လည်း သူတို့အတွက်တောင် ကုသိုလ်တွေ ပြုပေးနိုင် တယ်...ကိုယ်က သူတို့အတွက် ကောင်းတာတွေ လုပ်ပေးနိုင်တာ မကောင်း လို့လား နိုင်ရယ် မောင်ကတော့ ကြိုက်တယ်...”

သူ့အတွေးကလည်း သူပြောသလိုဆို ဟုတ်နေတာပါဘဲလား။

ဒါပေမယ့် နိုင်ကတော့ သံယောဇဉ်ရဲ့ ပူပန်ရခြင်းတွေကို ကြောက်တဲ့ လူလေ။ များများမမှတ်မိလေ များများအေးချမ်းလေလို့ ထင်နေပြန်တယ်။

“အဲသည့် ကိုးသွားတဲ့ ညောင်ပင်ကိုင်းမှာ နိုင်တို့နေခဲ့ကြတာ ထင်ပါ ရဲ့...ခုလိုမျိုး ပြန်မသွားရအောင် မကောင်းတဲ့ဘဝကို ကြောက်ရွံ့တတ် အောင် သတိပြန်ရတာကတော့ မဆိုးလှပါဘူး...”

“ကောင်းတာလေးတွေနဲ့ဘဲ ဖြေတွေးရင်း သံယောဇဉ် အမှုထဲမှာလဲ သိပ်မမောဘူးပေါ့ နိုင်...ပေးမတွဲခေါ်မယ့် သည်လက်တွေ ရှိပါတယ်... ယုံကြည်ထား...”

မိုးလေပြင်းပြင်းကြောင့် ပြတင်းပေါက်ကို ပိတ်လိုက်တယ်။ အခန်းထဲ မှာတော့ နွေးထွေးနေတာပါလား။ ဘာတွေကို မှတ်မိသည်ဖြစ်စေ မမှတ်မိ သည်ဖြစ်စေ ပစ္စုပ္ပန်မှာတော့ နိုင်တို့ ကောင်းတဲ့ဘဝလေးမှာ ရှိနေကြပြီ ပဲ...။

ကျန်ခဲ့တဲ့ အိပ်မက်က အတိတ်တွေကို သတိရမိရင်း ဟိုး...အနာဂတ် မှာတော့ အကောင်းဆုံးနေရာလေးတွေဆီကို မျှော်မှန်းရင်း...မျှော်လင့် ရင်း...ကောင်းတာတွေကိုသာ ပြုလုပ်ပြောဆို ကြံစည်ရင်း...နေသွားကြ ဦးမှာဘဲ မဟုတ်လား...

သုန္ဒရီသက်ဝေ

www.burmeseclassic.com